# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-1-2016) (၈၄၄၄)


**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စနစ်တကျလွှဲပြောင်းနိုင်ရေး အထူးအရေးပါ

နေပြည်တော် ဇန်နဝါရီ ၁၂

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

ဒီကနေ့ဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့သမိုင်းမှာ အင်မတန်ထူးခြားတဲ့ နေ့တစ်နေ့အဖြစ် မှတ်တမ်းဝင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ နောင်တစ်ချိန်မှာ ဂုဏ်ယူဝင့်ကြွားစွာ ပြန်ပြောင်းပြောဆိုကြရမယ့် သမိုင်းသစ်ကို အတူတကွရေးသားဖို့ ဒီနေရာကို စုရုံးရောက်ရှိလာကြပါတယ်။ ဒါဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ စုစည်းနိုင်ခဲ့တဲ့ အကြီးမားဆုံးသော တိုင်းပြုပြည်ပြုကိစ္စကြီးတစ်ရပ်ကို အစပြုလိုက်ခြင်းလည်းဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော်တို့အားလုံးအနေနဲ့ ဒီညီလာခံကြီးပေါ်ပေါက်လာရတဲ့ အကြောင်းအရင်းကို လက်တွေ့ကျကျနဲ့ မှန်မှန်ကန်ကန် ပြန်ပြောင်းကြည့်ရှုကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူတဲ့အချိန်ကစပြီး နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများအတွက် တွေ့ဆုံညှိနှိုင်းအဖြေရှာရေး လက်နက်ကိုင်အဖွဲ့အစည်းများထံ ငြိမ်းချမ်းရေး စတင်ဖိတ်ခေါ်ခဲ့ပါတယ်။

ဒီနေရာမှာနောက်ခံသမိုင်းတွေ၊ နိုင်ငံရေးရပ်တည်ချက်တွေ၊ လိုလားချက်တွေအရ မတူညီကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးအနေနဲ့ တူညီစွာတောင်းဆိုခဲ့ကြတဲ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှုသမိုင်းတစ်လျှောက် မည်သည့်အခါကမှ မရရှိဖူးခဲ့သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ပွင့်လင်းလွတ်လပ်မှုများအား အခြေခံပြီး ယနေ့ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC – 2) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)




**ကြေးမုံ စာတည်းရှုထောင့်** **၁၃-၁-၂၀၁၆၊ ဗုဒ္ဓဟူးနေ့**

# တိုင်းပြည်ရေရှည်အကျိုးကိုဖော်ဆောင်

ယနေ့သည် မြန်မာနိုင်ငံအတွက် ထူးခြားပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြေရှင်းမရနိုင်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ကြီးမားသည့်အောင်မြင်မှုကြီး ဆက်လက်ဖော်ဆောင်နိုင်မည့်နေ့ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားရမည့် သမိုင်းဝင်နေ့တစ်နေ့လည်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အကြီးမားဆုံးစုစည်းနိုင်ခဲ့သည့် တိုင်းပြုပြည်ပြုဆောင်ရွက်မှုလည်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲနိုင်ရန် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းနှင့်အဖြေရှာနိုင်မည့် ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်လိုက်ခြင်းလည်းဖြစ်သည်။

ထိုကဲ့သို့ဖြစ်ပေါ်လာရန်အတွက် အခက်အခဲများစွာ၊ အချိန်များစွာကျော်ဖြတ်ခဲ့ရသေးသည်။ ဒီမိုကရေစီအစိုးရသစ် နိုင်ငံ့တာဝန်စတင်ယူသည့်အချိန်မှစတင်၍ နှစ်ပေါင်းများစွာ မဖြေရှင်းနိုင်ခဲ့သော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေမည့် ညှိနှိုင်းအဖြေရှာနိုင်ရေးလုပ်ငန်းစဉ်ဖြင့် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးအား ငြိမ်းချမ်းရေးခရီးအတွက် ဖိတ်ခေါ်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးရပ်တည်ချက်၊ လိုလားချက်၊ နောက်ခံသမိုင်းကြောင်းများ မတူညီကြသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲစေရန် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် အဖြေရှာကြလိုသည့် တူညီသောဆန္ဒများရှိကြသည်။ ထိုဆန္ဒနှင့်အညီ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ရသည်။

ထို့နောက် လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ လက်မှတ်ရေးထိုးခဲ့သည့်အနှစ်သာရတွင် လက်မှတ်မရေးထိုးနိုင်သေးသော အဖွဲ့များရှိသော်လည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ဆွေးနွေးဖက် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်၍ အားလုံးအတွက် သမိုင်းဝင်ပေသည်။

စာချုပ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်များထက် ကျော်လွန်သည့် နိုင်ငံရေးသဘောတူညီချက်များကိုလည်း ထည့်သွင်းချုပ်ဆိုထားသည်။ အဓိကအချက်မှာ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းအဖြေရှာရေးနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ထူထောင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြစ်သည်။

ယခုတစ်ဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့မှုသမိုင်းတစ်လျှောက်တွင် မည်သည့်အခါမျှမရရှိခဲ့ဖူးသည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ပွင့်လင်းမြင်သာလွတ်လပ်မှုကိုအခြေခံသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို နေပြည်တော်တွင် ငါးရက်တိုင်တိုင် ညှိနှိုင်းဆွေးနွေးနေခြင်းသည် ထူးခြားသည့်အသွင်လက္ခဏာပင်ဖြစ်သည်။

ပို၍ထူးခြားသည်မှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်အရ ပေါ်ပေါက်လာမည့်အစိုးရသစ်ထံ အစိုးရတာဝန်များကို လွှဲပြောင်းပေးအပ်မည့် လုပ်ငန်းစဉ်များတွင် အရေးအကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ်ကို နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကိုရည်မျှော်ကာ လက်ဆင့်ကမ်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နောင်တာဝန်ယူမည့်အစိုးရသစ်ကို လွှဲပြောင်းပေးနိုင်ရေးသည် အထူးအရေးကြီးပေသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှ ပေါ်ထွက်လာမည့် ရလဒ်ကောင်းများသည် အနာဂတ်မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော အသီးအပွင့်များဖြစ်၍ ယခုတက်ရောက်ဆွေးနွေးနေကြသော အဖွဲ့အစည်းများအားလုံး တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုအပြည့်အဝဖြင့် ညီညီညွတ်ညွတ်စုစည်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။



## နိုင်ငံခြားခရီးသွားများဖြင့်စည်ကားနေသော မင်းကွန်းဒေသ

**မြင်းမူ ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများတွင် အထင်ရှားဆုံးနှင့် အစည်ကားဆုံးဒေသများအနက် မင်းကွန်းဒေသသည် နိုင်ငံခြားသားများ စိတ်ဝင်စားသောနေရာတစ်ခုဖြစ်ခဲ့သည်။

ခြင်္သေ့ကြီး၊ ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ ရေကန်ကြီး စသော ကြီးလေးကြီးနှင့် မြသိန်းတန်စေတီတို့သည် သမိုင်းမှတ်တမ်းများဖြစ်ခဲ့သည်။ ၎င်းမှတ်တမ်းများထက် မြန်မာ့လက်ရာဖြစ်သော ပန်းချီအရောင်းဆိုင်များ၊ ဒေသထွက်လက်မှုလုပ်ငန်းပစ္စည်းဆိုင်များကိုလည်း အမှတ်တရအဖြစ် ဝယ်ယူအားပေးအသုံးပြုကြသည်။

ပုံတွင်ပါရှိသည့်အတိုင်း နိုင်ငံခြားသားများသည် မင်းကွန်းဒေသထွက် ဝါးခမောက်များကို နှစ်သက်စွာဝယ်ယူပြီး မြတ်မြတ်နိုးနိုးအသုံးပြုကာ ပျော်ရွှင်ကြည်နူးနေကြသည်ကို တွေ့မြင်ရသည်။

ထို့ကြောင့် မင်းကွန်းဒေသအရောင်းဆိုင်များသည် အရောင်းအဝယ်ကောင်း၍ ဝင်ငွေအဆင်ပြေကြကြောင်း သိရသည်။

**(၆၂၄)**

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်(ရွှေစျေး) ၇၅၃၀၀၀ - ၇၅၃၀၀၀ မန္တလေး(ရွှေစျေး) ၇၅၂၅၀၀ - ၇၅၂၅၀၀

| စက်သုံးဆီစျေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၇၀/၆၁၀ ကျပ်၊ | ၆၃၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၈၂၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၀/၆၃၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၄၅၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၈၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၄၃၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၀၁.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇.၇၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈.၂၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၄.၁၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)၌ ကျွမ်းကျင်မှုအခြေပြုဂဟေဆက်သင်တန်းဖွင့်

**မန္တလေး ဇန်နဝါရီ ၁၂**

ဂျပန်နိုင်ငံရန်ပုံငွေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အားလုံးအကျုံးဝင်ဖွံ့ဖြိုးမှုအတွက် ကျွမ်းကျင်မှုများတိုးတက်ရေး ရှေ့ပြေးစီမံချက်အရ စက်မှုဝန်ကြီးဌာနသည် ကျွမ်းကျင်မှုအခြေပြုနည်းပညာနှင့် သက်မွေးပညာကာလတိုသင်တန်းများကို ပညာရေးအခွင့်မသာသည့် လူငယ်များအတွက် ဂဟေဆက်သင်တန်း၊ ဓာတ်ငွေ့ဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း၊ လယ်ယာသုံး စက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်း သင်တန်းတို့အား အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် အမှတ်(၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့တွင် ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ ကျွမ်းကျင်မှုအခြေပြု ဂဟေဆက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပခဲ့သည်။

သင်တန်းကို ဇန်နဝါရီ ၁၁ ရက်မှ ဧပြီ ၉ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်ကြားမှု ပိုမိုထိရောက်စေရန် သင်တန်းအမျိုးအစားအလိုက် (၁)ကြိမ်လျှင် သင်တန်းသား ၁၂ ဦးကိုသာ သင်ကြားမည်ဖြစ်ကာ ဘာသာရပ် လေးမျိုးအတွက် သင်တန်း (၆)ကြိမ်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် မြန်မာကျပ်ငွေ ၁၂၄ ဒသမ ၀၉၄ သန်း တန်ဖိုးရှိ စက်ပစ္စည်းများကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ထောက်ပံ့ပေးပြီး Welding Booth များ တည်ဆောက်ခြင်းနှင့် လျှပ်စစ်သွယ်တန်းခြင်းတို့အတွက် ငွေကျပ် ၃၅ ဒသမ ၈၉၅ သန်းအား စက်မှုဝန်ကြီးဌာနမှ ပံ့ပိုးထားကြောင်း သိရသည်။

အဆိုပါ သင်တန်းများသို့ တက်ရောက်ကြမည့် သင်တန်းသားများအတွက် သင်တန်းကြေး၊ သင်တန်းသားဝတ်စုံ၊ နေထိုင်စရိတ်အားလုံး အခမဲ့ဖြစ်ပြီး သင်တန်းဆင်းများအတွက် အလုပ်အကိုင်ရရှိရေးကိုပါ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

အလားတူ သင်တန်းအား အမှတ်(၄)စက်မှု သင်တန်းကျောင်း (ပခုက္ကူ)၌ ဇန်နဝါရီ ၁၂ ရက်တွင် သင်တန်းသား ၁၂ ဦးဖြင့် ဖွင့်လှစ်ကြောင်း သိရသည်။

**(ကြေးမုံ)**




## အခြေခံဂဟေဆက်ခြင်း သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ ဂဟေဆက်ခြင်းသင်တန်းကို ဇန်နဝါရီ ၁၁ ရက်က နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်သည်။

**(ရွှေရဲရင့်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**○ ရှေ့ဖုံးမှ**

အဓိကအချက်တွေ ရှိပါတယ်။ ဒါကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲဖို့နဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့အတွက်ပဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးတဲ့ အခြေအနေကနေ အဖွဲ့အစည်းအားလုံးအတူတကွ ပါဝင်ဆွေးနွေးနိုင်မယ့် ဖြစ်စဉ်တစ်ရပ်ကို တည်ဆောက်ခဲ့ပါတယ်။ ဒီလိုဖြစ်စဉ်တစ်ရပ်ကို အခိုင်အမာ တည်ဆောက်နိုင်တာကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု သမိုင်းတစ်လျှောက်မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအကြားမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တစ်ခုကို ရရှိလာခဲ့ပါတယ်။

ပါဝင်လက်မှတ်ထိုးတဲ့အဖွဲ့တွေနဲ့ လက်မှတ်မထိုးနိုင်သေးတဲ့ အဖွဲ့တွေရှိသော်လည်း ဒီသဘောတူစာချုပ်ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ ဆွေးနွေးဖက် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး သဘောတူရေးဆွဲခဲ့တဲ့စာချုပ်ဖြစ်ပါတယ်။

စာချုပ်အရ အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်တွေကို ဆက်တိုက်အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ပွဲများကို ထိရောက်စွာကြိုတင်ကာကွယ်နိုင်ဖို့၊ ရပ်တန့်နိုင်ဖို့နဲ့ ဖြေရှင်းနိုင်ဖို့အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနဲ့ TOR များကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါတယ်။

သို့သော်လည်း လွတ်လပ်ရေးရပြီးတည်းကပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများရဲ့ ဇာစ်မြစ်ပြဿနာတွေကို နိုင်ငံရေးအရဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့အခါမှာတော့ လက်နက်ကိုင်တပ်ဖွဲ့များသာမက သက်ဆိုင်ရာနိုင်ငံရေးအင်အားစုတွေနဲ့ လူထုအဖွဲ့အစည်းတွေပါ ကိုယ်စားပြုဆွေးနွေးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မှာ အပစ်အခတ်ရပ်စဲရေးထက် ကျော်လွန်တဲ့ နိုင်ငံရေးသဘောတူညီချက်တွေကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့ပါတယ်။

အဓိကအချက်အနေနဲ့ကတော့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနဲ့ညှိနှိုင်းအဖြေရှာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ထူထောင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ဖို့ပဲဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပရခြင်းဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အခြေခံပြီး စာချုပ်ပါအချိန်ဇယားအတိုင်း နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှုသမိုင်းတစ်လျှောက် ဘယ်တုန်းကမှ မရရှိဖူးခဲ့တဲ့ နိုင်ငံရေးတည်ငြိမ်မှုနဲ့ပွင့်လင်းလွတ်လပ်မှုတွေကိုအခြေခံပြီး ဒီကနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကိုကျင်းပနိုင်မှာ ဖြစ်ပါတယ်။

အခုလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပနိုင်ခြင်းဟာ နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ခုကို စနစ်တကျစတင်နိုင်ပြီး တည်ငြိမ်တဲ့အရွေ့တစ်ခုပေါ်ပေါက်ရေးကို စီမံခန့်ခွဲနိုင်ခြင်းရဲ့ အကျိုးရလဒ်တစ်ခုအဖြစ်လည်း ရှုမြင်ကြရမှာဖြစ်ပါတယ်။

ပြည်ထောင်စုညီလာခံကို စတင်ခေါ်ယူကျင်းပရခြင်းဟာ ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲရလဒ်အရပေါ်ပေါက်လာမယ့် အစိုးရသစ်ထံ အစိုးရတာဝန်များကို လွှဲပြောင်းပေးတဲ့ကိစ္စတွေထဲမှာ အရေးအကြီးဆုံးလုပ်ငန်းစဉ်တစ်ခုကိုဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရသစ်ထံ စနစ်တကျလွှဲပြောင်းနိုင်ရေးအတွက် အထူးအရေးပါလှတဲ့ ဆောင်ရွက်ချက်တစ်ခုလည်းဖြစ်ပါတယ်။

ဒီညီလာခံဟာ ကာလအပိုင်းအခြားတစ်ခုအနေနဲ့ဆောင်ရွက်တဲ့ အခမ်းအနားတစ်ခုမဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ဖြစ်စဉ်တစ်ခုအစပျိုးခြင်းသာ ဖြစ်ပါတယ်။ ဆွေးနွေးရမယ့်ကိစ္စရပ်တွေ၊ ပါဝင်ဆွေးနွေးမယ့်သူတွေနဲ့ ကိုယ်စားပြုမှုတွေဟာလည်း ညီလာခံကြီးရဲ့ဖြစ်စဉ်တစ်လျှောက်မှာ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရမယ့်ကိစ္စရပ်များ ဖြစ်ပါတယ်။

ဒီညီလာခံကအစပြုပြီး နိုင်ငံရေးဆွေးနွေးမှုများကနေ နိုင်ငံရေးအင်အားစုများအကြားမှာ ရရှိလာမယ့် အပြန်အလှန်ယုံကြည်မှုတွေကလည်း နိုင်ငံရေးဖြစ်စဉ်ကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒီညီလာခံကြီးကနေစပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများဆိုတဲ့ အကြောင်းအရာတွေကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်များအတိုင်း ဆွေးနွေးကြမှာဖြစ်ပါတယ်။

ဒီငြိမ်းချမ်းရေးညီလာခံကြီးဟာ အစိုးရသစ်ထံတာဝန်လွှဲပြောင်းမှု ချောမွေ့စေရေးအတွက်ရော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ပါအချိန်ဇယားအတိုင်း အကောင်အထည်ဖော်ရေးအတွက်ပါ စတင်ရတာဖြစ်ပါတယ်။

အချိန်မီစတင်ရတာဖြစ်တဲ့အပြင် ဒီကနေ့ဆွေးနွေးကြမယ့် ကဏ္ဍကြီး (၅)ရပ်ဟာလည်း အလွန်ကျယ်ပြန့်တာဖြစ်တဲ့အတွက် ဒီငါးရက်တာကာလအတွင်းမှာ ဆုံးဖြတ်ချက်တွေချမှတ်ခြင်းမပြုဘဲ ဆွေးနွေးမှုတွေကိုစုစည်းမှာဖြစ်ပါတယ်။ ဒီလိုစုစည်းပြီး နောက်ညီလာခံကို သယ်ဆောင်သွားကြဖို့ဖြစ်ပါတယ်။

ဒါကြောင့် နောက်အစိုးရသစ်လက်ထက်မှာကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံအုတ်မြစ်ကောင်းချမှတ်ခြင်း ဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

အစိုးရသစ်လက်ထက်ပေါ်ပေါက်လာမယ့်ညီလာခံမှာ ရလဒ်ကောင်းများထွက်ပေါ်လာရေးအတွက် ဒီကနေ့ဆွေးနွေးမှုများကို အကောင်းဆုံးစုစည်းနိုင်ခြင်းအပေါ်မှာ မူတည်မယ်ဆိုတာကိုလည်း သတိပြုကြစေလိုပါတယ်။

ဒီညီလာခံကြီးမှာ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ဆွေးနွေးဖက်အဖွဲ့အစည်းအသီးသီးရဲ့ မတူညီတဲ့ သမိုင်းကြောင်းတွေ၊ နိုင်ငံရေးရပ်တည်ချက်တွေနဲ့ လိုလားချက်တွေကို အပြန်အလှန်နားလည်သိရှိဖို့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုဆွေးနွေးအဖြေရှာတဲ့အခါမှာ အဖွဲ့အစည်းတစ်ခုရဲ့ ရပ်တည်ချက်၊ ရှုထောင့်တစ်ခုတည်းကမကြည့်ဘဲ ရှုထောင့်ပေါင်းစုံကနေရှုမြင်ပြီး အတူတကွလက်တွဲဖြေရှင်းမယ်ဆိုတဲ့ ချဉ်းကပ်မှုမျိုးနဲ့ ဆွေးနွေးညှိနှိုင်းကြဖို့ တိုက်တွန်းအပ်ပါတယ်။

လက်တွေ့ကျပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုများပြုလုပ်ပြီး တိုင်းပြည်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုတွေ၊ နိုင်ငံရေးရွေးချယ်မှုတွေနဲ့ သဘောတူညီမှုတွေရရှိအောင်ကြိုးပမ်းကြဖို့ အလေးအနက်တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။



**နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တောင်ကိုရီးယားနှင့်အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်ရန်စီစဉ်

**ဆိုးလ်     ဇန်နဝါရီ     ၁၂**

တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မတ်လအစောပိုင်းတွင် နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒီလေးလုံး(4D)စစ်ဆင်ရေးဟူ၍ အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကို ပါလီမန်ရှိ ကာကွယ်ရေးကော်မတီထံ ဇန်နဝါရီ ၇ ရက်က တင်ပြခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ပဲ့ထိန်းဒုံးကျည်အစီအစဉ်များကို အရေးပေါ်အခြေအနေတွင် ဖျက်ဆီးပစ်နိုင်ရန် ရည်ရွယ်လျက် ထောက်လှမ်းခြင်း၊ ပျက်ပြားစေခြင်း၊ ဖျက်ဆီးခြင်းနှင့်ကာကွယ်ခြင်း (ဒီလေးလုံး) ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပြုလုပ်သွားရန် စီစဉ်ထားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ်လအစောပိုင်းတွင် ပြုလုပ်မည်ဟုမျှော်လင့်ရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးကို ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တစ်ရက်အကြာတွင် ဒီလေးလုံးစစ်ဆင်ရေးဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နိုင်ရေးအတွက် ပါလီမန်ရှိ ကာကွယ်ရေးကော်မတီထံ တင်ပြခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်

**အစ္စလာမ်မာဘတ်     ဇန်နဝါရီ     ၁၂**

အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်လက်နက်ကိုင်အဖွဲ့တို့ကြား ငြိမ်းချမ်းမှုရရှိရေးကိုဖော်ဆောင်မည့် လေးနိုင်ငံပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို စတင်လိုက်ပြီဖြစ်သည်။

အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့် ထိပ်တန်းအရာရှိများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ ဇန်နဝါရီ ၁၁ ရက်တွင် စတင်ကျင်းပခဲ့သည်။ အာဖဂန်အစိုးရနှင့် တာလီဘန်တို့ကြား လွန်ခဲ့သည့် ဇူလိုင်လနှောင်းပိုင်းတွင် ပထမဆုံးအကြိမ် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ ဇူလိုင်လ နှောင်ပိုင်းက တာလီဘန်ခေါင်းဆောင် မိုဟာမက်အိုမာ သေဆုံးသွားပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားခဲ့ခြင်းဖြစ်သည်။

ပြန်လည်ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမေရိကန်နှင့်တရုတ်တို့ပါဝင်ရန် အာဖဂန်နှင့် ပါကစ္စတန်တို့က လွန်ခဲ့သည့်လတွင် သဘောတူညီချက် ရရှိခဲ့ကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါကစ္စတန်ဝန်ကြီးချုပ်၏ အကြံပေးအရာရှိ ဆာတက်အဇစ်က ယခုဆွေးနွေးပွဲသည် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်ပေါင်းစည်းညီညွတ်ရေးအတွက် လမ်းပြမြေပုံတစ်ခုဖော်ဆောင်သွားရန် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်းပြောကြားသည်။

တက်ရောက်လာသည့် လေးနိုင်ငံမှ အရာရှိများက အာဖဂန်တွင် ငြိမ်းချမ်းရေးဆွေးနွေးနိုင်မည့် အချိန်ဇယားတစ်ခု သတ်မှတ်နိုင်ရန်နှင့် တာလီဘန်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပြန်လည်ပါဝင်လာနိုင်စေရန် ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ခဲ့ကြသည်။ သဘောထားတင်းမာသည့် တာလီဘန်အချို့က လက်နက်ကိုင်တိုက်ခိုက်နေဆဲဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကန့်ကွက်လျက်ရှိကြောင်း လေ့လာစောင့်ကြည့်သူများက မှတ်ချက်ပြုသည်။ **အင်န်အိတ်ချ်ကေ။**

# အိန္ဒိယတောင်ပိုင်းပင်လယ်ကမ်းခြေ၌ ဝေလငါး ၄၅ ကောင် သောင်တင်သေဆုံး

**နယူးဒေလီ     ဇန်နဝါရီ     ၁၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးလ်ပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းဒေသမြို့တစ်မြို့၌ ဇန်နဝါရီ ၁၁ ရက် ညနှောင်းပိုင်းက ရေမျောကမ်းတင်ကာ ဝေလငါးကောင်ရေ ၄၅ ကောင် သောင်တင်သေဆုံးလျက်ရှိသည်ကိုတွေ့ရကြောင်း ပြည်နယ်အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ဝေလငါးငယ်ကောင်ရေ ၁၀၀ ကျော်သည် တမီနာဒူးလ်ပြည်နယ် တူတီကိုရင်မြို့၏ ကမ်းစပ်တွင် သောင်တင်ခဲ့ကြသည်။ ယင်းတို့အနက် ဝေလငါး ၄၅ ကောင် သေဆုံးသွားခဲ့သည်။ ကောင်ရေ ၄၀ နီးပါးခန့်ကို ပင်လယ်အတွင်းသို့ ပြန်လည်တွန်းပို့ကာ အသက်ရှင်သန်အောင် ကယ်တင်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအထက်တန်းတာဝန်ရှိသူက ပြောကြားသည်။

သောင်တင်ခဲ့သည့်ဝေလငါးများမှာ သန္တာကျောက်တန်းများ၊ ကျောက်ဆောင်များနှင့် ထိခိုက်မိကာ ဒဏ်ရာများရရှိခဲ့ပြီး ၎င်းတို့သည် အဆိုပါဒဏ်ရာများဖြင့် သေဆုံးနိုင်ဖွယ်ရှိကြောင်း အမည်မဖော်လိုသူ အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ယင်းဝေလငါးများသည် ယခုအခါ နွေရာသီကာလကျရောက်နေသော ပစိဖိတ်ဒေသမှ ကူးခတ်လာခဲ့ပြီး နယ်မြေသစ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပုံမရကြောင်း တိရစ္ဆာန်အခွင့်အရေးလှုပ်ရှားသူများက ပြောကြားကြသည်။

အိန္ဒိယ ကမ်းရိုးတန်းဒေသ၌ ဝေလငါးအများအပြားအစုလိုက်အပြုံလိုက် ရေမျောကမ်းတင်ရောက်ရှိလာသည့်ဖြစ်ရပ်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ဆီးရီးယားအတိုက်အခံတို့ ရုရှား၏ဗုံးကြဲမှု ရပ်စဲစေလို

**ပါရီ     ဇန်နဝါရီ     ၁၂**

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံအတွင်း ဗုံးကြဲတိုက်ခိုက်မှုများဆက်လက်ပြုလုပ်နေသမျှ ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် တပ်ဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးရန် စီစဉ်နိုင်ခြင်းမရှိကြောင်း ဆီးရီးယားအတိုက်အခံတစ်ဦးက ပြောကြားသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းနှင့် တွေ့ဆုံပြီးနောက် ရီယဒ် ဟီဂျက်က အထက်ပါအတိုင်း ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ဟီဂျက်သည် ယခင်က ဆီးရီးယားဝန်ကြီးချုပ်တစ်ဦးဖြစ်ခဲ့ပြီး လွန်ခဲ့သည့် လေးနှစ်က ဆီးရီးယားသမ္မတ ဘာရှား အယ်လ် အာဆတ် အစိုးရဘက်မှ အတိုက်အခံဘက်သို့ ဘက်ပြောင်းသွားခဲ့သူတစ်ဦးဖြစ်သည်။ နိုင်ငံခြားတပ်ဖွဲ့များက ဆီးရီးယားပြည်သူများအပေါ် ဗုံးကြဲနေမည်ဆိုပါက အတိုက်အခံတို့အနေဖြင့် အာဆတ်အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမည်မဟုတ်ကြောင်း ဟီဂျက်က ပြောကြားသည်။

ရုရှားတပ်ဖွဲ့များသည် ဆီးရီးယားစာသင်ကျောင်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကလေးသူငယ်အမြောက်အမြား သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း ဟီဂျက်က စွပ်စွဲပြောကြားခဲ့သည်။ ရုရှားနိုင်ငံသည် အာဆတ်အစိုးရကို ထောက်ခံပြီး ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် အတိုက်အခံအဖွဲ့အစည်းများနှင့် အိုင်အက်စ်အကြမ်းဖက်အုပ်စုတို့ကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယခုလနှောင်းပိုင်းတွင် ဂျီနီဗာမြို့၌ ပြုလုပ်သွားရန် စီစဉ်ထားသည်။ ဆီးရီးယားအစိုးရက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အတိုက်အခံဘက်က ကိုယ်စားပြုတက်ရောက်မည့်သူများကို လေ့လာစောင့်ကြည့်လျက်ရှိပြီး အတိုက်အခံဘက်တွင် အကြမ်းဖက်အဖွဲ့အစည်းအချို့လည်းရှိနေသည်။ **အင်န်အိတ်ချ်ကေ။**





# အစ္စတန်ဘူလ်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား ၁၀ ဦးထက်မနည်း သေဆုံးပြီး ၁၅ ဦးဒဏ်ရာရ

**အစ္စတန်ဘူလ်     ဇန်နဝါရီ     ၁၂**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ကမ္ဘာလှည့်ခရီးသွားများ အရောက်အပေါက်များသည့်နေရာဖြစ်ပြီး သမိုင်းဝင်နေရာတစ်ခုလည်းဖြစ်သည့် ဆူလ်တန်အာမက်ရင်ပြင်တွင် ဇန်နဝါရီ ၁၂ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၀ ဦးထက်မနည်းသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

ဒေသစံတော်ချိန်နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားစေရန် လုပ်ဆောင်ခဲ့သူများမှာ မည်သူမည်ဝါတို့ဖြစ်သည်ကို သိရှိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဟု သတင်းတွင်ဖော်ပြသည်။

အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးဖောက်ခွဲမှုကို ကျူးလွန်ခဲ့သည်ဟု ယူဆရကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။ တူရကီနိုင်ငံသည် ၂၀၁၅ ခုနှစ် ဇူလိုင်လကပင် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့၏တိုက်ခိုက်မှုကို တွေ့ကြုံခံစား ခဲ့ရသည်။ တူရကီနိုင်ငံ အရှေ့တောင်ပိုင်းနယ်စပ်မြို့ ဖြစ်သော ဆူရက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကာ့ဒ်နှင့် လက်ဝဲလှုပ်ရှားမှုကို ထောက်ခံသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၃၄ ဦးသေဆုံးခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း တူရကီနိုင်ငံမြို့တော် အန်ကာရာတွင် ဗုံးပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ လူ ၈၆ ဦးသေဆုံးပြီး ၁၈၆ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုများအတွက် တူရကီအစိုးရက အိုင်အက်စ်အဖွဲ့ကို ပြစ်တင်ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂအဖွဲ့နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ ဆက်လက်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၁/၂၀၁၆)

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၃ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်)**

**ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)နှင့် ပုဒ်မ ၇၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၈ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

# ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက ဥပဒေကြမ်းတစ်ခုချင်းအလိုက် အကြံပြုဆွေးနွေးကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားသည်။

**(သတင်းစဉ်)**



## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Seismic Survey လုပ်ငန်းများကို POLARCUS ASIMA (Call Sign : C6XK6) ရေယာဉ်ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်သည်။

3D Marine Seismic Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Location | Latitude | Longitude |
|---|---|---|
| A | 13° 48' 38.7" N | 95· 45' 56.0" E |
| B | 13° 48' 45.2" N | 95· 51' 03.7" E |
| C | 13° 24' 30.7" N | 95· 51' 04.6" E |
| D | 13° 24' 27.8" N | 95· 20' 42.4" E |

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Seismic Survey လုပ်ငန်းများကို POLARCUS ASIMA (Call Sign:C6XK6) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **(ကြေးမုံ)**

# ထိုင်းနိုင်ငံသားများ မော်တော်ယာဉ်တန်းခရီးစဉ်ဖြင့် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လည်ပတ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်ပမော်တော်ယာဉ်တန်းခရီးစဉ်များ၊ မော်တော်ဆိုင်ကယ်ခရီးစဉ်များနှင့် အပျော်စီးစက်ဘီးခရီးစဉ်များသည် မြန်မာနိုင်ငံ၏ နယ်စပ်ဝင်ပေါက်အသီးသီးမှ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာ ဝင်ရောက်လည်ပတ်လျက်ရှိရာ Viga & Mira Tourism Co., Ltd. ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည် ၂၀ သည် ပြည်ပမော်တော်ယာဉ် ခုနစ်စီးဖြင့် ဇန်နဝါရီ ၈ ရက်တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်မြို့သို့ရောက်ရှိလာပြီး တာချီလိတ်-ကျိုင်းတုံ-လွယ်မွေ-ကျိုင်းတုံ-တာချီလိတ်ခွင့်ပြုခရီးစဉ်ဒေသများသို့ သွားရောက်လေ့လာလည်ပတ်ကာ ဇန်နဝါရီ ၁၀ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

အဆိုပါ ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များသည် သက်ဆိုင်ရာခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဧည့်လမ်းညွှန်များ စနစ်တကျလိုက်ပါလျက် မြန်မာနိုင်ငံ၏ အဆိုပါမြို့များရှိ အထင်ကရနေရာများသို့ လေ့လာရန် လာရောက်လည်ပတ်ကြခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ပွင့်လင်းရာသီကာလအတွင်း ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် တတိယနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံရှိ ထင်ရှားသောခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ရန် ပိုမိုစိတ်ဝင်စားလာခြင်း၊ မြန်မာနိုင်ငံ၏ တောတောင်ရေမြေ သဘာဝရှုမျှော်ခင်းများကို ခံစားရန်နှင့် ဒေသခံတိုင်းရင်းသားတို့၏ နေထိုင်မှုပုံစံများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို လေ့လာနိုင်ရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်များတွင်ကိုယ်တိုင်ကိုယ်ကျပါဝင်ဆင်နွှဲနိုင်ရန်အတွက် နယ်စပ်ဝင်ပေါက်အသီးသီးမှ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့များဖြင့်သော်လည်းကောင်း အဆက်မပြတ် ဝင်ထွက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူများ ခရီးသွားနေသည်

ခင်မောင်ဌေး(ပညာရေး)

အထက(၃) မိတ္ထီလာ(ယခင် တပ်မတော်ကလေးများ အထက်တန်းကျောင်း)မှ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပရန် ဖိတ်ကြားခံထားရပြီးဖြစ်သည်။ ဒီဇင်ဘာ ကျောင်းပိတ်ရက်အတွင်းဖြစ်၍ တော်ပါသေးသည်။ မိမိနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများနှင့် ပြန်လည်ဆုံတွေ့ရဦးမည်မို့ ပျော်ပါသည်။ ဤသို့ဖြင့် အညာသို့ ပြန်ရန် အကြောင်းက ဖန်လာပြန်လေပြီ။

ဖခင်ဖြစ်သူ ကန်တော့ခံသွားမည်ဆိုတော့ မိသားစုကလည်း အညာပြန်ချင်ကြပြန်သည်။ တစ်ဆက်တည်း မန္တလေး၊ ပြင်ဦးလွင်ဘက် တက်ချင်ကြသည်။ မှန်ပါသည်။ ရန်ကုန်သို့ ပြောင်းလာပြီးကတည်းက မြန်မာပြည် အထက်ပိုင်း မရောက်ဖြစ်သည်မှာ ဆယ်စုနှစ်တစ်စုပင် ကြာခဲ့လေပြီ။ ပြောင်းလဲတိုးတက်မှုများနှင့် ကြည့်ရှုစရာ မြင်ကွင်းအလှများက တိုးလို့နေလေပြီ။ ကျောင်းပိတ်သည်နှင့် အညာပြန်ခရီးစဖြစ်ခဲ့လေပြီ။

၂၀၁၅ ခုနှစ်ကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံသားများ ခရီးသွားများလာသည့်နှစ်ဟုပင် ဆိုချင်ပါသည်။ အကြောင်းမူကား မြန်မာနိုင်ငံအတွင်း သဘာဝက ပေးထားသည့် ရှုချင်စဖွယ် မြင်ကွင်းများ၊ ကမ်းခြေများ၊ တောင်ကုန်းမြင့်များ၊ ရေကန်၊ရေအိုင်နှင့် အင်းများ၊ဘုရားပုထိုးစေတီများ၊ ရေတံခွန်များ၊ ယဉ်ကျေးမှုနယ်မြေများကား ပေါများလှပါဘိ။ ပွင့်လင်းရာသီရောက်သည်နှင့် ဘုရားဖူးထွက်ခြင်း၊လေ့လာရေးခရီးထွက်ခြင်း၊ အပန်းဖြေပျော်ပွဲစားခရီးထွက်ခြင်းစသဖြင့် နိုင်ငံအနှံ့ ခြေဆန့်လာကြပြီ။

ယခင်ကဆိုလျှင် တန်ခိုးကြီးဘုရားများ၊ အထင်ကရနယ်မြေများတွင်သာ ထပ်ခါတလဲလဲသွားနေရာမှ နေရာသစ်များစွာပေါ်ထွန်းလာ၏။ ပြည်ဘက်ရှိ အကောက်တောင်ဘုရားသို့ ကုန်းတစ်တန်၊ရေတစ်တန်သွားကြ၏။ ဘားအံဘက်ရှိ ကျုံထော်ရေတံခွန်သို့လည်း ခြေဆန့်၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့များသို့လည်း တဖွဲဖွဲ၊ တောင်ငူ သံတောင်ကြီးသို့လည်း ခရီးနှင်၊ ပြင်ဦးလွင် ပန်းပွဲတော်ဆိုလျှင် ကြိတ်ကြိတ်တိုးစည်ကားသည်မှာ ကြက်ပျံမကျလောက်အောင်ပင်။

ယခုအခါ ရန်ကုန်မြို့မှ ရှစ်နာရီခန့်ခရီးနှင်လျှင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဂေါ်ရင်ဂျီကျွန်းပေါ် ထွန်းနေပြီး သွားရောက်လည်ပတ်ရန် ပြင်ဆင်နေသူများပြင်ဆင်နေရော့မည်။ အခြားအထင်ကရနေရာများသို့လည်း အခေါက်ခေါက်အခါခါ သွားရောက်နေကြ၏။ မိမိတို့နိုင်ငံသားများ ခရီးသွားတတ်ကြလေပြီ။ ဝမ်းသာကြည်နူးစရာပင်ဖြစ်၏။

မန္တလေးရောက်သည်နှင့် ရတနာပုံတက္ကသိုလ်လမ်းအတိုင်း ဦးပိန်တံတားသို့ဝင်ခဲ့ကြသည်။ အိုဟောင်းလွန်းလှသည့် ကျွန်းတိုင်များနှင့်သစ်လွင်တောက်ပနေသည့် နေရောင်ခြည်အောက်တွင် တောင်သမန်အင်းနှင့်ပန်းရနေဆဲ။ တချို့နေရာတွင်ပြင်ဆင်ထားကာ အချို့နေရာတွင် အင်္ဂတေတိုင်များ တွေ့ရ၏။ လူအများပျော်ရွှင်စွာ လျှောက်လှမ်းနေကြ၏။ ဓာတ်ပုံရိုက်ကြ၏။ ရံဖန်ရံခါ ဖြတ်သန်းစီးနင်းလာသည့်စက်ဘီးများကို ရှောင်ရ၏။ အင်းအလယ်တွင် ဝိုင်းဖွဲ့ငါးဖမ်းနေသည့် တံငါလှေများကို တွေ့ရ၏။ မန္တလေးဆောင်းလေအေးနှင့်အတူ သန့်ရှင်းနေသည့်လေကို ရှူရှိုက်၍မဝနိုင်။ နိုင်ငံတော်မှ ကယားပြည်နယ်ထွက် ကျွန်းသစ်များဖြင့် ပြန်လည်ပြုပြင်မည်ဆိုသည့် သတင်းများလည်းဖတ်ရ၏။

ထိုမှသည် ရောက်ဖြစ်ခဲလှသည့် အင်းဝမြို့ဟောင်းဆီသို့ ထွက်ခဲ့၏။ အင်းဝမြို့ဟောင်း၊ ပင်းတယမြို့ဟောင်းနှင့် မကွခရာမြို့ဟောင်းတို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသောမြို့ဟောင်းများပင်ဖြစ်သည်။

အင်းဝမြို့ဟောင်းသည် မန္တလေးမြို့ တောင်ဘက်မိုင် ၂၀ ခန့်အကွာ တံတားဦးမြို့၏ မြောက်ဘက် နှစ်မိုင်




လေးဖာလုံခန့်အကွာတွင် တည်ရှိသည်။ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်)တို့ဆုံရာတွင်ရှိသည့် မြို့ဟောင်းတစ်ခုဖြစ်သည်။ "ပု၊ပင်း၊အင်း၊ တောင်၊ ညောင်၊ ကုန်းဘောင်" ဆိုသည့်အတိုင်း အင်းဝခေတ်ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျားက စတင်တည်ထောင်ခဲ့သည်။ မင်းဆက် ၃၁ ဆက်ရှိရာ ဘကြီးတော်မင်းအထိ နှစ်ပေါင်း ၄၀၀ ကြာခဲ့သည်။

အင်းဝမြို့ဟောင်းဝင်ကတည်းကပင် ညို့ညို့မှိုင်းမှိုင်းဖြင့် လမ်းတစ်ဖက်တစ်ချက်ရှိ အုတ်တိုင်ဝါကြန့်ကြန့်များက အိုဟောင်းနေသော မြို့ပြ၏သဘာဝကို ဖော်ကျူးနေ၏။ မြို့ရိုးဟောင်းနှင့်ယှဉ်ကာ ဖောက်လုပ်ထားသည့် လမ်းအတိုင်း လမ်းချိုးတစ်ခုကွေ့လိုက်သည်နှင့် မြို့တံခါးကို တွေ့ရ၏။ ပုဂံမြို့ဝင် သရပါတံခါးနှင့်အတူတူပင်။ မြို့ဝင်တံခါးနှင့်ငါးမိနစ်ခန့် ကားမောင်းဝင်သွားလျှင် မယ်နုအုတ်ကျောင်းနှင့် ထီးလှိုင်ရှင်ကောင်းမှုကို တွေ့ရ၏။ ကြည့်ရှုလေ့လာစရာများအဖြစ် နန်းမြင့်မျှော်စင်၊ ရတနာဆီမီးဘုရား၊ ဗားကရာကျောင်း၊ ဆင်ကျုံးခံတပ်နှင့် အင်းဝရှေးဟောင်းသုတေသနပြတိုက်တို့ဖြစ်သည်။ ရိုးရာမြင်းလှည်းဖြင့် မြို့တွင်းလှည့်ပတ်ကြည့်ရှုနေသည့်နိုင်ငံခြားသားများကိုလည်း နေရာတိုင်းတွင် တွေ့မြင်နေရ၏။

ဗားကရာကျောင်းမှာ ကျွန်းလုံးတိုင်ကြီးပေါင်း ၂၀၀ နီးပါးဖြင့် အံ့မခန်းတည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုဖြစ်သည်။ နိုင်ငံခြားသားများ အချိန်အတန်ကြာအောင်ပင် လေ့လာကြည့်ရှုတတ်ကြ၏။ ထို့နောက် မယ်နုအုတ်ကျောင်းဘက်သို့ ကူးကြပြန်၏။ ထိုခေတ်က ဗိသုကာ အနုပညာလက်ရာမှာလည်း အံ့ချီးဖွယ်ပင်။ အုတ်ကျောင်းအတွင်းရောက်သည်နှင့်ဇာတ်ကြောင်းပြောပြမည့်ကလေးများ အစီအရီတွေ့ရ၏။ စေတနာရှိသလောက်ငွေကြေးပေးရသည်မှာ မထောင်းတာလှပါ။ သို့သော် နန်းမတော်မယ်နု၏ ဘဝဖြစ်စဉ်ကို အကျဉ်းချုံးပြောပြသည့်အခါ သေးနုပ်သိမ်ဖျင်းသော အကြောင်းအရာများထက် "နန်းမတော်မယ်နုရာဇဝင်မှုမှန်စာအုပ်"မှ ကောက်နုတ်၍ သင့်တင့်မျှတစွာ အကျဉ်းချုံးပြောနိုင်ကြလျှင် သင့်ပါလိမ့်မည်။ (အဝင်ဝတွင် ဆရာကြီးတက္ကသိုလ်စိန်တင်၏ "နန်းမတော်မယ်နုရှာပုံတော်" အသင့်ဝယ်နိုင်ပါသည်။)

နေ့ခင်းတစ်ပိုင်းသာ အချိန်ရ၍ အာသာမပြေခဲ့။ ညနေပိုင်းတွင် ပန်းမြို့တော်သို့ တက်ခဲ့ကြသည်။ လမ်းများကျယ်၍ ကောင်းပါသည်။ ဤလမ်းတွင် ခရစ္စမတ်နေ့က ပြည့်ကျပ်နေသည်ဟု ဆိုသည်။ ယခုအခါ ပြင်ဦးလွင်သို့ လမ်းသစ်များတိုးချဲ့ဖောက်လုပ်ရန် စီစဉ်နေကြပြီဖြစ်၏။ ၂၁ မိုင်တွင် ခေတ္တနားကာ ပြင်ဦးလွင်သို့ ခရီးဆက်ခဲ့တော့၏။

အအေးဓာတ်က သိသိသာသာတိုးဝင်နေ၏။ ဟိုတယ်နှင့်တည်းခိုခန်းများစွာရှိသော်လည်း ဧည့်သည်ပြည့်နေသည်သာများ၏။ ကံကောင်းထောက်မစွာပင် မန္တလေး-လားရှိုးလမ်းပေါ်ရှိ ဧည့်ရိပ်မွန်တစ်ခုတွင် မိသားစုအခန်းတစ်ခန်းရလိုက်၍ အဆင်ပြေသွားသည်။ ဧည့်ရိပ်သာ သုံးလွှာမှ ပြင်ဦးလွင်မြို့၏ နေဝင်ဆည်းဆာအလှကို ကောင်းစွာခံစားခဲ့ရ၏။

ရေပူရေအေးရသည်။ နံနက်စောစောထကာ ရေမိုးချိုး၍ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ထွက်ခဲ့ကြ၏။ နိုင်ငံခြားပန်းမျိုးများကိုပါယူ၍ ပန်းပျိုးသူတို့၏ လက်ရာကား ရှုမောဖွယ်ကောင်းလှ၏။ ကန်တော်ကြီးရေကန်အတွင်း ဆင်းလိုက်သည့်အခါ မည်သည့်အချိန်ကပင် ရောက်နေမှန်းမသိသည့် လူအုပ်စုအများအပြားကို တွေ့ရ၏။ ပန်းမျိုးစုံအပင်ကြီးများအကြားတွင် ပင်လုံးကျွတ်ပွင့်နေသည့်ချယ်ရီပန်းများကား လှလွန်းပေစွ။ ထိုနေ့က မှတ်မှတ်ရရ လွတ်လပ်ရေးနေ့ဖြစ်သည်။

ပြင်ဦးလွင်ရောက်လျှင် ပွဲကောက်ရေတံခွန်နှင့် နန္ဒမူလိုဏ်ဂူရှိရာ ပိတ်ချင်းမြောင်ရေတံခွန်သို့ ချန်လှပ်ခဲ့၍မရ။ ကားဝင်းတစ်ခုလုံးလည်း ပိတ်ကျပ်နေ၏။ ဒေသအနှံ့မှ လာရောက်ကြသည့် ခရီးသွားဧည့်သည်များကလည်း စည်ကားလှစွာ။ ပြင်ဦးလွင်အဆင်းတွင် လောလောဆယ် နာမည်ကြီးနေသည့် ဒီးဒုတ်ရေပြာအိုင်သို့ ဝင်ချင်သေး၍ ခပ်စောစောလေး ဆင်းခဲ့ကြ၏။

ဒီးဒုတ်ရေပြာအိုင်သည် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ပြင်ဦးလွင်အတက်တိုးဂိတ်အနီးမှာ လက်ယာဘက်တောင်ကြောနှင့်ယှဉ်ကာ ဖောက်လုပ်ထားသည့် မြေပြန့်လမ်းဖြစ်သည်။ ၂၅ မိုင်ဝေးကွာသည့်ခရီးအား ကွန်ကရစ်လမ်းပင် ဖောက်လုပ်ပြီးစီးနေပြီဖြစ်၏။ တောင်ခြေအထိ ကားဝင်၍ရသည်။ ကားရပ်နားရန်နှင့် ဈေးဆိုင်ခန်းများ အစီအရီရှိပြီဖြစ်၏။ ရေပြာအိုင်ကိုတွေ့ရန် တောင်ခါးပန်းအတိုင်း တက်ရမည်ဖြစ်၏။ ၁၂ လွှာအထိရှိသည်။ တစ်လွှာချင်းမှာ တောင်အောက်သို့ ပြန်ဆင်း၍ကြည့်ရသည်။ အများစုမှာ ဆယ်လွှာအထိတက်၍ ရေပြာအိုင်ထဲသို့ဆင်း၍ ရေချိုးသူချိုးကြ၏။ စာရေးသူမှာ ပထမအဆင့်မှပင် ကြည့်၍တပ်ခေါက်ပြန်ခဲ့ရသည်။ လမ်းကြမ်းအဆင့်ပင်ရှိသေးသည်။ သားငယ် သမီးငယ်များသာ အရောက်သွားနိုင်ကြ၏။ ဒီးဒုတ်စီမံကိန်းလုပ်ငန်းခွင်ရှိသည်။ တောင်တက်လမ်းများ အဆင်ပြေ ချောမွေ့လာသည်နှင့်အမျှ မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားများ စုပြုံရောက်ရှိလာကြဦးမည်။ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပွင့်လန်းလာပေဦးမည်။

ကနဦးဆိုခဲ့သည့်အတိုင်းပင် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသားများသည် ဒေသန္တရဗဟုသုတရှာဖွေခြင်း၊ ဘုရားဖူးထွက်ခြင်း၊ အပန်းဖြေခြင်း အများအပြားရှိခဲ့သည့်နှစ်ဖြစ်သည်။ တိုင်းပြည်အေးချမ်းသာယာလာပြီး ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ပွင့်လင်းရာသီအတွင်း ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။ မိမိတို့ မရောက်သေးသည့် ဝေးလံလှသည့်ဒေသများသို့ပင် စိတ်ကူးယဉ်နိုင်ကြပြီဖြစ်၏။

အနည်းငယ်ဝေးလံလှသည့် ချင်းပြည်နယ် ရိဒ်ရေကန်၊ ကချင်ပြည်နယ်ရှိ ရေခဲတောင်များ၊ ရှမ်းပြည်နယ် ကျိုင်းတောင်းရေတံခွန်နှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်တွင်ရှိပြီး ပြာလဲ့သောရေပြင်၊ စိမ်းစိုသောသစ်တောများရှိသည့် ကျွန်းပေါင်း ၈၀၀ ကျော်ရှိ မြိတ်ကျွန်းစုများသို့ အရောက်အပေါက်နည်းနေသေးသော်လည်း ပုဂံ၊ မန္တလေးကဲ့သို့သော ရှေးဟောင်းယဉ်ကျေးမှုဒေသများ၊ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာကဲ့သို့သော ပျူမြို့ဟောင်းများ၊ ငွေဆောင်၊ချောင်းသာကဲ့သို့သောကမ်းခြေများ၊ ကလော၊ တောင်ကြီးနှင့် ပြင်ဦးလွင်ကဲ့သို့သော တောင်ပေါ်အပန်းဖြေစခန်းများ၊ အင်းတော်ကြီးအိုင်နှင့်အင်းလေး၊ မိုးယွန်းကြီး၊ ပုလိပ်ကဲ့သို့သော ရေတိမ်အင်းများ၊ ပုပ္ပါးတောင်၊ နတ်မတောင်နှင့် ကျိုက်ထီးရိုးတောင်ကဲ့သို့သော ဒေသများသို့ ခရီးနှင်ကြလေပြီ။ အလောင်းတော်ကဿပ နှင့်ဖိုးကျားဆင်စခန်းကဲ့သို့ တောလမ်းခရီးများကိုလည်း ဆင်များစီး၍ သွားလာနိုင်ကြသည်။

ယခုအခါ လားရှိုးလမ်းရှိ ဂုတ်ထိပ်တံတားသို့ အများအပြားသွားရောက်လေ့လာနေကြရာ သက်ဆိုင်ရာကုမ္ပဏီတစ်ခုက ကားလမ်းအသစ်များ ထပ်မံဖောက်လုပ်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားသားဝင်ရောက်မှုမှာလည်း တရိပ်ရိပ်တိုးမြင့်လာနေပြီဖြစ်၏။ သို့တိုင်အောင် ရှမ်းပြည်နယ် ရွာင်းဒေသရှိ ပြဒါးလင်းဂူ၊ ကျောက်ခေတ်နံရံဆေးရေးပန်းချီများရှိသည့်ဒေသသို့ ခရီးအရောက်အပေါက်နည်းနေသေးသည်။ ယင်းဒေသများသို့ လွယ်ကူချောမွေ့စွာပို့ဆောင်နိုင်မည့် ဝန်ဆောင်မှုလုပ်ငန်းများ စီမံပေးနိုင်သည်နှင့်အမျှ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၏။

တစ်ချိန်ကဝေးလံခေါင်သီလှသည့် ဒေသများသို့ ရုပ်ရှင်မင်းသားလွင်မိုးက ခရီးထွက်ကာ ပြည်သူများအတွက် အသိပညာဗဟုသုတ ဖြန့်ဝေသည့်အနေဖြင့် "လွင်မိုးခရီးသွားနေသည်"ဆိုသည့် ခရီးသွားမှတ်တမ်းအစီအစဉ်များကို စောင့်ကြည့်ခဲ့ရသည်။

ယခုအချိန်တွင် ပိုမိုပွင့်လင်းလာသော မြန်မာနိုင်ငံအတွင်း၌ မြန်မာနိုင်ငံသားများ ခရီးသွားနေကြပါပြီ။ အမိမြန်မာနိုင်ငံ၏ မြတ်နိုးဖွယ်ရာ ရေမြေတောတောင်သဘာဝအလှနှင့် ခမ်းနားစွာတည်ရှိခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ စေတီပုထိုးများ၊ ကမ်းခြေများ၊ ကျွန်းအလှများကား ရှု၍မကုန်နိုင်ဖွယ်။ အမိမြန်မာပြည်အတွင်း ဂုဏ်ယူဝံ့ကြွားရင်း နိုင်ငံသားများ နိုင်ငံအနှံ့ခရီးဆန့်၍ ပျော်ရွှင်ကြည်နူး၊ ဗဟုသုတအဖြာဖြာ ရရှိနိုင်ကြပါစေသတည်း။ ။

**မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားသားဝင်ရောက်မှုမှာလည်း တရိပ်ရိပ်တိုးမြင့်လာနေပြီဖြစ်၏။ သို့တိုင်အောင် ရှမ်းပြည်နယ် ရွာင်းဒေသရှိ ပြဒါးလင်းဂူ၊ ကျောက်ခေတ်နံရံ ဆေးရေးပန်းချီများ ရှိသည့်ဒေသသို့ ခရီးအရောက်အပေါက်နည်းနေသေးသည်။ ယင်းဒေသများသို့ လွယ်ကူချောမွေ့စွာပို့ဆောင်နိုင်မည့် ဝန်ဆောင်မှုလုပ်ငန်းများ စီမံပေးနိုင်သည်နှင့်အမျှ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာမည်။**

# လူကဖန်တီးတဲ့အခက်အခဲကို လူကိုယ်တိုင်မကျော်လွှားနိုင်ဘူးဆိုတာ မရှိပါဘူး အဲဒါကြောင့် အောင်မြင်မှာပါ

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း

အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။ အဆိုပါညီလာခံသို့ တက်ရောက်လာသူများအနက် ငြိမ်းချမ်းရေးညီလာခံနှင့်စပ်လျဉ်း၍ မေးမြန်းဖြစ်ခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-


ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း


ဦးခွန်ဥက္ကာ


ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)


ဒေါက်တာ ရွှေခါး


စိုင်းကျော်ညွန့်


ဦးညိုအုန်းမြင့်

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး အဓိပတိကောင်စီဝင်)**

ဒီငြိမ်းချမ်းရေးညီလာခံကို ဆက်လက်ပြီးဆောင်ရွက်သွားမယ်လို့လည်း ကျွန်တော်တို့မျှော်လင့်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်သင့်တယ်ဆိုတာနဲ့ပတ်သက်ပြီး ဒီမူဘောင်မရေးဆွဲခင်ကတည်းက သဘောတူထားတာပါ။ အစိုးရသစ်တက်လာရင်လည်း ကိုယ်စားလှယ်အပြောင်းအလဲရှိမယ်။ ဆွေးနွေးပွဲ ပုံသဏ္ဌာန်တွေလည်း လိုအပ်ရင်ပြောင်းမယ်။ UPDJC တို့၊ JMC တို့ဖွဲ့တဲ့နေရာမှာလည်း လိုအပ်ရင်လိုအပ်သလို ပြောင်းလဲဖို့ အဆင်သင့်ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားပြည်သူတွေက သီးခြားတပ်မတော် တည်ထောင်ဖို့မဟုတ်ပါဘူး။ ပြည်ထောင်စုတပ်မတော်မှာ ခိုင်မာတဲ့ ပြည်ထောင်စုတပ်မတော်ကို အားပေးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးပေါင်းစု ဘယ်လိုပူးပေါင်းပါဝင်ပြီး တာဝန်ယူနိုင်မလဲ၊ တာဝန်ခံနိုင်မလဲ ဆိုတာကိုတော့ ဆက်ပြီးဆွေးနွေးရဦးမှာပါ။

တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က လက်ရှိအခက်အခဲနှင့် စပ်လျဉ်း၍ "အခက်အခဲဆိုတာ နေရာတိုင်းမှာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ စေတနာသန့်သန့်နဲ့ ရည်ရွယ်ချက်မှန်ကန်မယ်၊ ငြိမ်းချမ်းရေးကို တကယ်လိုလားမယ်၊ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ တန်းတူရည်တူမှုနဲ့ အခွင့်အရေးကို အားပေးမယ်ဆိုရင် ဒီအခက်အခဲတွေကို ကျွန်တော်တို့အားလုံးကျော်လွှားနိုင်မှာပါ။ NCA ကိုပဲ ကြည့်ပါ။ စတင်ရေးဆွဲတုန်းက ခက်ခဲမယ်၊ မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ ခက်လည်းခက်ခဲပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ အချိန်ယူပြီး ရေးဆွဲရပါတယ်။ အခုအောင်မြင်နေပါပြီ။ ကျွန်တော့်အနေနဲ့ အကောင်းမြင်ဘက်ကနေပြီး ကြည့်ပါတယ်။ အောင်မြင်မယ်လို့လည်း မျှော်လင့်ပါတယ်။ အခက်အခဲကတော့ နေရာတိုင်းမှာ ရှိပါတယ်။ ဒါပေမယ့် လူကဖန်တီးတဲ့အခက်အခဲကို လူကိုယ်တိုင်မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိပါဘူး။ အဲဒီအတွက်ကြောင့် အောင်မြင်မှာပါ။

**ဦးခွန်ဥက္ကာ (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် နာယက)**

တိုင်းပြည်ရဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် ငြိမ်းချမ်းရေးကို တည်ဆောက်ရမယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကတော့ ငြိမ်းချမ်းရေးအတွက် ကိုင်စွဲထားတဲ့ တပ်မတော်မူ(၆)ချက်ကို ညွှန်းဆိုသွားခဲ့တယ်။ ရေရှည်နိုင်ငံရေး ဆွေးနွေးပွဲအတွက် ငြိမ်းချမ်းရေးညီလာခံပြီးဆုံးတဲ့အထိ ပြည်ထောင်စုစာချုပ်ရတဲ့အထိသွားမယ်ဆိုရင် ADRSSR ဆိုတဲ့ လုပ်ငန်းအကြောင်းကိုတော့ တပ်မတော်က သူတို့ရဲ့ ကိုင်စွဲထားတဲ့ဟာကိုမူတည်ပြီးတော့ ပြောတာရှိပါတယ်။ လုံခြုံရေးအမြင်နဲ့ချဉ်းကပ်မှုတော့မတူကြပါဘူး။ ဒါပေမယ့် လက်မှတ်မထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ဒီမေးခွန်းတွေကို ကြည့်ပြီးတော့ ထောက်ပြတာတွေရှိနိုင်တယ်။

သမ္မတကြီးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုလို့ ပြောတယ်။ ဒေါ်အောင်ဆန်းစုကြည်မိန့်ခွန်းမှာ ထူးခြားတာကတော့ ပင်လုံစိတ်ဓာတ်၊ ပင်လုံနဲ့ကိုက်ညီတဲ့ ၂၁ ရာစုပင်လုံကို ပြန်ဖော်ဖို့သဘောရှိတယ်။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကိုပြင်တဲ့အခါမှာ အဖွဲ့တစ်ခုတည်းက တစ်ဖက်သတ်ပြင်လို့မရပါဘူး။ အစိုးရ၊ လွှတ်တော်နဲ့ နိုင်ငံရေးပါတီအားလုံးက ပြင်ဖို့သင့်တယ်ဆိုရင် ပြင်လို့ရတယ်။ မူဘောင်ရေးဆွဲတုန်းက အားလုံးအတူတူရေးတဲ့အတွက် ပြင်တယ်ဆိုတာ အားလုံးပြင်မှ အဆင်ပြေနိုင်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)**

ကျွန်တော်တို့ ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အကြောင်းအရာငါးခုဆွေးနွေးသွားဖို့ ရှိပါတယ်။ အဓိက အကြောင်းအရာငါးခုအောက်မှာက အကြောင်းအရာတော်တော်များများရှိပါတယ်။ အစည်းအဝေးကျင်းပမယ့်ရက်ကလည်း ငါးရက်ပဲရှိတာမို့ ဒီငါးရက်ထဲမှာ ကျွန်တော်တို့ညှိနှိုင်းတဲ့အခါ ငါးခုမှာရှိတဲ့ အကြောင်းအရာအကုန်လုံး ဘယ်လိုမှ မဆွေးနွေးနိုင်ပါဘူး။ ဒီလိုမဆွေးနွေးနိုင်လို့ အဓိကကျမယ့် အကြောင်းအရာခေါင်းစဉ်တွေကို ထုတ်ဆွေးနွေးဖို့ညှိနှိုင်းထားပါတယ်။ နိုင်ငံရေးစနစ်မှာဆိုရင် ဖက်ဒရယ်စနစ်ကို အခြေခံသင့်တဲ့မူများကို ဆွေးနွေးပါမယ်။ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စတွေကို ဆွေးနွေးမှာပါ။ လူမှုရေးကဏ္ဍမှာဆိုရင် လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများကိစ္စကို ဆွေးနွေးပါမယ်။ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးကိစ္စတွေကို ဆွေးနွေးမှာပါ။ စီးပွားရေးမှာ အခွန်ကောက်ယူခြင်းနဲ့ အခွန်ခွဲယူခြင်းကို ဆွေးနွေးမှာပါ။ လုံခြုံရေးကဏ္ဍမှာဆိုရင် ခေါင်းစဉ်သုံး၊ လေးခုရှိတယ်။ အဲဒီထဲက နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကို အခြေခံသည့်မူများဆိုပြီး ဆွေးနွေးကြမှာပါ။ မြေယာနဲ့သယံဇာတမူဝါဒချမှတ်မယ့်ကိစ္စမှာတော့ မြေယာကိစ္စတွေ၊ သဘာဝသယံဇာတကိစ္စတွေ၊ သဘာဝဘေးအန္တရာယ်ကိစ္စတွေ အများကြီးရှိပါတယ်။ ဒီအထဲက သယံဇာတစီမံခန့်ခွဲရေးနဲ့ ခွဲဝေခြင်းကိစ္စတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့်ရက်ကနည်းတော့ ထိထိမိမိဖြစ်အောင် အကြောင်းအရာငါးခုထဲက ခေါင်းစဉ်ငါးခုဆွေးနွေးဖို့ စီစဉ်ထားပါတယ်။

ထာဝရငြိမ်းချမ်းရေးကိုတော့ အဓိကနှစ်ပိုင်းရှိပါတယ်။ နှစ်ပေါင်း ၆၀ လောက်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းခဲ့လို့ပဋိပက္ခဖြစ်နေပါတယ်။ ဒါကြောင့် လက်နက်ကိုင်ပဋိပက္ခ လျှော့နည်းချုပ်ငြိမ်းရေးနဲ့ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရေးပါပဲ။ NCA လက်မှတ်ရေးထိုးချုပ်ဆိုတဲ့အခါမှာ ပထမ အပစ်အခတ်ရပ်စဲမှုရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်ရမှာပါ။ လက်ရှိအဖွဲ့တွေ၊ နောက်တိုးလာမယ့်အဖွဲ့တွေ စတဲ့ အဖွဲ့တွေကြားမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ ပျောက်သွားအောင်လို့ပါ။ လိုက်နာရမယ့် စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ မူဘောင်တွေကို စတင်ဆောင်ရွက်နေပါပြီ။ ဒီနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဟာ နိုင်ငံရေးဆွေးနွေးမှုသမိုင်းမှာ အဓိကခြေလှမ်းပါ။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကိုတော့ ပြည်နယ်နဲ့တိုင်းတွေမှာ ဆက်လက်ဆောင်ရွက်သွားမှာပါ။ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့အကြောင်းအရာတွေကိုတော့ သက်ဆိုင်ရာအစိုးရရယ်၊ နိုင်ငံရေးပါတီတွေရယ်၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးကနေ ဦးဆောင်ဆွေးနွေးမယ်။ လမ်းညွှန်ကြီးကြပ်ပြီး ဆောင်ရွက်မယ်။ ပြီးတော့ တစ်ဖက်က နိုင်ငံရေးဆွေးနွေးမယ်။ တစ်ဖက်က အပစ်အခတ်ရပ်စဲရေးဆွေးနွေးမယ်။ နိုင်ငံရေးတိုးတက်တာနဲ့အမျှ စစ်ရေးပိုင်းမှာ တိုးတက်လာမယ်။ ပြီးရင် စည်းလုံးညီညွတ်နိုင်းတိုင်ပင်ပြီး ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ရောက်အောင်သွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ဖက်ဒရယ်စနစ်နဲ့ ဒီမိုကရေစီစနစ်ခေါင်းစဉ်အောက်မှာ ဘယ်လိုအကြောင်းအရာတွေပါလဲဆိုရင် ဒီမိုကရေစီရော၊ ဖက်ဒရယ်ရောဟာ အများကြီးကျယ်ပြန့်တယ်။ တချို့နိုင်ငံတွေမှာ ဒီမိုကရေစီသွားပြီး ဖက်ဒရယ်မရှိဘူး။ တချို့နိုင်ငံတွေမှာ ဖက်ဒရယ်စနစ်ကျင့်သုံးပြီး ဒီမိုကရေစီမရှိဘူး။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီမိုကရေစီရော ဖက်ဒရယ်ရော နှစ်ခုလုံးဟန်ချက်ညီအောင်သွားမှာပါ။ ဦးတည်ချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ ဦးတည်မှာပါ။

**ဒေါက်တာ ရွှေခါး (ချင်းအမျိုးသားတပ်ဦး တွဲဖက်အတွင်းရေးမှူးချုပ်၊ ပြည်ထောင်စုအဆင့် အတွင်းရေးမှူး-၁)**

နိုင်ငံတစ်ခုမှာ လက်နက်ကိုင်ဆိုတာ နာမည်အမျိုးမျိုးရှိတယ်။ တိုင်းပြည်ရဲ့ အကျိုးစီးပွားနဲ့ကာကွယ်ဖို့အတွက် ရည်ရွယ်ပြီး ဖွဲ့စည်းတာလည်း ရှိတယ်။ တိုင်းပြည်ကာကွယ်ရေးအတွက် အကျိုးစီးပွားတွေ လုပ်ကြမယ်ဆိုရင် လက်နက်ကိုင်တွေ ဘယ်လိုနာမည်အမျိုးမျိုးရှိပေမယ့် အားလုံးဟာ တကယ်ပဲ တိုင်းပြည်အတွက် ဖြစ်လာနိုင်ပါတယ်။ စုစည်းမှုတစ်ခုတည်းအောက်မှာ ရှိမယ်ဆိုရင်ပေါ့။

အခုဆွေးနွေးမယ့် ငါးရက်ကနေ ထွက်ပေါ်လာမယ့် ရလဒ်နှင့် စပ်လျဉ်း၍ ကျွန်တော်တို့ ဆွေးနွေးမယ့်ကဏ္ဍကို ကြည့်လိုက်ရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနဲ့ မြေယာသယံဇာတကိစ္စတွေမှာ အရင်တုန်းက မပြောရဲတဲ့ ကိစ္စတွေပါ။ နိုင်ငံရေးနဲ့ ပတ်သက်ရင် အားလုံးပါဝင်တဲ့ စားပွဲဝိုင်းဆွေးနွေးတဲ့ ကိစ္စဖြစ်လာတော့မယ်။ ဖက်ဒရယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် ဘယ်လိုအမြင်ရှိကြမလဲ။ ဖက်ဒရယ်ကလည်း အမျိုးမျိုးရှိတယ်။ ကျွန်တော်တို့တည်ဆောက်ချင်တဲ့ ဖက်ဒရယ်ဟာ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီပြီး လိုက်လျောညီထွေဖြစ်မယ့် အကြောင်းအရာတွေကို ဆွေးနွေးကြတော့မယ်။ နိုင်ငံရေးဆွေးနွေးပွဲလုပ်တဲ့အချိန်မှာ ဖောင်ဒေးရှင်းအနေနဲ့ ဆက်ဆွေးနွေးမှာဆိုတော့ ပိုပြီးကောင်းသွားမှာပါ။ လူတွေက စကားလုံးတွေနဲ့သာ ပြောခဲ့ကြပေမယ့် ပုံဖော်ချင်တဲ့အရာက ဒီနေ့မှစတာလည်းဖြစ်ပါတယ်။

**စိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုအဆင့်အတွင်းရေးမှူး)**

အကြောင်းအရာငါးခုကို အစုအဖွဲ့ခုနစ်ဖွဲ့က ပုဂ္ဂိုလ်တွေက သက်ဆိုင်ရာအခန်းတွေကိုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမယ့်သူက နိုင်ငံရေးဆွေးနွေးမယ့်အခန်းမှာ သီးခြားဆွေးနွေးမှာဖြစ်ပါတယ်။ နောက်ဆုံးရက်မှာတော့ ဆွေးနွေးလို့ရတဲ့ ဆွေးနွေးချက်တွေ၊ အကြံပြုချက်တွေကို မှတ်တမ်းတင်ပြန်လည်ဖတ်ကြားပြီး ညီလာခံကိုပြန်လည်အဆုံးသတ်မှာ ဖြစ်ပါတယ်။ သဘောသဘာဝမတူသော၊ အမြင်မတူသောဆွေးနွေးချက်အားလုံးကို တူတာတွေစုပြီး မတူကွဲပြားတဲ့အချက်တွေကို အနှစ်ချုပ်ဆွေးနွေးချက်များအဖြစ်ဖတ်ကြားပြီး ညီလာခံကိုငါးရက်မြောက်နေ့မှာ ပိတ်သိမ်းမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် NCA ရဲ့ဆွေးနွေးချက်တွေကို တိုင်းရင်းသားလက်နက်ကိုင်အားလုံးလက်ခံထားပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် လက်မှတ်ထိုးပြီးသားနဲ့ လက်မှတ်မထိုးရသေးတာပဲရှိပါတယ်။ သူတို့အဆင်သင့်မဖြစ်သေးလို့ မထိုးသေးတာပါ။ ကျန်တဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ပြောကြားချက်အရ သူတို့အဆင်သင့်ဖြစ်တဲ့အချိန်မှာ ထိုးမယ်လို့ ယုံကြည်ပါတယ်။

**ဦးညိုအုန်းမြင့် (မြန်မာငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးဆွေးနွေးမှုဌာန တွဲဖက်ညွှန်ကြားရေးမှူး)**

ကျွန်တော်တို့တိုင်းပြည်ဘယ်လိုရှေ့ဆက်သွားမယ်ဆိုတာ အချက် ငါးချက်ကို ကိုယ်စားလှယ်တွေစုံညီတဲ့အခါမှာ အတည်ပြုရမှာဖြစ်ပါတယ်။ အခုညီလာခံမှာ အစုအဖွဲ့ပေါင်း ငါးစုတက်ကြပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေရော ပြည်ထောင်စုထဲမှာရှိတဲ့သူတွေအားလုံးက ညီလာခံတက်ရောက်ပြီး ဆောင်ရွက်တဲ့အခါမှာလည်း NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ခြောက်ဖွဲ့ကျန်ပါသေးတယ်။ ဒီညီလာခံက အစဆိုပြီးတော့ လိုင်းတားလိုက်တာမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ တံခါးဖွင့်လိုက်တာပဲဖြစ်တယ်လို့ပြောချင်ပါတယ်။

လက်မှတ်မထိုးရသေးဘဲ တက်ရောက်လာတဲ့ အဖွဲ့တွေကတော့ နာဂနဲ့ SSPP ရှမ်းအဖွဲ့ဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့တွေကတော့ အဆင်သင့်မဖြစ်သေးဘူးဆိုပြီး အကြောင်းပြန်ပါတယ်။ ကေအိုင်အိုနဲ့ မွန်ပြည်သစ်လိုအဖွဲ့မျိုးတွေပါ။ အခု ၁၂ ရက်ကနေ ၁၆ရက်အထိ ကျင်းပမယ့်ညီလာခံမှာတော့ မတက်ဖြစ်တော့ဘူးဆိုတာ စာနဲ့တရားဝင်အကြောင်းပြန်ထားပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အားလုံး ပါဝင်လာရေးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ဘက်ပေါင်းစုံ စဉ်းစားရတာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးလက်မှတ်ကို ဘယ်သူပဲထိုးချင်ထိုးချင် သက်သေရှိဖို့ လိုပါတယ်။ ANC, WNO, LDU စတဲ့ အဖွဲ့သုံးဖွဲ့ကို ညီလာခံတက်ရောက်ဖို့ သမ္မတကြီးက အာမခံခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီဘက်မှာအဖွဲ့အစည်းတွေက လက်မှတ်ထိုးတဲ့အခါမှာ လက်မှတ်မထိုးရတဲ့အတွက် သူတို့မတက်ပါဘူးလို့ပြောတဲ့အခါမှာလည်း ဝိဝါဒကွဲပြားတာထက်စာရင် တပ်မတော်ဘက်ကကြည့်တာက လက်နက်ကိုင်ပဋိပက္ခထဲမှာမပါတဲ့အဖွဲ့တွေကို အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးဖို့ဆိုတာ အခက်အခဲရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အားလုံးပါဝင်နိုင်တယ်ဆိုတဲ့နေရာမှာ ဘယ်လိုပုံစံနဲ့ရှေ့ဆက်ဆောင်ရွက်မလဲဆိုတာ ကျွန်တော်တို့ဆက်ပြီးတော့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို ဆက်ပြီးတော့သယ်ဆောင်သွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီငြိမ်းချမ်းရေးဆိုတာက အုတ်မြစ်ဖြစ်ပါတယ်။ ဒီအပေါ်မှာဆွေးနွေးမှုပုံစံပြောင်းနိုင်ပါတယ်။ ငြိမ်းချမ်းရေးရဲ့အနှစ်သာရကိုတော့ နောင်တက်လာမယ့်အစိုးရသစ်အနေနဲ့ ဆက်လက်ပြီးတော့ဖော်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်။

အမေး၊ အရေးနှင့် ဓာတ်ပုံ - နိုင်လင်းကြည်၊ မေသကြိန်၊ အေးအေးမြင့်

# ငြိမ်းချမ်းရေးသည် မြန်မာတစ်မျိုးသားလုံး ပြည်ထောင်စုတစ်ခုလုံး၏ ဂုဏ်သိက္ခာ၊ ဂုဏ်အင်္ဂါနှင့် သက်ဆိုင်

**သူရဦးရွှေမန်း**

# လက်မှတ်ရေးထိုးမှုမရှိသေးသည့်အဖွဲ့များအပေါ် တပ်မတော်အနေဖြင့် သံသယစိတ်မထားဘဲ မိမိတို့စိတ်ဆန္ဒအတိုင်း အချိန်မရွေး လက်မှတ်ရေးထိုးနိုင်ရန် တံခါးဖွင့်ထား

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**


သူရဦးရွှေမန်း


ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

**❑ မြန်မာနိုင်ငံငြိမ်းချမ်းရေးမှ**

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ အထောက်အကူပြုအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားသည်။ **(နိုင်ငံတော်သမ္မတ၏မိန့်ခွန်းကို ရှေ့ဖုံးစာမျက်နှာတွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ငြိမ်းချမ်းရေးသည် မြန်မာတစ်မျိုးသားလုံး ပြည်ထောင်စုတစ်ခုလုံး၏ ဂုဏ်သိက္ခာ၊ ဂုဏ်အင်္ဂါနှင့် သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် ဤကိစ္စကို နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေလိုအပ်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် လုပ်ဆောင်ကြရမည်ဖြစ်ပြီး သူ့ကြောင့်ကိုယ့်ကြောင့် လွဲချနေ၍မဖြစ်တော့ပါကြောင်း၊ ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိအောင် လုပ်ဆောင်ရာတွင် သန္နိဋ္ဌာန်နှင့် ရည်ရွယ်ချက် ခိုင်မာပြတ်သားရန်လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ခေါင်းဆောင်များနှင့် အဖွဲ့အစည်းများအနေဖြင့် သဘောထားကြီးကြရန်လိုပါကြောင်း၊ အချင်းချင်းစိတ်ရှည်သည်းခံရန်၊ နားလည်ခွင့်လွှတ်နိုင်ရန်၊ လေးစားကြရန်၊ ယုံကြည်ကြရန်၊ မျှမျှတတပြောဆိုဆက်ဆံကြရန်နှင့် ရိုးသားပွင့်လင်းကြရန်လိုအပ်ပါကြောင်း။

ငြိမ်းချမ်းရေးမရရှိသေးခြင်းမှာ လက်နက်ကိုင်ပဋိပက္ခတစ်ခုတည်းကြောင့် မဟုတ်ကြောင်း၊ အမျိုးသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း မသင့်မြတ်ခြင်း၊ သဟဇာတမဖြစ်ခြင်း၊ ရန်လိုခြင်း၊ အနိုင်ယူအသာစီးရလိုခြင်းများကိုလည်း နားလည်သဘောပေါက်ကြပြီဟု ထင်မြင်ပါကြောင်း၊ ထိုကိစ္စများကို သဟဇာတညီညွတ်မျှတစေရန်၊ မိတ်ဆွေများဖြစ်လာစေရန် အဖြေရှာဆောင်ရွက်ပေးရန် ဤညီလာခံကြီးတွင် တာဝန်ရှိလာပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် တွေ့ကြုံမှုများအရ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့်အညီ ခေတ်နှင့်အမီ ဖွံ့ဖြိုးတိုးတက်လာစေရန် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို


ဦးအောင်မင်း


ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း

အခြေခံလိုအပ်ချက်အဖြစ် အစဉ်တစိုက်တည်ကြည်လေးနက်စွာ ခံယူကျင့်သုံးလျက်ရှိပါကြောင်း၊ ၎င်းအချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအပေါ်တွင် မယိမ်းယိုင်သည့် သစ္စာတရားဖြင့် ခေတ်အဆက်ဆက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီစနစ်အတွက် မိမိတို့နိုင်ငံ၏ ပထမဦးဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေး ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအမှန်တကယ်ရရှိစေလိုသော စိတ်ရင်းအမှန်ဖြင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်သည့်နေရာတွင် ယခင် အတွေ့အကြုံများအရ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာဆောင်ရွက်နိုင်ရန် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒ (၆) ချက်ကို ချမှတ်အကောင်ထည်ဖော်ခဲ့ပါကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ညီအစ်ကိုများအားလုံး ပြန်လည်သင့်မြတ်ရေးအတွက် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခဲ့ရာတွင်လည်း တန်းတူအခွင့်အရေးပေးပြီး အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ စာနာထောက်ထားမှုများနှင့် မိမိဆန္ဒကို ရှေ့တန်းမတင်ဘဲ နိုင်ငံတော်၏အကျိုးကို သယ်ပိုးထမ်းဆောင်လိုသည့် စိတ်နှင့် စိတ်ရှည်သည်းခံစွာ ဆွေးနွေးညှိနှိုင်းခဲ့သည့်အတွက် NCA (တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးအတည်ပြုခဲ့ကြပါကြောင်း။

လက်မှတ်ရေးထိုးမှုမရှိသေးသည့်အဖွဲ့များအပေါ် တပ်မတော်အနေဖြင့် သံသယစိတ်မထားဘဲ မိမိတို့စိတ်ဆန္ဒအတိုင်း အချိန်မရွေး လက်မှတ်ရေးထိုးနိုင်ရန် တံခါးဖွင့်ထားသကဲ့သို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ငြိမ်းချမ်းရေးလိုလားသည့် ပြင်းပြသည့်ဆန္ဒအမှန်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးသည် နှစ်ပေါင်း ၆၀ ကျော်ကြာရှည်နေပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို အချိန်တိုအတွင်း ဖြေရှင်းနိုင်ရန်အတွက် ကဏ္ဍအသီးသီးတွင် ပါဝင်ပတ်သက်နေသည့် Stakeholder များ၏ စိတ်ရင်းစေတနာကောင်းများနှင့် မဆုတ်မနစ် ကြိုးပမ်းခဲ့ခြင်း၏ရလဒ်ဖြစ်ပါကြောင်း၊ အဆိုပါရလဒ်အခွင့်ကောင်းကို လက်မလွှတ်တမ်းဆုပ်ကိုင်ပြီး တိုင်းရင်းသားပြည်သူများ၏ လိုလားချက်ဖြစ်သည့် ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

ယနေ့ငြိမ်းချမ်းရေးညီလာခံတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လက်နက်ကိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပါဝင်သင့်၊ ပါဝင်ထိုက်သူများ စုံညီစွာပါဝင်ဆွေးနွေးကြမည်ဖြစ်၍ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ငြိမ်းချမ်းရေးညီလာခံဖြစ်သည်ကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးသည် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် နိုင်ငံတော်အတွက် သမိုင်းသစ်တစ်ခု ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် ခြေလှမ်းသစ်တစ်ရပ် စတင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု အပြည့်အဝမျှော်လင့်ပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် ညီလာခံကြီးအဖြစ်လည်း ယုံကြည်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိနိုင်ငံ မိမိကာကွယ်ရေးအတွက် တပ်မတော်တစ်ရပ်သာ ထားရှိကြသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ယင်းမူဝါဒအတိုင်း ကျင့်သုံးဆောင်ရွက်ပြီး မြန်မာ့တပ်မတော်ကို Standard Army အဖြစ် အဘက်ဘက်က တည်ဆောက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသည့် တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း တပ်မတော်တွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဖိတ်ခေါ်ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံသမိုင်းတွင် နှစ်ကာလကြာရှည်စွာ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်စေရေးအတွက် အရေးကြီးဆုံး မဖြစ်မနေကျင့်သုံးဆောင်ရွက်ရမည့် မဟာဗျူဟာသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက်၊ အနာဂတ်မိမိတို့ မြန်မာ့မျိုးဆက်များအတွက်ဆိုတာ လေးလေးနက်နက်ခံယူပြီး စိတ်ရင်းစေတနာမှန်မှန်ဖြင့် အောင်မြင်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တပ်မတော်အနေဖြင့်လည်း အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် အားပေးထောက်ခံပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာစာချုပ်သည် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ပထမအစခြေလှမ်းသာဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် မလွှဲမသွေကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်းအကြားတွင် NCA စာချုပ်ကို လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အချင်းချင်း စိတ်ကူးမကွဲပြားရန် အရေးကြီးပါကြောင်း။

စာမျက်နှာ ၉ သို့ ❖

# နိုင်ငံတစ်ဝန်း လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၂ ရက် ညပိုင်းတွင် နိုင်ငံတစ်ဝန်း၌ မီးခေတ္တပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားစနစ်ဌာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းသူရအား မြန်မာ့သတင်းစဉ်မှ ဆက်သွယ်မေးမြန်းရာ ည ၉ နာရီခွဲခန့်တွင် ပျဉ်းမနားနှင့် သာစည်အကြား ရွှေမြို့ရှိ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ Load down ဖြစ်သွား၍ ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ နေပြည်တော်တွင် ည ၉ နာရီ မိနစ် ၄၀ ခန့်၌လည်းကောင်း၊ မန္တလေးတွင် ည ၁၀ နာရီခန့်၌လည်းကောင်း မီးပြန်လည်ရရှိခဲ့ပြီး ရန်ကုန်မြို့တွင် လျှပ်စစ်မီးပြန်လည်ရရှိနိုင်ရေးအတွက် လောပိတဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးခဲ့ရာ ရန်ကုန်မြို့ရှိ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံကြီး ခုနစ်ရုံသို့ ည ၁၁ နာရီ ၁၃ မိနစ်တွင် ဓာတ်အားရောက်ရှိသွားပြီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံငယ်များမှတစ်ဆင့် လျှပ်စစ်မီးပြန်လည်ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ည ၁၁ နာရီ ၁၅ မိနစ်တွင် ဆက်သွယ်မေးမြန်းချက်အရ သိရှိရသည်။

မီးပြတ်တောက်မှုမဖြစ်ပွားမီ ည ၉ နာရီ ၂၉ မိနစ်ခန့်တွင် ရန်ကုန်မြို့ ကမ္ဘာအေး မြေလျှင်စခန်းမှ အရှေ့တောင်ဘက် ၄၁ မိုင်ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်းကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**


ဒေါ်အောင်ဆန်းစုကြည်

# အမျိုးသားပြန်လည်သင့်မြတ်ရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လမ်းမှ လျစ်လျူရှုထား၍မရ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး မရှိဘဲနှင့် တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးကို ဘယ်လိုမှ မတည်ဆောက်နိုင်

ဒေါ်အောင်ဆန်းစုကြည်

# ပွင့်ဟလာသည့် နိုင်ငံရေးဆွေးနွေးပွဲ တံခါးပေါက်မှ ပိုမိုပြည့်စုံပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်လာစေရန် ဆက်လက်ကြိုးစားဆောင်ရွက်ကြရမည်

စောမူတူးစေးဖိုး


စောမူတူးစေးဖိုး

❖ စာမျက်နှာ ၈ မှ

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လမ်းမှ လျစ်လျူရှုထား၍မရပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲနှင့် တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးကို ဘယ်လိုမှ မတည်ဆောက်နိုင်ပါကြောင်း။

တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် တကွဲတပြားစီ လုပ်ဆောင်ခြင်းထက် ပိုပြီးထိရောက်မှုရှိသည်မှာ သာဓကရှိပါကြောင်း၊ ယခုလည်း တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ လိုချင်သည့်ပန်းတိုင်ကို မြန်မြန်ဆန်ဆန် အောင်အောင်မြင်မြင် သွားနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားများအားလုံး အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ရက်ပေါင်း(၉၀)အတွင်း အကောင်အထည်ဖော်ရမည့်ကိစ္စကို စတင်ရင်း နောင်နိုင်ငံတော်တာဝန်ကို ထမ်းဆောင်မည့် အစိုးရအနေဖြင့်လည်း လက်ဆင့်ကမ်းသယ်ဆောင်ရမည့် အရေးပါသည့် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ရေးအတွက် ပွင့်ဟလာသည့် နိုင်ငံရေးဆွေးနွေးပွဲ တံခါးပေါက်မှ ပိုမိုပြည့်စုံပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်လာစေရန် ဆက်လက်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် Waiting Game ကို ကစားသကဲ့သို့ မလုပ်ကြဘဲ နိုင်ငံရေးကို ပီပီပြင်ပြင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် အားလုံးလိုလားကြသော်လည်း ပြဿနာအပေါ်တွင် ရှုမြင်သည့်အမြင်များသည် ကွဲပြားခြားနားမှုရှိတတ်ကြပါကြောင်း၊ ပြဿနာ၏အဖြေကို ချဉ်းကပ်သည့်လမ်းကြောင်းလည်း မတူညီကြပါကြောင်း၊ နိုင်ငံ၏အရေးပါသည့် Institutions များ၏ အတွေးအခေါ် တည်ဆောက်မှုများ မတူညီကြပါကြောင်း၊ ပထဝီအရကွဲပြားနေကြသကဲ့သို့ တိုင်းရင်းသားလူမျိုးများ၏ သမိုင်းနောက်ခံများနှင့် ရုန်းကန်မှုများ


ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်


စိုင်းကျော်ညွှန့်

မှာလည်း မတူညီကြပါကြောင်း၊ ယင်းတို့ကို အသိအမှတ်ပြုပြီး အားလုံးလက်ခံနိုင်သည့် အခြေခံတစ်ခုတည်ဆောက်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ပြီးမှသာ လုံခြုံစိတ်ချနိုင်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ရရှိမည်ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို သေချာစေမည်ကိုလည်း ထောက်ပြလိုပါကြောင်း။

ဖွဲ့စည်းပုံ ပြင်ရာတွင်လည်း အခြေခံလမ်းကြောင်းနှစ်ခုရှိပြီး လွှတ်တော်အတွင်း ပြင်ဆင်မှုလမ်းကြောင်းဖြစ်သည့် နိုင်ငံရေးအရ တာဝန်ရှိသူများအကြား အခြေခံဥပဒေနှင့်အညီ ပါဝင်ပြင်ဆင်သည့်လမ်းကြောင်းနှင့် လွှတ်တော်ပြင်ပလမ်းကြောင်းဟု ခေါ်ဆိုနိုင်သည့် ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ပြီး ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်သည့်အတွက် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်သော နိုင်ငံရေးဆွေးနွေးပွဲလမ်းကြောင်းတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) အနှစ်ချုပ်ကို တင်ပြခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းအစီရင်ခံစာကို တင်သွင်းခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး စိုင်းကျော်ညွှန့်က နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင်အနှစ်ချုပ်ကို တင်ပြခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (JMC) အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းအစီရင်ခံစာကို တင်ပြခြင်းများ ဆောင်ရွက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ပဲနွယ်ကုန်းတွင် မန္တလေး-ရန်ကုန်အစုန်ရထားလမ်းချော်၍ တံတားအားတိုက်မိ

**ကျောက်တံခါး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမီးရထားဘူတာအနီးတွင် လမ်းချော်၍ တံတားအားဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်ခေါင်းအမှတ် DF1247 စက်ခေါင်းမောင်း ဦးအေးကို မောင်းနှင်းလာသော မန္တလေး-ရန်ကုန်အစုန် ကုန်တင်ရထားသည် ပဲနွယ်ကုန်းမြို့အနီး မီးရထားမိုင်တိုင်အမှတ် (၁၁၃/၂၄) နှင့် (၁၁၃/၂၃) ကြားတွင် စက်ခေါင်းနောက် သုံးတွဲမြောက်လမ်းချော်၍ တုံကန်ချောင်းအလယ်တွင် တည်ဆောက်ထားသော သံလမ်းကူးတံတား မြေထိန်းနံရံအုတ်ခုံအား ဝင်ရောက်တိုက်မိရာ နံရံအုတ်ခုံများ ကျိုးပဲ့ပြိုကျမှုဖြစ်ပွားခြင်း၊ မီးရထားပြေးလမ်းသစ်သားဇလီဖားတုံးများ ကျိုးကြေခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ ပွန်းပဲ့ခြင်းနှင့် ရထားသံလမ်းအားကုပ်ထားသော ကလစ်များ ကြေမွပျက်စီးခြင်းဖြစ်ပေါ်ခဲ့ပြီး လိုက်ပါလာသော မီးရထားဝန်ထမ်းများ တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ ကျင်းပစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိုင်းအိုက်ပေါင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အတွင်းရေးမှူးများအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် ဦးခက်ထိန်နန်တို့က ညီလာခံကျင်းပမည့်ပုံစံ၊ ညီလာခံတွင် ဆွေးနွေးမည့် အကြောင်းအရာများနှင့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ ညီလာခံစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြခြင်းနှင့် အကြောင်းအရာအလိုက် ဆွေးနွေးရန်အတွက် အကျိုးဆောင်များ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အစုအဖွဲ့(၇)ဖွဲ့မှ ကိုယ်စားလှယ်များက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးကြမည့်သူများနှင့် အဓိကထားဆွေးနွေးရမည့် အကြောင်းအရာများကို သီးခြားသတ်မှတ်ထားသော အခန်းများ၌ နှီးနှောတိုင်ပင် ဆွေးနွေးကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကင်ဆာရောဂါ လူနာသစ်အရေအတွက် ထူးထူးခြားခြား များပြားလာ ခေတ်မီစက်ကိရိယာပစ္စည်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ကုသဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

WHO IARC ( International Agency for Research on Cancer) မှ ထုတ်ပြန်သော စာရင်းများအရ တစ်ကမ္ဘာလုံးတွင် ၂၀၁၂ ခုနှစ်တွင် ကင်ဆာလူနာသစ်ပေါင်း ၁၄ ဒသမ ၁ သန်းခန့်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၂ သန်းအထိ ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားပါကြောင်း ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဆိုင်ရာ ကာကွယ်၊ ကုသ၊ စောင့်ရှောက်မှုပြီးပြည့်စုံရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော ပြည်တွင်းပြည်ပမှ ပညာရှင်များအား ဂုဏ်ပြုသည့် ညစာစားပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံရှိ ကင်ဆာရောဂါကုသဌာနများ၏ စာရင်းဇယားများအရ နှစ်စဉ်လာရောက်ကုသသည့် လူနာသစ်အရေအတွက်မှာ တစ်နှစ်ပြီးတစ်နှစ် ထူးထူးခြားခြား များပြားလာနေသည်ကို တွေ့မြင်နေရပါကြောင်း၊ ထိုသို့ကင်ဆာလူနာအရေအတွက် များပြားလာလျက်ရှိသော်လည်း ကင်ဆာရောဂါကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံတွင် ကျွမ်းကျင်ပညာရှင်အင်အား၊ စက်ပစ္စည်းအင်အား ပိုမိုလိုအပ်နေသေးသည်ကို တွေ့ရှိရပါကြောင်း။

WHO Framework Convention on Tobacco Control (WHO FCTC) ပါ အချက်များနှင့်အညီ ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများ၏ ထုပ်ပိုးခွံများအားလုံးပေါ်တွင် ကျန်းမာရေးသတိပေးချက်ရုပ်ပုံနှင့် စာတန်းများကို အလှည့်ကျထည့်သွင်းဖော်ပြနိုင်ရေးအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရန် ဥပဒေပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် မကြာမီတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ယခုအခါ ကမ္ဘာပေါ်တွင် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ နာတာရှည်အဆုတ်လမ်းကြောင်းဆိုင်ရာရောဂါများ စသည့် မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုများပြားလာရခြင်း အကြောင်းရင်းများကို ရှာဖွေကြည့်ပါက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲခြင်း၊ အရက်နှင့်ယမကာများကို အန္တရာယ်ဖြစ်စေသည်အထိသောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ၊ လေ့ကျင့်ခန်းများ မပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့် မဆီလျော်သော အစားအသောက်များ စားသောက်ခြင်း စသည့်လူနေမှုပုံစံပြောင်းလဲမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရက ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေများကို ယခင်ကထက် တိုးမြှင့်ချထားပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာရောဂါကုသရေးအတွက် ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းတပ်ဆင်ပေးခြင်း၊ ကျွမ်းကျင်ပညာရှင်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့


# အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သက်သေထူမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံစတင်

သတင်း - ရဲခေါင်ညွှန့်
ဓာတ်ပုံ - ဖိုးထောင်

နေပြည်တော် ဇန်နဝါရီ ၁၂

**မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးမှတ်တိုင်သစ်စိုက်ထူနိုင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) တွင် ဇန်နဝါရီ ၁၂ ရက်မှ စတင်၍ ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည်။**


H.E. Mr. Sun Guoxiang


ဦးကိုကိုကြီး


ဦးလှမောင်ရွှေ


စိုင်းကျော်ညွှန့်

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးသို့ အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လွှတ်တော်မှ ကိုယ်စားလှယ်များ၊ တပ်မတော်မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများ စုံလင်စွာတက်ရောက်ခဲ့ကြသည့်အပြင် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့ရုံးမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂမှ အထူးကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တရုတ်နိုင်ငံအနေဖြင့် ကူညီသွားမည့် အကြောင်းကို "တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အပြည့်အစုံကူညီပေးနေပါတယ်။ ကျွန်တော့်ရဲ့ ခံစားမှုကို ပြောပြရရင်တော့ မတူညီတဲ့အချင်းချင်းတွေကို တူညီတဲ့ရလဒ်တစ်ခုရဖို့ လုပ်ဆောင်နေတယ်လို့ မြင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရထားလမ်းနဲ့တူပါတယ်။ ဘူတာကနေစထွက်လာပါပြီ။ အခြားလူတွေလည်း ဆက်လက်တက်ချင်တယ်ဆိုရင် တက်လို့ရပါတယ်။ အားလုံးကို တက်တက်ကြွကြွနဲ့ ပါဝင်ကြမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang က ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးသည် လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာသမိုင်းတွင်နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ပြနိုင်ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့ပြီး (၈၈)ရက်မြောက်နေ့တွင် ယခုကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခြင်းဖြစ်သည်။

ချင်းအမျိုးသားတပ်ဦး(CNF)၏ အဓိပတိကောင်စီဝင် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "ကျွန်တော့်မိခင်ပါတီက ပြောထားတာက နိုင်ငံရေးအခန်းကဏ္ဍဆွေးနွေးပွဲမှာ ဆွေးနွေးဖို့ တာဝန်ပေးထားပါတယ်။ နိုင်ငံရေးအခန်းကဏ္ဍမှာ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပြင်ဆင်ထားတာက ဖက်ဒရယ်အခြေခံမူနဲ့ ပတ်သက်ရင် ၂၀၁၅ မှာ ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အားလုံးနဲ့ ဒီမိုကရေစီအင်အားစုများ ပူးပေါင်းပြီး သဘောတူထားတဲ့ ဖက်ဒရယ်အဆင့်ကို လမ်းညွှန်အခြေခံရမယ့်မူ (၈)ချက်ရှိပါတယ်။ အဲဒါကိုပဲ ထပ်ပြီးတော့ တင်သွင်းဖို့ပြင်ဆင်ထားပါတယ်။ ပြည်ထောင်စုသမိုင်းမှာ ပထမဆုံး စတင်ကျင်းပတဲ့ ညီလာခံဖြစ်တဲ့အတွက် သမိုင်းမှာ တွင်ကျန်ရစ်မယ့် အရေးကြီးတဲ့ ညီလာခံကြီးတစ်ခုပါ။ ဒီညီလာခံကြီးမှာ ဆွေးနွေးမယ့် အကြောင်းအရာ တွေကလည်း အင်မတန်အရေးကြီးတဲ့ အကြောင်းအရာတွေပါ"ဟု ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်ဆွေးနွေးမည့် အကြောင်းအရာကို ပြောသည်။

ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် (၁) နိုင်ငံရေးဆွေးနွေးမှုအနေဖြင့်ဖက်ဒရယ်စနစ်တွင် အခြေခံသင့်သည့်မူများ၊ (၂) လူမှုရေးအနေဖြင့် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ၏ (IDPs) ကိစ္စရပ်များ၊ (၃) စီးပွားရေးအနေဖြင့် အခွန်ခွဲဝေခြင်းနှင့် ကောက်ယူခြင်းဆိုင်ရာများ၊ (၄)လုံခြုံရေးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့်မူများအား ညီလာခံကျင်းပသည့် ငါးရက်တာအတွင်း ဆွေးနွေးကြမည်ဖြစ်သည်။

နိုင်ငံရေးဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးမည့် (၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက "ကျွန်တော်တို့က နိုင်ငံရေးအယူအဆပိုင်းနဲ့ ပတ်သက်တဲ့အရာတွေကို အဓိကထား ဆွေးနွေးမှာပါ။ အဖွဲ့အစည်းတစ်ခုချင်းစီမှာက သီးခြားနောက်ခံတွေရှိတယ်။ သီးခြားနိုင်ငံရေး သဘောထားတွေရှိတယ်။ ဒါကြောင့်မို့ တစ်ဖွဲ့ချင်းစီပါဝင်လာဖို့အတွက် ကြိုးစားရာမှာ မတူညီတဲ့ နောက်ခံ သမိုင်းကြောင်းတွေကို မှတ်ပြီး ချဉ်းကပ်ထားဖို့လိုပါတယ်။ ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းလို့ ပြောလို့ရတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ဒီထက်ပိုပြီး အားလုံးပါဝင်တဲ့ ညီလာခံဖြစ်အောင် ဆက်ကြိုးစားရမှာပါ။ (၈)ဖွဲ့နဲ့စတယ်ဆိုပေမယ့်လည်း ပဏာမခြေလှမ်းအဖြစ် ဒီထက်ပိုကျယ်ပြန့်အောင် လက်မှတ်မထိုးနိုင်သေးတဲ့ တိုင်းရင်းသားတွေလည်း ပါဝင်လာအောင် ကျွန်တော်တို့ ဆက်ကြိုးစားရမှာပါ"ဟု ပြောသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးစားနေကြသူများ၏ မြင်ကွင်းအဖြစ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသည် သက်သေထူနိုင်ခဲ့သည်။ ညီလာခံတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားခဲ့ကြသည်။

ညီလာခံတွင်ဝင်ရောက် ဆွေးနွေးမည့် ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့ကိုယ်စားလှယ် ဦးလှမောင်ရွှေက "လက်နက်ကိုင်ပဋိပက္ခတွေကို လက်နက်ကိုင်တဲ့နည်းနဲ့ ဖြေရှင်းလို့မရဘူးဆိုတာ (၆၇)နှစ်ကြာ ပြည်တွင်းစစ်က သက်သေပြနေပါတယ်။ ဒီညီလာခံမှာတော့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသွားဖို့အတွက်ကို အခြေခံတွေ စုစည်းပေးခဲ့နိုင်မယ်လို့ထင်ပါတယ်။ စုစည်းချက်တွေကို နောက်ထပ်ညီလာခံတွေကတစ်ဆင့် အကောင်အထည်ဖော်နိုင်ပါမယ်။ UPDJC ဘက်ကလည်း အဆိုတင်မှာတွေ ရှိပါတယ်။ ဒီလိုညီလာခံတွေကို ဘယ်နှစ်နှစ်အတွင်း ဥပမာ သုံးနှစ်ကနေ ငါးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ဖို့ဆိုတာမျိုးပါ။ ဒီညီလာခံ တစ်ခုတည်းနဲ့တော့ ပြီးပြတ်မှာမဟုတ်ဘူး။ ဒီနေ့ညီလာခံကတော့ ငြိမ်းချမ်းရေးခရီးရှည်အတွက် စတဲ့ခြေလှမ်းပဲဖြစ်ပါတယ်"ဟုပြောသည်။

နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သူ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC အဖွဲ့ဝင် စိုင်းကျော်ညွှန့်က "ကျွန်တော်တို့က ဖက်ဒရယ် မူဝါဒပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး နိုင်ငံရေးပါတီများအစုအဖွဲ့အနေနဲ့ ဆွေးနွေးမယ်။ နောင်တက်လာမယ့် အစိုးရ လက်ထက်မှာ ပထမဆုံး စတင်လုပ်ဆောင်ရမှာက ငြိမ်းချမ်းရေးအတွက် ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့တွေလည်း ငြိမ်းချမ်းရေးမှာ ပါဝင်ဖို့အတွက် အားလုံးကိုခေါ်ပြီးတော့ လုပ်ဆောင်မယ်ဆိုတာ ပြောပြီးသားပါ" ဟု ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဖြေကြားခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း (NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့အပါအဝင် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက နှစ်နှစ်ကျော်ကြာ အတူတကွ ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ အတူတကွရေးဆွဲခဲ့ကြသော NCA စာချုပ်မူကြမ်းကို ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်က NCA စာချုပ်မူချောအဖြစ် အတည်ပြုနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ကန့်ကွက်သူမရှိဘဲ ထောက်ခံအတည်ပြုနိုင်ခဲ့သည်။ ။

# လျှပ်စစ်ရထားပြေးဆွဲသည့်ကမ်းနားလမ်းတစ်လျှောက် ရထားလမ်းဝန်းကျင်၌ ဈေးရောင်းချခြင်းနှင့် ယာဉ်ပြင်လုပ်ငန်းများ ထိန်းသိမ်းပေးရန်လိုအပ်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ကမ်းနားလမ်းတစ်လျှောက် ဝါးတန်းလမ်းမှ လင်းစဒေါင်းအထိ လျှပ်စစ်ရထားပြေးဆွဲခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းမှစတင်ခဲ့သည်။ ကြားဘူတာများအဖြစ် မော်တင်၊ စဥ့်အိုးတန်း၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဆိုးတန်း၊ ဗိုလ်တထောင်ဘူတာများရှိပြီး ယင်းနေရာများတွင် ရထားဝင်/ထွက်ချိန်နှင့် ခရီးသည်တစ်ဦးလျှင် ရထားခ ကျပ်၁၀၀နှုန်းဟု အသိပေးကြေညာစာကပ်ထားသည်။

နေ့စဉ် ဝါးတန်းဘူတာမှ နံနက် ၈ နာရီတွင် စတင်ထွက်ခွာ၍ လင်းစဒေါင်းသို့ ၈ နာရီခွဲတွင် ရောက်ရှိသည်။ နောက်ဆုံးရထားသည် ဝါးတန်းမှ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ထွက်ခွာမည်ဟု သိရသည်။

၁၉၀၄ ခုနှစ်တွင် ရန်ကုန်မြို့၌ လျှပ်စစ်အသုံးပြု ဓာတ်ရထား ထရော်လီများ ပြေးဆွဲခဲ့သည်။ နှစ်ပေါင်း ၁၁၀ ကျော်အကြာတွင် ပြန်လည်၍ လျှပ်စစ်ရထားပြေးဆွဲမှု စတင်ခြင်းဖြစ်သည်။ ယင်းခရီးစဉ်တွင် ခရီးမိုင် သုံးမိုင်ခွဲရှိပြီး လျှပ်စစ်ဓာတ်တိုင်ပေါင်း ၁၃၉ တိုင် စိုက်ထူထားသည်ဟု ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ကမ်းနားလမ်းမသစ်တွင် လမ်းအသုံးပြုခအဖြစ် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ယာဉ်ငယ်တစ်စီးလျှင် ၂၄ နာရီအတွက် ငွေကျပ် ၁၅၀၀၊ ယာဉ်ကြီးတစ်စီး ငွေကျပ် ၄၀၀၀ ကောက်ခံခဲ့သည်။ လမ်းသစ်ပေါ်လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူကာ ယာဉ်အသွားနှုန်း တစ်နာရီ မိုင် ၂၀ ဟု ကန့်သတ်မှုရှိသည်။

သို့သော် လိုက်နာမှုအားနည်း၍ ယာဉ်တိုက်မှု မကြာခဏဖြစ်ပွားဆဲဖြစ်သည်။ ၂၀၁၅ နှစ်ကုန် လများတွင် ကမ်းနားလမ်းသစ်ပေါ်မှ အနိမ့်ပိုင်းဖြစ်သော ကမ်းနားလမ်းဟောင်းပေါ်သို့ ကုန်ကားကြီးများ အရှိန်လွန်ကျရောက်မှု၊ လသာနှင့် လမ်းမတော်မြို့နယ်တို့တွင် ယာဉ်အရှိန်လွန်ကျမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ခြင်းကြောင့် ကမ်းနားလမ်းဟောင်း လမ်းဘေးရပ်အိမ်စီးယာဉ်ငယ် ၁၀ စီးဝန်းကျင် ထိခိုက်ပျက်စီးမှုရှိခဲ့သည်ဟု မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ စတင်ပြေးဆွဲခဲ့သော RBE ရထားခရီးစဉ်တွင်လည်း ကမ်းနားလမ်းသစ်၏ လင်းစဒေါင်းဝန်းကျင်တွင် ၂၀၁၅ နှစ်လယ်နောက်ပိုင်းတွင် ကုန်ကားဖြင့်တိုက်မှုဖြစ်ခဲ့ဖူးသည်။

ဒီဇယ်အသုံးပြု RBE ရထားမှာ လူစီးနည်း၍ အရှုံးပေါ်ခဲ့သော်လည်း လျှပ်စစ်ရထားမှာ လျှပ်စစ်ဓာတ်အား အသုံးပြု၍ ကုန်ကျစရိတ်သက်သာနိုင်သည်။ ရထားပြေးဆွဲရာတွင် ဒီဇယ်မှ လျှပ်စစ်အသုံးပြုပြေးဆွဲမှုအတွက် ပြောင်းလဲရာတွင် ရှေ့ပြေးအဖြစ် စတင်ပြေးဆွဲခြင်းဖြစ်သည်ဟု သိရသည်။

ယနေ့ပြေးဆွဲရာတွင် ရထားလမ်းဘေးတစ်လျှောက် ဈေးရောင်းချမှုအပြင် အလုပ်လုပ်မှုများ တားမြစ်ထား၍ ရှင်းလင်းနေခြင်း၊ မိုးကာများဖြင့် ဖုံးအုပ်ခြင်းများကို မြင်တွေ့ခဲ့ရသည်။ နေ့စဉ်ပြေးဆွဲ၍ ယခုကဲ့သို့ ရှင်းလင်းမှုသာ ရထားသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိမည်ဟု လျှပ်စစ်ရထားပြေးဆွဲမှုတွင်လိုက်ပါစီးနင်းရာမှမြင်တွေ့မှုအပေါ် လမ်းမတော်မြို့နယ်နေဦးမြင့်ကပြောသည်။

ဝါးတန်းမှ လင်းစဒေါင်းအထိ ရှေ့ပြေး ပြေးဆွဲရာမှ တိုးချဲ့ပြေးဆွဲရန် သက်ဆိုင်ရာမှ စီစဉ်မှုများရှိရာ ကမ်းနားလမ်းသစ်တစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးဦးစားပေး၍ ယာဉ်၊ ဈေးရောင်းချသူ၊ အလုပ်ရုံဖွင့်သူများအား ထိန်းသိမ်းပေးရန် လိုအပ်နေသည်ဟု ဆိုသည်။ **(မောင်စေအောင်)**



## ချောင်းဆုံမြို့၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေး

**ချောင်းဆုံ ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ချောင်းဆုံမြို့ ကျန်းမာရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ အိမ်တိုင်ရာရောက် ကာကွယ်ဆေးများ တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းကို အသက်နှစ်နှစ်နှင့်အထက် ကလေးငယ်များနှင့် လူကြီးများအားလုံးကို တိုက်ကျွေးသွားမည်ဖြစ်ပြီး ချောင်းဆုံမြို့နယ်အတွင်း ဆေးတိုက်ကျွေးမည့် လူဦးရေ ၁၂၁၅၄၇ ဦးရှိရာ ဇန်နဝါရီ ၁၀ ရက်တွင် ဆေးတိုက်ကျွေးပြီးလူဦးရေ ၂၆ ဒသမ ၆ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။ **(ထူးအိမ်)**

# ထိုင်း-မြန်မာ ချစ်ကြည်ရေးဈေးရောင်းပွဲတော် မြဝတီမြို့၌ စည်ကားစွာကျင်းပ

**မြဝတီ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့ မြစန္ဒီပန်းခြံကြီးအတွင်းတွင် ဇန်နဝါရီ ၁၁ ရက် ညနေ ၅ နာရီက ထိုင်း-မြန်မာ ချစ်ကြည်ရေး နှစ်နိုင်ငံဈေးရောင်းပွဲတော်ကို စည်ကားစွာကျင်းပခဲ့သည်။

မြဝတီမြို့နှင့် မဲဆောက်မြို့တို့သည် Sister-City ညီအစ်မမြို့များဖြစ်ကြပြီး မြို့နှစ်မြို့နေပြည်သူများ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိရန်၊ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမများကဲ့သို့ ချစ်ခင်ရင်းနှီးကာ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင်လည်း အပြန်အလှန်ကူညီသွားကြရန်နှင့် ညီအစ်မမြို့နှစ်မြို့ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်၍ ဤဈေးပွဲတော်ကြီးကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် နှစ်နိုင်ငံတာဝန်ရှိသူများသည် ထိုင်း-မြန်မာ လူငယ်မောင်မယ်များ၏ ဂီတဖျော်ဖြေပွဲများ၊ နှစ်နိုင်ငံ အကအလှ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ ဈေးပွဲတော်ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းဈေးပွဲတော်တွင် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်းမှ သစ်သီးဝလံများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ အလှကုန်များ၊ မီးဖိုချောင်သုံးငရုတ်ဆုံ၊ ဓား၊ တံစဉ်နှင့်သံထည်ပစ္စည်းများ၊ ပန်းအလှဆင်ပစ္စည်းများ၊ မုန့်နှင့် သရေစာများ စုံညီစွာရောင်းချပေးပြီး မြဝတီဘက်မှလည်း ပန်းချီနှင့်ပန်းပုပစ္စည်းများ၊ ချည်ထဘီနှင့် ချုပ်အင်္ကျီများ၊ စားပွဲ၊ ကုလားထိုင်နှင့် အိမ်ထောင်ပရိဘောဂပစ္စည်းများ၊ ယောက်ျားစီး၊ မိန်းမစီးဖိနပ်များ၊ ကရင်ရိုးရာ အဝတ်အထည်များ စုံညီစွာရောင်းချကြပြီး အဆိုပါ ဈေးပွဲတော်ကြီးကို ဇန်နဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# လယ်ယာ နားချိန်တွင် အပိုဝင်ငွေရရှိ

**မြင်းမူ ဇန်နဝါရီ ၁၂**


မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီမတိုင်မီကတည်းက နိုင်ငံခြားသားများသည် မင်းကွန်းဒေသသို့ ရောက်ရှိလာကြပြီး မန္တလေးမှ ဧရာဝတီမြစ်ကိုဖြတ်၍ အများဆုံးသွားလာကြသည်။ ထို့ကြောင့် မန္တလေး ဂေါဝိန်ဆိပ်ကမ်း၌ လှေများ၊ ငှက်သမ္ဗန်များ၊ ရုပ်ပြေးယာဉ်များသည် နိုင်ငံခြားသားများအား ကူးတို့ပို့ဆောင်ခြင်းဖြင့် ဝင်ငွေအဆင်ပြေနေကြသည်။

ထိုနည်းတူစွာ မင်းကွန်းဆိပ်ကမ်း၌လည်း ပေါင်းမိုးလှည်းများဖြင့် နိုင်ငံခြားသားခရီးသွားများကို လိုအပ်သည့်နေရာများသို့ ကုန်းကူးတို့အဖြစ် ပို့ဆောင်ပေးရခြင်းကြောင့် ပေါင်းမိုးလှည်းသမားများ ဝင်ငွေအဆင်ပြေနေကြသည်။ လယ်သမား၊ အလုပ်သမားများအနေဖြင့် လယ်ယာနားချိန်တွင် အပိုဝင်ငွေရှာဖွေနိုင်သောကြောင့် မိသားစု စီးပွားရေးအဆင်ပြေကြောင်း သိရသည်။ **(၆၂၄)**

## နည်းပညာသတင်း

### ပီစီမှာ Android OS တင်ပြီးအသုံးပြုလိုသူများအတွက် Remix OS 2.0 အား အသုံးပြုနိုင်တော့မည်

Android OS အား အခြေပြုတည်ဆောက်ထားသော Remix OS 2.0 အား ဇန်နဝါရီ ၁၂ ရက်မှစတင်ပြီး ပီစီများတွင် စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ ပီစီပေါ်တွင် လိုက်လျောညီထွေစွာသုံးစွဲနိုင်မည့် ပုံစံဒီဇိုင်းဖြင့် ပြန်လည်ဖန်တီးထားခြင်းဖြစ်ပြီး apps နှစ်ခုထက်မက များစွာသော apps များကို ဖွင့်ပြီး သုံးစွဲနိုင်မည့် multi-window စနစ်ကိုလည်း ထောက်ပံ့ပေးထားသည်။ Window ကဲ့သို့ပင် Taskbar ပါရှိကာ Start Menu မှ များစွာသော apps များကို သုံးစွဲနိုင်မည်ဖြစ်သည်။ Notifications များကိုDesktop ၏ ညာဘက်ခြမ်းတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။ Google Play Store တွင်ရှိသော Android apps ပေါင်း ၁ ဒသမ ၅ သန်းကျော်ကို download




လုပ်ကာ သုံးစွဲနိုင်မည်ဖြစ်သည်။ Android တွင် ဗားရှင်းမြှင့်နိုင်သကဲ့သို့ Remix OS တွင်လည်း OTA updater မှ နောက်ဆုံးဆော့ဖ်ဝဲဗားရှင်းကို အလိုအလျောက် update လုပ်ပေးနိုင်မည်ဖြစ်သည်။

Remix OS သည် Jide ကုမ္ပဏီမှ Lollipop ဗားရှင်းအပေါ် အခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး Intel နှင့် AMD hardware များကို အသုံးပြုထားသောမည်သည့် X86 ကွန်ပျူတာများတွင်မဆို အသုံးပြုနိုင်မည်ဖြစ်သည်။

အခြားသော OS များနှင့် Dual အဖြစ်တွဲဖက်သုံးစွဲနိုင်မည်ဖြစ်သည်။ Remix OS 2.0 အား ဇန်နဝါရီ ၁၂ ရက်တွင် အောက်ဖော်ပြပါ Link မှ download ရယူကာ FAT32 format ကို ထောက်ပံ့သော အနည်းဆုံး 8GB ပမာဏရှိသည့် USB 3.0 flash drive သို့ထည့်သွင်းကာ မိမိတို့၏ ပီစီများတွင်တင်ကာ အသုံးပြုနိုင်မည်ဖြစ်သည်။ Remix OS 2.0 ၏ အားသာချက်မှာ မော်ဒယ်နိမ့် ကွန်ပျူတာအဟောင်းများတွင် အသုံးပြုနိုင်သောကြောင့် များစွာအသုံးတည့်နိုင်မည်ဖြစ်သည်။

Remix OS 2.0 အား ဇန်နဝါရီ ၁၂ ရက်မှစ၍ အောက်ဖော်ပြပါ Link ၌ download ချကာ အသုံးပြုနိုင်ပါသည်-
http://www.jide.com/en/remixos-for-pc

### Xiaomi မှ သတ္တုကိုယ်ထည်ဒီဇိုင်းသစ်ဖြင့် ပြုလုပ်ထားသော Redmi 3 စမတ်ဖုန်းအား ထုတ်ပြန်ကြေညာ

ယခင်ထွက်ရှိခဲ့သော Xiaomi စမတ်ဖုန်းများနှင့် မတူကွဲပြားသော ဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားသည့် Redmi 3 အား Xiaomi မှ ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး တရုတ်ဈေးကွက်တွင် ဇန်နဝါရီ ၁၂ ရက်မှစတင်ပြီး Mi.com နှင့် Tmall တို့မှ စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Redmi 3 ၏ ဈေးနှုန်းအား တရုတ်ယွမ်ငွေ ၆၉၉ (လက်ရှိငွေလဲနှုန်းအရ USD ၁၀၅ ဝန်းကျင်)ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

Redmi 3 သည် မျက်နှာပြင်အကျယ် ၅လက်မဖြစ်ပြီး 720P HD ရုပ်ထွက်အားထောက်ပံ့ပေးမည်ဖြစ်ကာ Qualcomm Snapdragon 616 chipset ကို အသုံးပြုထားသည်။ RAM ကတော့ 2GB ဖြစ်ပြီး အချက်အလက်သိုလှောင်မှုအဖြစ် 32GB ကို ထောက်ပံ့ပေးထားသည်။ ဘက်ထရီမှာ 4,100mAh ဖြစ်သည်။ Redmi 3 အရင်ထွက်ရှိခဲ့သော Redmi 2 သည် လွန်ခဲ့သောခြောက်လခန့်က ထွက်ရှိခဲ့ခြင်းဖြစ်ပြီး Redmi 2 တွင် ဘက်ထရီသိုလှောင်နိုင်အား 2,200mAh ဖြစ်သောကြောင့် Redmi 3 အနေဖြင့် ဘက်ထရီသိုလှောင်နိုင်အား နှစ်ဆ ပိုမိုခံနိုင်ရည်ရှိမည်ဖြစ်သည်။

ကင်မရာပိုင်းအနေဖြင့် Redmi 3 တွင် နောက်ဘက်ကင်မရာ 13MP ဖြစ်ပြီး ရှေ့ဘက်ကင်မရာ 5MP ဖြစ်သည်။ အတိုင်းအတာအားဖြင့် 139.3x69.6x8.5mm ဖြစ်ပြီး အလေးချိန် 144g ဖြစ်ကာ Xiaomi ၏ နောက်ဆုံးသော OS ဖြစ်သည့် MIUI 7 OS ကို တစ်ပါတည်းထည့်သွင်းပေးထားသည်။

ဒီဇိုင်းအားဖြင့် ဖုန်းတစ်ခုလုံးကို သတ္တုကိုယ်ထည်ဖြင့်ဆင်ယင်ထားပြီး နောက်ကျောဘက်တွင် တလက်လက်တောက်ပနေသော ယင်းလိပ်အကွက်ပုံစံများကို စိန်ပွင့်များစီစီရီရီစီထားသကဲ့သို့ မြင်တွေ့ရမည်ဖြစ်ပြီး ကြယ်ပွင့်ပေါင်း ၄၁၆၆ ခုကို ရက်လုပ်ထားသည့်နှယ် ပုံဖော်ထားသည်။

ငြိမ်းချမ်း(BE-IT)

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃ - ၁ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "တန်ဖိုးရှိတာရယူပါ" တရားတော်(ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
၈း၀၀ "မင်္ဂလာပါ"The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၉၃)
၁၀း၅၀ အနုပညာမိုးကောင်းကင်
၁၁း၁၅ ဟင်းချက်ရအောင်
၁၁း၃၅ MRTV-4 Stage
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၅)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၃၆)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၀)
၄း၀၀ Cartoon Series (English Play ground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၁)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၃၇)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၄)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၆)
၃း၅၅ MRTV-4 Stage
၄း၁၀ World of Knowledge (Seconds From Disaster : Paris Train crash)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၃၅ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၀၈ မျိုးချစ်တပ်မတော်
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၁၀၇)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၆ Amazing Cities
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ရယ်စရာပျော်စရာဟာသကမ္ဘာ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင့်ချစ်သူလေ ဒီဒီဇိုင်နာ အပိုင်း(၂၀)

### mitv

07:26 Taung Byone Nat Festival (Ep-2)
07:52 Sweet Delicacy Of Pathein
08:26 Myanmar Classic Cars Rally 2015 (Part-III)
08:37 Buddha Image Built Of Bamboo Strip
08:49 Gold from Garbage
09:26 Myanmar Chef (Japanese)
09:34 "Myanmar's Traditions and Culture" Novicehood in Myanmar
10:26 Htan Taw Drums (Part-II) "Dobat"
10:42 Development Momentum Of Sittway
07:26 Mrauk U, Treasure Trove of Rakhine Culture
07:45 Ywar Thit's Monhinkhar
08:26 Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion)
08:40 A Girl Guide
08:47 Entrepreneur "Nan Ei Ei Zar"

# မြန်မာ့ဇာတ်သဘင်မင်းသမီးကြီး မြစန်းကြည်(ခေါ်)မြို့တော်မူမူ အသက်(၈၁)နှစ်ပြည့်သည်အထိ ကျန်းမာလျက်ရှိ

**မြင်းမူ ဇန်နဝါရီ ၁၂**

တစ်ချိန်က မြန်မာ့ဇာတ်သဘင်လောကတွင် ထင်ရှားနာမည်ကြီးခဲ့သော ဇာတ်သဘင်များဖြစ်သည့် မြို့တော်မြစိန်၊ မြို့တော်သိန်းအောင်၊ ရွှေမန်းတင်မောင် ဇာတ်သဘင်တို့သည် ခေတ်ဟောင်းနာမည်ရ ဇာတ်သဘင်များဖြစ်ခဲ့သည်။ ၎င်းဇာတ်သဘင်များတွင် မြစန်းကြည်ဟူ၍လည်းကောင်း၊ မြို့တော်မူမူအမည်ဖြင့်လည်းကောင်း ထင်ရှားကျော်ကြားခဲ့သော မင်းသမီးကြီးတစ်လက် ပေါ်ထွက်ခဲ့ဖူးသည်။

ထိုမင်းသမီးသည်အသက်(၁၅)နှစ်အရွယ်မှစ၍ မြို့တော်မြစိန်ဇာတ်ထဲတွင် နှစ်ပါးသွားခန်းများ၊ ယိမ်းအကများဖြင့် နာမည်ကြီးပြီး မြို့တော်မြစိန်ကွယ်လွန်သောအခါ ညီဖြစ်သူလူရွှင်တော် သိန်းအောင်၊ ပေါစံတို့က မြို့တော်မြစိန် ဇာတ်သဘင်ကို မြို့တော်သိန်းအောင် အမည်ဖြင့် ဆက်လက်တည်ထောင်ပြီး ပြဇာတ်မင်းသမီးအဖြစ် စတင်ကပြရာမှ မြို့တော်မူမူဟူသောနာမည်တစ်လုံးဖြင့် ကျော်ကြားခဲ့သူဖြစ်သည်။

ရွှေမန်းတင်မောင် ဇာတ်သဘင်တွင်လည်း ရွှေမန်းတင်မောင်နှင့် သားများဖြစ်ကြသည့် ညွန့်ဝင်း၊ ဝင်းဗိုလ်၊ ဝင်းမောင်၊ ဆန်းဝင်း၊ ချမ်းသာတို့နှင့်တွဲဖက်၍ "ရွှဲကုန်သည်" အော်ပရာ၊ မောင်မှူး ပြဇာတ်တို့တွင် ပါဝင်သရုပ်ဆောင်ကပြရာမှ လူကြိုက်များလာပြီး နောက်ပိုင်းဇာတ်များအထိ ထင်ရှားလာသူဖြစ်သည်။

အသက်အရွယ်ကြီးရင့်လာပြီဖြစ်သောကြောင့် ဇာတ်သဘင်မှ အနားယူပြီး မွေးဖွားရာဇာတိဖြစ်သည့် မြင်းမူမြို့တွင် အခြေချနေထိုင်လျက်ရှိသည်။ နေထိုင်စဉ်မှာပင် နိုင်ငံတော်ကကျင်းပသော ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ဗဟိုအဆင့်အထိ အကဲဖြတ်ဒိုင်အဖြစ် ထမ်းဆောင်ပေးခဲ့သည်။

ထို့အပြင် မြို့နယ်အတွင်းရှိ မျိုးဆက်သစ်များ အတွက်လည်း အကပညာများကို လက်ဆင့်ကမ်း အမွေပေးလျက်ရှိသည်။ မြို့တော်မူမူ၏အမည်အရင်းမှာ ဒေါ်အိဖြစ်သည်။ ယခုအခါတွင် အသက်မှာ (၈၁)နှစ်ပြည့်ခဲ့ပြီး ဖြစ်သော်လည်း ကျန်းမာလျက်ရှိသည်။ အနုပညာသည် သူ့အတွက်အသက်ရှည်ဆေးဟုလည်း သူကပြောသည်။ ဇာတ်သဘင်နှင့်ပတ်သက်၍လည်း သူ၏အမြင်နှင့် ဆန္ဒတို့ကို ၎င်းသို့ ထုတ်ဖော်ပြောကြားထားပါသည်။



"ရွှေမန်းတင်မောင်ဇာတ်သဘင်တွင်ပါဝင်ကပြစဉ်ကနှစ်ပါးသွားကနေပုံ (အလယ်မှကသူမှာမင်းသမီးမြစန်းကြည်(ခေါ်)မြို့တော်မူမူဖြစ်ပါသည်)

"အရင်ခေတ်တုန်းက ကိုယ်လုပ်ဆောင်ခဲ့တဲ့ ကာလတွေတုန်းက အနုပညာရှင်တွေက တော်တော်လေး ပြောင်မြောက်ခဲ့တယ်။ ပြသတဲ့နေရာ၊ လုပ်ဆောင်တဲ့နေရာ၊ ပညာပေးပြခဲ့တာတွေ၊ ပြကွင်းပြကွက်တွေအားလုံး အခုခေတ်မှာလည်းပဲ အဲဒီလိုဖြစ်စေချင်တယ်။

"ကိုယ်လည်း အသက်အရွယ်ကြီးတော့ ဒါလေးတွေကြည့်ပြီးတော့ ဟိုခေတ်တုန်းကလိုပဲ အနုပညာတွေ လိုက်စားဆည်းပူးကျ၊ လေ့လာကျ၊ ပရိသတ်ကိုပြတဲ့ နေရာမှာလည်းပဲ မှတ်လောက်သားလောက်တဲ့ ပညာလေးတွေ၊ ဗဟုသုတလေးတွေ အဲဒါလေးတွေကို ပြသစေချင်တာပေါ့နော်။ ကိုယ့်ရင်ထဲကတော့အဲဒီဟာပဲ ဆန္ဒရှိတယ်။ အခုကစတိတ်ရှိုးကများတယ်။ အဲဒါနဲ့မိုးလင်းတယ်။ နှစ်ပါးသွားနဲ့ဆိုတော့ အနုပညာကပျောက်နေတယ်။

"ဇာတ်သဘင်လောကကြီးက ဇာတ်ကတယ်၊ ကတယ်သာဆိုတယ် ဘာကြည့်ရမှန်းကိုမသိဘူး။ စတိတ်ရှိုးနဲ့မိုးလင်းတော့ ပညာပေးတာမပါဘူး။ ယဉ်ကျေးမှုလေးတွေ ပြနိုင်မယ်ဆိုရင်တော့ ဇာတ်သဘင်ကပြန်ပြီးတော့ ထူထောင်လာမယ်လို့ ကိုယ့်စိတ်ထဲတော့ ထင်တာပဲ။

"ပရိသတ်က ခေတ်ပရိသတ်ကြိုက်အောင် မှတ်သားစရာပြလို့ရှိရင် ဗဟုသုတရစရာတွေ၊ အနုပညာနဲ့ပတ်သက်တဲ့ ဆွဲဆောင်မှုလေးတွေ၊ ယဉ်ကျေးမှုလေးတွေ အားလုံး ပြသနိုင်မယ်ဆိုရင် ဇာတ်သဘင်လောကလည်း မပျောက်တော့ဘူး။ အခုဇာတ်သဘင်ကပျောက်နေတယ်။ အငြိမ့်တွေပျောက်နေတယ်။ ဒီဇာတ်လမ်း၊ ဇာတ်ကွက်တွေကလည်း အရသာရှိရှိ၊ ဗဟုသုတဖြစ်လောက်တဲ့ ဇာတ်လမ်းလေးတွေကို ပြမယ်ဆိုရင် ပရိသတ်ကလည်းကြိုက်မှာပါ။ မိုးလင်းပြီးရောဆိုပြီး ဟိုလိုကပြလိုက်၊ ဒီလိုဆိုပြလိုက် ဆိုတာလေးတွေကျတော့ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားမယ်။ စတိတ်ရှိုးကြည့်ချင်ရင် တီဗွီထဲကြည့်လည်းရတာပဲ။ ဇာတ်ခုံပေါ်ကြည့်မှမဟုတ်ဘူး။ ဇာတ်ခုံပေါ်ကြည့်တာကမှ နည်းနည်းလိုအပ်လိမ့်ဦးမယ်။ ဟိုမှာအပြည့်အစုံပါပဲ။

"ဇာတ်ဆိုတာ ဇာတ်ကမှ ဇာတ်နဲ့တူတယ်။ ဇာတ်လိုမကရင် ဇာတ်နဲ့မတူတော့ အနှစ်သာရလည်း မရှိဘူး။ ကြည့်ရတဲ့လူကလည်း မိုးလင်းလို့သာ ပြန်လာတယ်။ ဟိုလိုပြလိုက်၊ ဒီလိုပြလိုက်၊ လက်ခုပ်ကလေးတီးလိုက်၊ အဲဒီလိုနဲ့မိုးလင်းပြီးတော့ အလကားပါပဲ။ ဇာတ်ပျောက်ကွယ်တာတစ်ခုတော့ ဝမ်းနည်းပါတယ်။ ဇာတ်မပျောက်အောင် ကြိုးစားပြီးတော့ ဇာတ်စာတို့၊ ဇာတ်ထုပ်တို့၊ ဇာတ်လမ်းတို့၊ ဇာတ်ကွက်တို့ဆိုတာလေးတွေ ပြန်ပြီးတော့ ဖော်စေချင်တယ်။ အဲဒီဆန္ဒပါပဲကွယ်"ဟု မြစန်းကြည်(ခေါ်) မြို့တော် မူမူ(ခေါ်) ဒေါ်အိက ရင်တွင်းစကားများကို ပြောခဲ့ပါသည်။ သူ၏ဆန္ဒဖြစ်သော ဇာတ်သဘင် တစ်ခေတ်ပြန်လည်ဆန်းသစ်ရေးကို မျှော်လင့်တောင့်တနေသူတစ်ဦးလည်း ဖြစ်ပါသည်။



ဒေါ်အိသည် ယခုအခါတွင် အသက် (၈၁)နှစ်ပြည့်ပြီးဖြစ်သော်လည်း မြင်းမူမြို့ သဇင်လမ်း မင်းရဲကျော်စွာရပ်ရှိနေအိမ်တွင် တစ်ဦးတည်းကျန်းမာစွာဖြင့် နေထိုင်လျက်ရှိကြောင်း သိရသည်။ **(၆၂၄)**

## အဆိုတော်ဒေးဗစ်ဘော်ဝီ (၆၉)နှစ်အရွယ်တွင် ကွယ်လွန်

တစ်ခေတ်တစ်ခါက သူ့ရဲ့ခေတ်ရယ်လို့ဆိုရလောက်အောင် အောင်မြင်ခဲ့တဲ့ ဗြိတိန်အဆိုတော် ဒေးဗစ်ဘော်ဝီဟာ ပြီးခဲ့တဲ့စနေနေ့က ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သူ့ရဲ့သားဖြစ်သူ ဒွန်ကန်ဂျုန်းစ်က ဘီဘီစီဒေါ့ကွန်းကို ဇန်နဝါရီ ၁၂ ရက်က အတည်ပြုပြောကြားခဲ့ပါတယ်။

ဒေးဗစ်ဘော်ဝီကွယ်လွန်ခဲ့တဲ့နေ့ဟာ သူ့ရဲ့နောက်ဆုံးတေးအယ်လ်ဘမ်သစ် "Blackstar"ကို စတင်ဖြန့်ချိခဲ့ပြီးနောက်တစ်နေ့မှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ကို ဘော်ဝီဟာ သူ့ရဲ့ (၆၉)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် စတင်ဖြန့်ချိခဲ့တာဖြစ်လို့ သူသေဆုံးခဲ့တဲ့နေ့ဟာ သူ (၆၉)နှစ်ပြည့်ပြီး နောက်တစ်နေ့မှာ ဖြစ်ပါတယ်။

ဒေးဗစ်ရဲ့သတင်းနဲ့ပတ်သက်ပြီး သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း ပရိသတ်များက "ဘော်ဝီဟာ အခုဆိုအေးအေးချမ်းချမ်းဖြစ်သွားပါပြီ။ နောက်ဆုံးခရီးမှာ မိသားစုတွေဝန်းရံလို့ပေါ့။ ကင်ဆာရောဂါဆိုးရဲ့ ဒဏ်ကို (၁၈)လလောက် သတ္တိရှိရှိခံခဲ့ရပြီးနောက် အခုတော့ အေးချမ်းသွားခဲ့ပါပြီ"လို့ ရေးသားဖော်ပြခဲ့ကြပါတယ်။

အဆိုတော်ပေါလ်မက်ကာသီကလည်း ဒေးဗစ်အား တကယ့်ကို အောင်မြင်တဲ့ အဆိုတော်ကြီးတစ်ဦးအဖြစ်တင်စားခဲ့ပြီး ဗြိတိန်ဂီတလောက သမိုင်းကြောင်းရဲ့ ခိုင်မာသောအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သူတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဗြိတိန်တေးဂီတကုမ္ပဏီတစ်ခုက ပြီးခဲ့တဲ့သောကြာနေ့က ထုတ်ပြန်ခဲ့တဲ့ အချက်အလက်များအရ ဘော်ဝီရဲ့ "Blackstar"တေးအယ်လ်ဘမ်ဟာလည်း တေးအယ်လ်ဘမ်ပေါင်း ၄၃၀၀၀ ခန့် ရောင်းချခဲ့ပြီးဖြစ်ကာ ဗြိတိန်တေးအယ်လ်ဘမ်များအနက် ထိပ်ဆုံးမှရပ်တည်လျက်ရှိကြောင်း သိရပါတယ်။

**(ခင်ခင်သက်)**

# စီရိုနယ်လ်ဒိုနှင့် နေမာတို့အား ကျော်ဖြတ်ကာ မက်ဆီ

## ဘလွန်းဒီအောဆု ငါးကြိမ်မြောက် ဆွတ်ခူး






ဇန်နဝါရီ ၁၁ ရက် ဇူးရစ်မြို့၌ ပြုလုပ်သော ဘလွန်းဒီအောဆု (ကမ္ဘာ့အကောင်းဆုံးကစားသမား) ချီးမြှင့်ပွဲအခမ်းအနားတွင် အာဂျင်တီးနားနှင့် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက စီရိုနယ်လ်ဒိုနှင့် နေမာတို့အား ကျော်ဖြတ်ကာ ၎င်းအတွက် ငါးကြိမ်မြောက် ဆုတံဆိပ်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ မက်ဆီက မဲအရေအတွက် ၄၁ ဒသမ ၃၃ ရာခိုင်နှုန်းရရှိခဲ့ပြီး စီရိုနယ်လ်ဒို က ၂၇ ဒသမ ၇၆ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ နေမာက ၇ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် တတိယနေရာရရှိခဲ့ကြသည်။

ဆန်ခါတင်သုံးဦးစာရင်း ထုတ်ပြန်ကြေညာစဉ်ကတည်းက ယခုနှစ် ဘလွန်းဒီအောဆုကို မက်ဆီသာရရှိမည်ဟု ရေပန်းစားနေပြီး ယခုလည်း ဒုတိယနေရာမှ စီရိုနယ်လ်ဒိုထက် မဲနှစ်ဆနီးပါးအသာဖြင့် ယင်းဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီက“ ဒီထူးချွန်ဆုကိုရရှိတိုင်း ကျွန်တော်ဟာ ကလေးတစ်ယောက်လို အမြဲပျော်ရွှင်မိတာပါပဲ။ စီရိုနယ်လ်ဒိုနဲ့ ကျွန်တော်တို့ကြားမှာလည်း မနာလိုဖြစ်စရာအကြောင်းမရှိသလို ဘောလုံးကို ချစ်မြတ်နိုးတဲ့သူတိုင်းကလည်း သူ့ကိုနှစ်သက်ကြပါတယ်”ဟု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဘီဘာအိုနှင့် ဘာစီလိုနာတို့ပွဲမှ မက်ဆီ၏ တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူသောဂိုးမှာ အလှပဆုံးသွင်းဂိုးဆု (ပွတ်စ်ကတ်စ်ဆု)ရရှိရန် ရေပန်းစားခဲ့သော်လည်း ဂိုယန်နီဇာနှင့် အက်သလက်တီကို ဂိုယန်နီဆီတို့ပွဲမှ ဘရာဇီးတိုက်စစ်မှူး ဝမ်ဒါလီရာ၏ သွင်းဂိုးက အံ့အားသင့်ဖွယ်ရာ ရွေးချယ်ခံခဲ့ရသည်။ အကောင်းဆုံးအမျိုးသမီး ကစားသမားဆုကို အမေရိကန် ကစားသမား ကယ်လီလွိုက်ကရရှိခဲ့ပြီး ဒုတိယနေရာကို ဂျပန်မှ အိုင်ယာမာ၊ တတိယဆုကို အားကစားလောကမှ အနားယူသွားခဲ့သူ ဂျာမနီနိုင်ငံသူ ဆီလီယာဆာဆစ်တို့က ရရှိခဲ့ကြသည်။ ယင်းသို့ ရွေးချယ်ခံခဲ့ရသဖြင့် ကယ်လီလွိုက်မှာ ဝမ့်ဘာ့ချ် (၂၀၁၂)နှင့် မီယာဟမ်း(၂၀၀၁၊ ၂၀၀၂)တို့ပြီးနောက် ကမ္ဘာ့အကောင်းဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့သည့် တတိယမြောက် အမေရိကန်ကစားသမားဖြစ်လာခဲ့သည်။

အကောင်းဆုံး အမျိုးသားအသင်းနည်းပြဆုကို ဘာစီလိုနာနည်းပြ အန်းနရစ်၊ အကောင်းဆုံးအမျိုးသမီးအသင်းနည်းပြဆုကို အမေရိကန် အမျိုးသမီးအသင်းနည်းပြဖြစ်သူ ဂျေးလ်အီလစ်တို့က သိမ်းပိုက်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်၏ အကောင်းဆုံးအသင်းကို ရွေးချယ်ခဲ့ရာတွင် ၄-၃-၃ ကစားကွက်ကို အခြေခံ၍ ရွေးချယ်ခဲ့ပြီး ဆန်ခါတင်ဆုစာရင်းတွင် တိုက်စစ်ကစားသမားများသာ ပါဝင်နေသည်ကိုလည်း တွေ့ကြရမည်ဖြစ်သည်။ ယင်းကစားသမားများမှာ-ဂိုး-မန်နျူရယ် နျူအာ(ဘိုင်ယန်မြူးနစ်)၊ နောက်တန်း- ဒန်နီအဲဗက်စ် (ဘာစီလိုနာ)၊ ဆာဂျီယို ရာမို့စ်(ရီးယဲလ်မက်ဒရစ်)၊ သီယာဂို ဆေးလ်ဗား (ပီအက်စ်ဂျီ)၊ မာဆယ်လို(ရီးယဲလ်မက်ဒရစ်)၊ အလယ်တန်း- အင်နီယေစတာ (ဘာစီလိုနာ)၊ လူကာမိုဒရစ်(ရီးယဲလ်မက်ဒရစ်) ပေါ့ဘာ (ဂျူဗင်တပ်)၊ ရှေ့တန်း- မက်ဆီ(ဘာစီလိုနာ)၊နေမာ(ဘာစီလိုနာ)၊ ခရစ္စတီယာနိုရိုနယ်လ်ဒို (ရီးယဲလ်မက်ဒရစ်)တို့ဖြစ်ကြသည်။ ယင်းစာရင်းတွင် လာလီဂါမှ ကစားသမားရှစ်ဦးအထိပါဝင်နေပြီး လီဂူး-၁မှ ကစားသမားတစ်ဦး၊ ဘွန်စ်ဒက်စ်လီဂါမှ ကစားသမား တစ်ဦးနှင့် စီးရီးအေမှ ကစားသမားတစ်ဦးစီပါဝင်နေခဲ့သည်။ ပရိသတ်ကြိုက်နှစ်သက်သော ပရီမီယာလိဂ်မှ မည်သည့်ကစား သမားတစ်ဦးတစ်ယောက်မျှ ပါဝင်ခဲ့ခြင်းမရှိရာ ပရီမီယာလိဂ်၏ ဘောလုံးအဆင့်အတန်းအပေါ် မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။

### ၁၀ နှစ်အတွင်း ဘလွန်းဒီအောဆု ရရှိသူများစာရင်း

| ခုနှစ် | ကစားသမားအမည် | ကလပ်အသင်း | နိုင်ငံသား |
|---|---|---|---|
| ၂၀၁၅ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၁၄ | ခရစ္စတီယာနိုရိုနယ်လ်ဒို | ရီးယဲလ်မက်ဒရစ် | ပေါ်တူဂီ |
| ၂၀၁၃ | ခရစ္စတီယာနိုရိုနယ်လ်ဒို | ရီးယဲလ်မက်ဒရစ် | ပေါ်တူဂီ |
| ၂၀၁၂ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၁၁ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၁၀ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၀၉ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၀၈ | ခရစ္စတီယာနိုရိုနယ်လ်ဒို | မန်ယူ | ပေါ်တူဂီ |
| ၂၀၀၇ | ကာကာ | အေစီမီလန် | ဘရာဇီး |
| ၂၀၀၆ | ကန်နာဗာရိုး | ရီးယဲလ်/ဂျူဗင်တပ် | အီတလီ |

မေလှဲ့သင်း » စုစည်းသည်

# ဘီဘာအိုကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမယ့် ဘာစီလိုနာ

## စပိန်လာလီဂါရင်ခုန်သံ – ၂၀

*စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၂၀ကို လာမယ့်ဇန်နဝါရီလ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်နေ့တွေမှာ ဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဆီဗီလာနဲ့မာလာဂါ၊ ဘာစီလိုနာနဲ့ ဘီဘာအိုတို့ကို ဆုံတွေ့တဲ့ပွဲစဉ်တွေပါဝင်နေလို့ အကြိတ်အနယ်ရှိနိုင်ပြီး ရီးယဲလ်မက်ဒရစ်ကတော့ အိမ်ကွင်းမှာဂီဂျွန်ကိုအနိုင်ရယူသွားဖို့ရှိနေပါတယ်။*

ရှိုင်းမင်းမင်း

**ဆီဗီလာ -မာလာဂါ ည ၉း၃၀ (၁၆-၁-၁၆)**

မာလာဂါက အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်မှုရှိလာပါတယ်။ ဒါပေမယ့် မာလာဂါဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင်တော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းတတ်ပါတယ်။ ပထမအကျော့တုန်းက ဂိုးမရှိသရေကျခဲ့ရပေမယ့် ဒီပွဲမှာတော့ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဆီဗီလာကပဲ အနိုင်ရမှာပါ။

**ဆယ်လ်တာဗီဂို- လီဗန်တေး ည ၁၁း၄၅ (၁၆-၁-၁၆)**

ပထမအကျော့အဖြစ်လီဗန်တေးကွင်းမှာကစားခဲ့တုန်းက ဆယ်လ်တာဗီဂိုကသာအနိုင်ရရှိခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဆယ်လ်တာဗီဂိုရဲ့ ခြေဟာတည်ငြိမ်မှုသိပ်မရှိပါဘူး။ ဒါပေမယ့် ဆယ်လ်တာဗီဂိုရဲ့ အိမ်ကွင်းဖြစ်သလို လီဗန်တေးကလည်း ခြေစွမ်းအားနည်းလွန်းတာကြောင့် ဆယ်လ်တာဗီဂိုပဲ အနိုင်ရဦးမှာပါ။

**ဗီလာရီးယဲလ် -ဘက်တစ် နံနက် ၂း၀၀ (၁၇-၁-၁၆)**

ဘက်တစ်ဟာ ပထမအကျော့တုန်းက အိမ်ကွင်းမှာ ဗီလာရီးယဲလ်ကိုသရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ဗီလာရီးယဲလ်ခြေကအကောင်းဆုံးပုံစံမှာရှိနေသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားဖို့ရှိနေပါတယ်။ ဒ့ါအပြင် ဘက်တစ်ခြေကလည်း ကျဆင်းနေတာကြောင့် ဗီလာရီးယဲလ်ကသာ နိုင်ပွဲရယူမှာပါ။

**ဆိုစီဒက် - ဒီပို့တီဗို နံနက် ၃း၃၅ (၁၇-၁-၁၆)**

ဆိုစီဒက်ဟာ ပထမအကျော့တုန်းက ဒီပို့တီဗိုကွင်းမှာ နိုင်ပွဲမရခဲ့ဘဲ သရေသာကစားနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဒီပို့တီဗိုဟာ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဆိုစီဒက်ကတော့ ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားနိုင်မှာပါ။ အိမ်ကွင်းမှာ ဆိုစီဒက်ကပ်နိုင်သွားမှာပါ။

**ဗလင်စီယာ - ဗယ်လက်ကာနို ညနေ ၅း၃၀(၁၇-၁-၁၆)**

ပထမအကျော့တုန်းက ဗလင်စီယာဟာ အဝေးကွင်းမှာ အနိုင်မရခဲ့ဘဲ သရေသာကစားနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဗလင်စီယာဟာ အိမ်ကွင်းအားနဲ့



ဖိအားနဲ့ ဖိအားပေးကစားမှာဖြစ်သလို ဗလင်စီယာဟာ အိမ်ကွင်းရှုံးပွဲလည်း မရှိသေးပါဘူး။ ဗယ်လက်ကာနိုခြေကလည်း အားနည်းလို့ ဗလင်စီယာပဲနိုင်မှာပါ။

**ရီးယဲလ်မက်ဒရစ် - ဂီဂျွန် ည ၉း၃၀ (၁၇-၁-၁၆)**

ရီးယဲလ်မက်ဒရစ်ခြေကခန့်မှန်းရခက်ပါတယ်။ ဒါပေမယ့် အခုလိုအိမ်ကွင်းပွဲစဉ်မျိုးမှာတော့ ရီးယဲလ်မက်ဒရစ်တို့အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ဂီဂျွန်ဟာ ပထမအကျော့တုန်းက ရီးယဲလ်ကိုသရေကစားနိုင်ခဲ့တာမှန်ပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက အားနည်းလွန်းတာကြောင့် ရီးယဲလ်ဂိုးပြတ်အနိုင်ရဖို့ သေချာပါတယ်။

**လက်စ်ပဲလ်မက်စ်-အက်သလက်တီကိုည ၁၁း၄၅ (၁၇-၁-၁၆)**

တန်းမဆင်းရဖို့ကြိုးစားရုန်းကန်နေတဲ့ လက်စ်ပဲလ်မက်စ်ရဲ့ ခြေစွမ်းကမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာ အမှတ်ရရှိဖို့အားစိုက်ကစားလာဦးမှာပါ။ အက်သလက်တီကိုကတော့ အသင်းလိုက် ကစားပုံကောင်းပေမယ့် တိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ အက်သလက်တီကိုကပ်ပြီးပဲနိုင်မယ်။

**ဂီတာဖေး - အက်စ်ပန်ညို ည ၁၁း၄၅ (၁၇-၁-၁၆)**

ပထမအကျော့တုန်းက အက်စ်ပန်ညိုဟာ ဂီတာဖေးကိုကပ်ပြီး အနိုင်ရရှိခဲ့ပါတယ်။ လက်ရှိအက်စ်ပန်ညိုရဲ့ခြေကလည်း မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုဟာ အဝေးကွင်းပွဲတွေမှာတော့ ကစားပုံမတည်ငြိမ်တတ်သလို ဂီတာဖေးကလည်း ခြေမဆိုးတာကြောင့် သရေကျဖို့များပါတယ်။

**ဘာစီလိုနာ - ဘီဘာအို နံနက် ၂း၀၀ (၁၈-၁-၁၆)**

ဘာစီလိုနာဟာ ပထမအကျော့တုန်းက ဘီဘာအိုကို ကပ်ပြီးသာအနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ဘီဘာအိုခြေကကောင်းမွန်နေသလို ဘာစီလိုနာတို့ မထင်မှတ်ပဲအခက်အခဲတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဘာစီလိုနာကွင်းဖြစ်ပေမယ့် ဘီဘာအိုရဲ့ခံကစားအားကြောင့် ဘာစီလိုနာ ကပ်ပြီးသာနိုင်မယ်။

**အီဘား- ဂရန်နာဒါ နံနက် ၂း၀၀ (၁၉-၁-၁၆)**

အီဘားဟာ ပထမအကျော့တုန်းက အဝေးကွင်းမှာတောင် ဂရန်နာဒါကိုဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ လက်ရှိအီဘားခြေကလည်း မဆိုးဘူးလို့ဆိုနိုင်သလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးကစားသွားဦးမှာသေချာနေပါတယ်။ ဂရန်နာဒါခြေစွမ်း အနည်းငယ်ကောင်းမွန်လာခဲ့ပေမယ့် အီဘားပဲနိုင်ပွဲရသွားမှာပါ။

# ချီလီနိုင်ငံသား ကျကျန်ခဲ့သည့်အိတ်အား ပြန်လည်ပေးအပ်

**ညောင်ရွှေ ဇန်နဝါရီ ၁၂**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(ညောင်ရွှေ)က ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားသားလုံခြုံမှုနှင့် ကူညီမှုအတွက် လှည့်ကင်းဆောင်ရွက်စဉ် ညောင်ရွှေမြို့ ရုံးကြီးလမ်းနှင့် မိုင်းသောက်ကျေးရွာသွားလမ်းဆုံ၌ အပြာ၊ အဖြူကျား အဝတ်အိတ်တစ်လုံးကို တွေ့ရှိ၍ စစ်ဆေးရာ ချီလီနိုင်ငံသား Mr.PedroPablo Torres Morales ၏ ပတ်စ်ပို့စာအုပ်တစ်အုပ်နှင့် အခြားစာရွက်စာတမ်းများကို တွေ့ရှိခဲ့သည်။



တပ်ဖွဲ့စုမှ ညောင်ရွှေမြို့နယ်အတွင်းရှိ ဟိုတယ်များမှပေးပို့ထားသည့် ဧည့်စာရင်းများကို ရှာဖွေစစ်ဆေးရာ ညောင်ရွှေမြို့ မိုင်းလီရပ်ကွက်ရှိ Lady Princess Hotel ၌ ရောက်ရှိတည်းခိုနေသော Mr. PedroPablo Torres Morales ၏ အမည်ကို တွေ့ရှိခဲ့သည်။ ထို့နောက် Mr. PedroPablo Torres Morales အား ဆက်သွယ်ခေါ်ယူ၍ ပစ္စည်းစုံလင်မှု ရှိ၊ မရှိ စစ်ဆေးပြီး တပ်ဖွဲ့စု(ညောင်ရွှေ)မှ ဒုတိယရဲအုပ် စိုးနိုင်လင်းက ကျကျန်ခဲ့သည့်ပစ္စည်းကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(နေမျိုးသူရိန်)**

# အင်းစိန်လမ်းနှင့် သမိုင်းလမ်းဆုံအနီး၌ ဆင်ဆာမဲ့ခွေရောင်းချသူအား အရေးယူ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဆင်ဆာမဲ့အခွေများ ရောင်းချနေကြောင်း သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အင်းစိန်လမ်းနှင့် သမိုင်းလမ်းဆုံအနီးရှိ အခွေဆိုင်အား ဇန်နဝါရီ ၇ ရက် နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က ဝင်ရောက်ရှာဖွေရာ ယင်းဆိုင်တွင် မရမ်းကုန်းမြို့နယ်နေ ဖိုးသဲ(ခ)တင်အံ့ခိုင်အား သံခုံတန်းအရှည်ပေါ်တွင် ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းတွဲခွေမျိုးစုံ ချပ်ရေ ၈၀၀၀၊ ဆင်ဆာမဲ့မြန်မာသီချင်းနှင့် အငြိမ့်ခွေမျိုးစုံ ၃၅၀၊ ဆင်ဆာမဲ့တရားခွေမျိုးစုံ ၉၀၊ ဆင်ဆာမဲ့ခွေများရောင်းချရာတွင် အသုံးပြုသော ပလတ်စတစ်ခြင်း ၁၀ ခြင်း၊ စာရင်းစာအုပ်တစ်အုပ်၊ အခွေရောင်းချရငွေကျပ် ၂၀၀၀ တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ယင်းကဲ့သို့ ဆင်ဆာမဲ့ခွေများရောင်းချသူ ဖိုးသဲ(ခ)တင်အံ့ခိုင်အား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၄၀)**



# ဘိန်းဖြူ၊ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နမ္မတူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက်က နမ္မတူမြို့ ပန်ဟိုက်(၈)ရပ်ကွက်နေ ဟုန်ရီပေါင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဘိန်းဖြူဆပ်ပြာခွက် ၈ ခွက်(ဘိန်းဖြူ သုည ဒသမ ၁၂ ကီလို)နှင့် ဘိန်းစိမ်း ၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်း-မုံးဝီးသွားကားလမ်း နမ့်ခမ်းမြို့နယ် ငွမ်အင်ကျေးရွာ လမ်းမပေါ်တွင် လွယ်လင်ကန်ကျေးရွာဘက်မှ ဆိုင်ကယ်မောင်းနှင်လာသူ ညီကျော်လှိုင်အားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက် (ဘိန်းဖြူ သုည ဒသမ ၀၁၃ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အောက်မက်လင်ချောင်ကျေးရွာနေ မိုးဆန်းဦး၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက် (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၁၃၂ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ဟုန်ရီပေါင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ရေနံတူးဖော်စဉ် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စခန်းကြီးရွာအနီး သရက်-မင်းတုန်းကားလမ်းမြောက်ဘက်တွင် ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ရေနံတူးဖော်နေစဉ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စခန်းကြီးရွာနေ ဦးပိုက်ထွေး (၅၆)နှစ်၏ ယာခင်းအတွင်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ဦးသန်းဖေသည် တရားမဝင် ရေနံတူးဖော်နေစဉ် ရေနံတူးပိုက်နှင့် ရေနံခပ်သံခွက်တို့ ပွတ်တိုက်မိရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား သရက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် တရုတ်နီအင်ဂျင် နှစ်လုံး၊ စက်ကလပ်ခုံ နှစ်ခုံ၊ ပီပါခွံခြောက်လုံး၊ ရေနံစိမ်းဂါလန် ၅၀ ပါ ပီပါတစ်လုံးနှင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးသန်းဖေအား အမှုဖွင့်ထားပြီး တရားဝင်ခွင့်ပြုချက်မရှိဘဲ ရေနံတူးဖော်သဖြင့် ဦးသန်းဖေနှင့် ယာပိုင်ရှင် ဦးပိုက်ထွေးတို့နှစ်ဦးအား သရက်မြို့မရဲစခန်းက နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မဖြင့် ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ချထောက်ရွာသစ်ကြီးကျေးရွာအုပ်စု၊ ရွာသစ်ကြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘာသာရေး၊ လူမှုရေး၊ ပညာရေးတို့ကို ထောက်ပံ့ကူညီလှူဒါန်းပေးနေသော အန်ကယ်ကြီး ဦးခင်ဝင်း **(21 Paradise Hotel, Setse Beach & Paradise Natural Hot Spring)**အား နိုင်ငံတော်မှ "သုဓမ္မမဏိဇောတဓရ"ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးရဲတင့်(ညွှန်ကြားရေးမှူးချုပ်)နှင့်ဇနီး ဒေါ်ဝင်းရီမိသားစု**

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

ရွှေထူးလွှင် ကျိုက်ထီးရိုး၊ ချောင်းသာ၊ မားတောည်းငြိမ်း - ၂၅၀၀၀ိ/-
Ph - 09 450044494, 09 450044496, 377921

"နှစ် (၃၀) ပြည့်မင်္ဂလာဆုတောင်း"

မန္တလေးမြို့၊ရေတံခွန်တောင်၊ လမင်း+အင်ကြင်းခြံနှင့် ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်(၉)မိုင် ၊ရတနာပုံကျောင်းလမ်း၊ လမင်း+ အင်ကြင်းခြံနေ ဖေဖေ ဗိုလ်မှူးကိုလေး(ငြိမ်း)+မေမေ ဒေါ်ဝါဝါမြင့် B.Com(Eco) တို့၏နှစ်(၃၀)ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၀၀)တိုင် ပျော်ရွှင်ချမ်းမြေ့ နိုင်ကြပါစေ-

သမီးကြီး-အင်ကြင်းမေ -( Diploma of Commerce & Bachelor of Commerce-International Business (CurtinUniversity of Technology), Singapore Campus, (Master of International Business-First Semester ( Monash University), Australia,

သမီးငယ်-လမင်းအိမ် -( Grade XI (A) ၊ အထက(၁)ဒဂုံ )

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ပျောက်ဆုံးကြောင်း
ကျွန်မ မအေးရတနာထွန်း [၁၂/ရကန(နိုင်)၀၆၅၇၃၁]၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၀၈၁၇၇၇

၂၀၁၆ ခုနှစ် ၊ ပြည်ထောင်စုပွဲတော် ပိတ်ရက်တို့ ခရီးစဉ်
ဖြန့်မာပြည်အလယ်ပိုင်း တပ်ကျော် ပိုးကုတ် ရတနာမြေ
၁၁ - ၂ - ၂၀၁၆ မှ ၁၄ - ၂ - ၂၀၁၆ အထိ
သုခမိန်စာပေ 01 253079 / 09 51 55654 / 09 30184137

ပျောက်ဆုံး
ကျွန်တော် အောင်မျိုးထိုက်[၁၄/မအန(နိုင်)၂၄၃၃၂၂]၏နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၇၀၃၅၅၅

ဆရာဇင်ယော်နီကြေမ္မာပတ်လိုက်တဲ့ ၂၀၁၆ခုနှစ်အတွက်သင်၏ကံကြမ္မာ
ဆရာဝင်း(သာကီနွယ်) အခြားကမ္ဘာမှ အသုဘအခမ်းအနားများ
ဆရာမောင်ပန်းမွှေး လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ခန့်က ပါဒ္ဒနိုင်ငံတော်ကြီးတွင် ပေါ်ထွန်းခဲ့သောဝိဇ္ဇာဓိုရ်ရှင်သူတော်များ
မျိုးတင့်(ညောင်လေးပင်) ဓာတ်လုံးပျံနှင့် ရွှေဓာတ်ပြာ
မင်းတိုင်ပင်(မြရောင်မြေ) သေလွန်ပြန်လာတစ်ဦး၏ ဝဋ္ဋနဲ့သံဝေဂ
ဆရာကိုကျော်ဟန် သမ္ဗုဒ္ဓေဂါထာ အင်းကျင့်စဉ်နှင့် ဆရာတော်ကြီးများ၏မိန့်မှာချက်
ထွက်ပြီ

## ဖိတ်ကြားအပ်ပါသည်

၂၀၁၆ ဇန်နဝါရီ ၁၆၊ ၁၇၊ ၁၈ ရက်များတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း Myanmar Event Park (MEP) တွင် နိဘာယ်-မြန်မာစာပေပွဲတော် (၂၀၁၆) ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ ဆရာမများ၊ ကဗျာဆရာ ဆရာမများ၊ စာနယ်ဇင်း အယ်ဒီတာများနှင့် သတင်းမီဒီယာများ၊ ပန်းချီ၊ ကာတွန်း၊ ဒီဇိုင်းဆရာ ဆရာမများ၊ စာအုပ်စာပေကိစ္စတွင် စိတ်အားထက်သန်သည့် စာပေ ဝါသနာရှင်များ၊ စာဖတ် ပရိသတ်များ အားလုံးကို ဖိတ်ကြားအပ်ပါသည်။

(ဖိတ်စာ သီးခြားမပို့ပါ)

# အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပြဋ္ဌာန်း

**အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။ )**
**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်**

**အမည်**

၁။ ဤဥပဒေကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

**သက်ဆိုင်ခြင်း**

၂။ (က) ပုဒ်မခွဲ (ခ) ကို အထောက်အထားပြု၍ အနုညာတသဘောတူညီချက်တစ်ရပ်ကို နိုင်ငံတော်တွင် ပြုလုပ်သည်ဖြစ်စေ၊ အခြားနိုင်ငံတွင် ပြုလုပ်သည်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို တရားဝင်ဆောင်ရွက်သည့်နေရာသည် နိုင်ငံတော်တွင်ဖြစ်သည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(ခ) အနုညာတစီရင်ဆုံးဖြတ်သည့်နေရာသည် နိုင်ငံတော်မှအပ အခြားနိုင်ငံတစ်ခုခုတွင် ဖြစ်ပါက သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့်နေရာကို သတ်မှတ်ထားခြင်း သို့မဟုတ် ဆုံးဖြတ်ထားခြင်း မရှိပါက ပုဒ်မ ၁၀၊ ၁၁၊ ၃၀၊ ၃၁ နှင့် အခန်း (၁၀) တို့နှင့် သက်ဆိုင်စေရမည်။

(ဂ) နိုင်ငံတော်၏ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်း ကန့်သတ်ထားပါက ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အဆိုပါဥပဒေအပေါ် သက်ရောက်မှုမရှိစေရ။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အနုညာတသဘောတူညီချက်** ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရ မဟုတ်သည်ဖြစ်စေ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှု အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတ စီရင်ဆုံးဖြတ်ခြင်းခံယူရန် အငြင်းပွားသူများကစာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ဆိုသည်။

(ဂ) **အနုညာတစီရင်ဆုံးဖြတ်ခြင်း** ဆိုသည်မှာ အငြင်းပွားမှုကို ခုံသမာဓိတစ်ဦးတည်းဖြင့် ဖြစ်စေ၊ ခုံသမာဓိအဖွဲ့ဖြင့်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် စီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။

(ဃ) **ခုံသမာဓိ** ဆိုသည်မှာ အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဆုံးဖြတ်ရန် အငြင်းပွားသူများက သဘောတူရွေးချယ်ခန့်အပ်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကို ဆိုသည်။

(င) **အနုညာတဆုံးဖြတ်ချက်**ဆိုသည်မှာ အနုညာတခုံရုံး၏ဆုံးဖြတ်ချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကြားဖြတ်ဆုံးဖြတ်ချက်လည်း ပါဝင်သည်။

(စ) **အနုညာတခုံရုံး**ဆိုသည်မှာ တစ်ဦးတည်းသော ခုံသမာဓိ သို့မဟုတ် ခုံသမာဓိအဖွဲ့ကို ဆိုသည်။

(ဆ) **တရားရုံး**ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားပြဿနာကို တရားမမှု၏အမှုဖြစ် အကြောင်းခြင်းရာများကဲ့သို့ ဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်ရှိသည့် တရားမ မူလစီရင်ပိုင်ခွင့်အာဏာရခရိုင်တရားရုံး သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ်ပြည်နယ်တရားလွှတ်တော်ကိုဆိုသည်။

(ဇ) **ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်း**ဆိုသည်မှာ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်း မဟုတ်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုဆိုသည်။

(ဈ) **နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်း** ဆိုသည်မှာ -

(၁) အနုညာတသဘောတူညီချက်ကို ပြုလုပ်စဉ်အခါက ထိုသဘောတူညီချက်တွင် ပါဝင်သူတစ်ဦးဦး၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံမှတစ်ပါး အခြားနိုင်ငံ တစ်ခုခု၌ တည်ရှိပါက

သို့မဟုတ်

(၂) အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသောနေရာ သို့မဟုတ် အနုညာတသဘောတူညီချက်နှင့်အညီ အနုညာတစီရင်ဆုံးဖြတ်ခြင်း ပြုလုပ်မည့်နေရာသည် သဘောတူညီချက်တွင် ပါဝင်သူတို့၏ စီးပွားရေးလုပ်ငန်းတည်ရှိရာ နိုင်ငံ၏ပြင်ပတွင် တည်ရှိပါက

သို့မဟုတ်

(၃) ကူးသန်းရောင်းဝယ် ဆက်ဆံမှုပြုသည့် လုပ်ငန်းတာဝန်များအနက် အဓိကတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်နေရာ သို့မဟုတ် အငြင်းပွားသည့် အကြောင်းခြင်းရာနှင့် အနီးကပ်ဆုံး ဆက်စပ်နေသည့်နေရာသည် သဘောတူညီချက်တွင် ပါဝင်သူတို့၏ စီးပွားရေးလုပ်ငန်းတည်ရှိရာ နိုင်ငံ၏ပြင်ပတွင် တည်ရှိပါက

သို့မဟုတ်

(၄) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာသည် တစ်နိုင်ငံထက်ပိုသော နိုင်ငံများနှင့်ဆက်စပ်နေကြောင်း အနုညာတ သဘောတူညီချက်တွင် ပါဝင်သူများက အတိအလင်းသဘောတူညီကြခြင်းဖြစ်ပါက- အဆိုပါအနုညာတစီရင်ဆုံးဖြတ်ခြင်းသည် နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုဆိုသည်။

**ရှင်းလင်းချက်။**

(၁) အငြင်းပွားသူတစ်ဦး၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာသည် တစ်ခုထက် ပို၍ရှိနေလျှင် အနုညာတသဘောတူညီချက် ပြုလုပ်သည့်နေရာနှင့် အနီးကပ်ဆုံး ဆက်စပ်သည့်နေရာသည် အငြင်းပွားသူ၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာ ဖြစ်သည်။

(၂) အငြင်းပွားသူတစ်ဦးတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာ မရှိပါက ၎င်းအမြဲ နေထိုင်ရာနေရာသည် အငြင်းပွားသူ၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနေရာဖြစ်သည်။

(ည) **နယူးယောက်ကွန်ဗင်းရှင်း** ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ သံတမန်ညီလာခံက ၁၀-၆-၁၉၅၈ ရက်နေ့တွင် နယူးယောက်မြို့၌ ချမှတ်ခဲ့သော နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကိုဆိုသည်။

(ဋ) **နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်** ဆိုသည်မှာ နိုင်ငံတော်မှအပ နယူးယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေဒေသအတွင်း အနုညာတသဘောတူညီချက်အရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်ကိုဆိုသည်။

(ဌ) **အနုညာတစီရင်ဆုံးဖြတ်သည့်နေရာ** ဆိုသည်မှာ အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူများကဖြစ်စေ၊ အငြင်းပွားသူများက အာဏာအပ်နှင်းထားသည့် ပုဂ္ဂိုလ်က ဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ သို့မဟုတ် အနုညာတအဖွဲ့အစည်းကဖြစ်စေ သတ်မှတ်ထားသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များကို တရားဝင်ဆောင်ရွက်သည့် နေရာကိုဆိုသည်။

(ဍ) **အငြင်းပွားသူ**ဆိုသည်မှာ အနုညာတသဘောတူညီချက်တွင် ပါဝင်ချုပ်ဆိုထားသည့် စာချုပ်ဝင်ကို ဆိုသည်။

(ဎ) **တရားဝင်ကိုယ်စားလှယ်** ဆိုသည်မှာ ကွယ်လွန်သူ၏ပစ္စည်းများအတွက် ဥပဒေနှင့်အညီ ပါဝင်လာသူကိုဆိုသည်။ ယင်းစကားရပ်တွင် ကွယ်လွန်သူ၏ပစ္စည်းတွင် ကြားဝင်ဆောင်ရွက်သူ ပါဝင်သည့်အပြင် အငြင်းပွားသူတစ်ဦးက ကိုယ်စားပြုဆောင်ရွက်သည့်အခါ ယင်းအငြင်းပွားသူ ကွယ်လွန်လျှင် ပစ္စည်းကိုဆက်ခံရရှိမည့်သူလည်း ပါဝင်သည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် နိုင်ငံတကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုတို့ကို မျှတစွာနှင့်ထိရောက်စွာ ဖြေရှင်းနိုင်ရန်၊

(ခ) အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန်၊

(ဂ) အငြင်းပွားမှု ပြဿနာများကို အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အားပေးရန်။

**အခန်း (၃)**
**ယေဘုယျပြဋ္ဌာန်းချက်များ**

**စာဖြင့်အကြောင်းကြားမှုကို လက်ခံခြင်း**

၅။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် -

(၁) လိပ်စာရှင်ကိုယ်တိုင်ထံဖြစ်စေ၊ လိပ်စာရှင်၏ လုပ်ငန်းတည်ရှိသည့်နေရာသို့ ဖြစ်စေ၊ အမြဲနေထိုင်သည့်နေရာ သို့မဟုတ် စာတိုက်လိပ်စာသို့ဖြစ်စေ အကြောင်းကြားစာ ပေးပို့လျှင် ထိုသို့ပေးပို့သည့်နေ့တွင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) သင့်လျော်သောစုံစမ်းမှု ပြုလုပ်ပြီးနောက် ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် နေရာများထဲမှ မည်သည့်နေရာတစ်ခုကိုမျှရှာဖွေမတွေ့ရှိနိုင်လျှင် မှတ်ပုံတင်စာဖြင့် သို့မဟုတ် ပေးပို့ကြောင်း အထောက်အထားမှတ်တမ်းဖြစ်စေမည့် အခြားနည်းလမ်းဖြင့် နောက်ဆုံးသိရှိရသော လိပ်စာရှင်၏ လုပ်ငန်းတည်ရှိသည့် နေရာသို့ဖြစ်စေ၊ အမြဲနေထိုင်သည့် နေရာသို့ဖြစ်စေ၊ စာတိုက်လိပ်စာသို့ဖြစ်စေ အကြောင်းကြားစာပေးပို့လျှင် ထိုသို့ပေးပို့သည့်နေ့တွင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) သည် တရားရုံးရှိ မှုခင်းဆောင်ရွက်ချက်နှင့် စပ်လျဉ်းသည့် စာဖြင့်အကြောင်းကြားမှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ကန့်ကွက်ခြင်းနှင့်ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ခြင်း**

၆။ (က) အငြင်းပွားသူတစ်ဦးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပါဝင်ဆောင်ရွက်နေစဉ် သို့မဟုတ် ဆက်လက်ဆောင်ရွက်နေစဉ် အောက်ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ ချက်ချင်းကန့်ကွက်ရမည် သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရဖြစ်စေ၊ အနုညာတသဘောတူညီချက်အရဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ ကန့်ကွက်ရန် စည်းကမ်းသတ်ကာလကို သတ်မှတ်ထားလျှင် ထိုကာလအတွင်း ကန့်ကွက်ရမည်-

(၁) အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့်မရှိခြင်း၊

(၂) အနုညာတစီရင်ဆုံးဖြတ်ခြင်းကို နည်းလမ်းတကျဆောင်ရွက်ခဲ့မှုမရှိခြင်း၊

(၃) အနုညာတသဘောတူညီချက် သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၄) နည်းလမ်းတကျ ဆောင်ရွက်မှုမရှိခြင်းကြောင့် အနုညာတခုံရုံး သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ထိခိုက်စေခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ကန့်ကွက်ခြင်းမပြုဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင် ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တရားရုံးကကြားဝင်ဆောင်ရွက်ခြင်းကိုကန့်သတ်ခြင်း**

၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ ဆောင်ရွက်ရမည့်အကြောင်းကိစ္စများ၌ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သည့်တရားရုံးကမျှ ကြားဝင်ဆောင်ရွက်ခြင်း မရှိစေရ။

**စီမံခန့်ခွဲရေးဆိုင်ရာအကူအညီရယူခြင်း**

၈။ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင်လွယ်ကူစေရန် အငြင်းပွားသူများသည် သို့မဟုတ် အငြင်းပွားသူများ၏ သဘောတူညီချက်အရ အနုညာတခုံရုံးသည် သင့်လျော်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှ စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီရရှိစေရန် စီစဉ်ဆောင်ရွက်နိုင်သည်။

**အခန်း (၄)**
**အနုညာတသဘောတူညီချက်**

၉။ (က) အနုညာတသဘောတူညီချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသည့် စာဖြင့်ရေးသားထားသော သဘောတူညီချက်ဆိုရာတွင် -

(၁) အနုညာတသဘောတူညီချက်တစ်ရပ်တွင် အငြင်းပွားသူများက လက်မှတ်ရေးထိုးထားလျှင် ထိုသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ချက်ပါ သတင်းအချက်အလက်ကို နောက်ဆက်တွဲအကိုးအကားအဖြစ် အသုံးပြုနိုင်လျှင် အီလက်ထရွန်နစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်သော အနုညာတသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

(၃) တောင်းဆိုလွှာတွင် အငြင်းပွားသူတစ်ဦးက အနုညာတသဘောတူညီချက်ရှိကြောင်း အဆိုပြု၍ ချေပလွှာတွင် တစ်ဖက်အငြင်းပွားသူကငြင်းဆိုခြင်းမရှိသော ဖော်ပြချက်များ ပါရှိလျှင် ထိုအနုညာတသဘောတူညီချက်သည် စာဖြင့်ရေးသားထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အနုညာတသဘောတူညီချက်ကို ပဋိညာဉ်တွင်ပါရှိသည့် အနုညာတသဘောတူညီချက် စာပိုဒ်ပုံစံနှင့်ဖြစ်စေ၊ သီးခြားသဘောတူညီချက်ပုံစံနှင့်ဖြစ်စေ ဖော်ပြနိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန်အတွက် လွှဲအပ်ခြင်းနှင့်တရားရုံးရှိအမှုကို ဆိုင်းငံ့ခြင်း**

၁၀။ (က) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူတစ်ဦးဦးက အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသားတင်ပြချက် တစ်စုံတစ်ရာ စတင်တင်သွင်းသည့်အချိန်ထက် နောက်မကျစေဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန်တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် တရားရုံးသည် အနုညာတသဘောတူညီချက် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အငြင်းပွားသူများအား အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လွှဲအပ်ပြီးနောက် တရားရုံးတွင် အငြင်းပွားပြဿနာသည် မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို စတင်ဆောင်ရွက်နိုင်သည် သို့မဟုတ် ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်ခြင်းကိုငြင်းပယ်ပါက တရားစွဲဆိုဆောင်ရွက်မှုမပြုလုပ်မီက အနုညာတ သဘောတူညီချက်ပါ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ ချမှတ်သည့် မည်သည့်ဆုံးဖြတ်ချက်ကမျှ တရားစွဲဆိုဆောင်ရွက်မှု၌ အကျိုးသက်ရောက်မှုမရှိစေရ။

(ဃ) တရားရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်ခဲ့ပါက တရားရုံးရှိ တရားစွဲဆို ဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်ချမှတ်ရမည်။

(င) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်သည့် တရားရုံး၏ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ခွင့် မရှိစေရ။

(စ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် လွှဲအပ်ခြင်းကို ငြင်းဆိုသည့် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင်တရားရုံး၏ပါဝင်ဆောင်ရွက်ခွင့်အာဏာများ**

၁၁။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် **စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

စပ်လျဉ်းသည့် အောက်ပါကိစ္စရပ်များကို အငြင်းပွားသူတစ်ဦးသည် တရားရုံးသို့ လျှောက်ထားလာပါက တရားရုံးသည် မိမိရုံးရှိအမှုကဲ့သို့ အမိန့်ချမှတ်ခွင့်အာဏာ ရှိစေရမည် -

(၁) သက်သေခံချက်များကိုရယူခြင်း၊

(၂) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(၃) အနုညာတစီရင်ဆုံးဖြတ်ခြင်းပါ အငြင်းပွားမှုတစ်ရပ်ရပ် သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုတစ်ရပ်ရပ်နှင့် ဆက်နွှယ်သောပစ္စည်းနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်း၊

(၄) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုကို စစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းရယူခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သိမ်းဆည်းခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ရန် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပါဝင်သည့် အငြင်းပွားသူတစ်ဦးဦး ပိုင်ဆိုင်သော သို့မဟုတ် ထိုသူ၏ ထိန်းသိမ်းမှုအောက်၌ရှိသော ဥပစာတစ်ခုခုအတွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်း၊

(၇) အနုညာတစီရင်ဆုံးဖြတ်ခြင်းပါအဓိကကျသည့်အငြင်းပွားပစ္စည်း တစ်ခုခုကိုရောင်းချခြင်း၊

(၈) ယာယီတားဝရမ်း ထုတ်ဆင့်ခြင်း သို့မဟုတ် ပစ္စည်းထိန်းခန့်ထားခြင်း။

(ခ) အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ကြားဖြတ်ဆောင်ရွက်ရန်ကိစ္စသည် အဆောတလျင် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက အငြင်းပွားသူတစ်ဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သက်သေခံချက်များ သို့မဟုတ် စပ်ဆိုင်သည့်ပစ္စည်းများကို ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ယူဆသည့် အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ကြားဖြတ်ဆောင်ရွက်ရန်ကိစ္စသည် အဆောတလျင် ဆောင်ရွက်ရမည့်ကိစ္စ မဟုတ်ပါက တစ်ဖက်အငြင်းပွားသူများနှင့် အနုညာတခုံရုံးတို့ထံ အကြောင်းကြားစာပေးပို့ပြီး အနုညာတခုံရုံး၏ ခွင့်ပြုချက်အရဖြစ်စေ၊ တစ်ဖက်အငြင်းပွားသူများ၏ စာဖြင့်ရေးသား သဘောတူညီချက်အရဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပါဝင်သည့်အငြင်းပွားသူတစ်ဦး၏ လျှောက်ထားချက်အရ တရားရုံးသည် အဆိုပါကိစ္စကို ဆောင်ရွက်ရမည်။

(ဃ) အငြင်းပွားသူများက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတအဖွဲ့အစည်းကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ လုပ်ပိုင်ခွင့်မရှိသော ကိစ္စရပ်များ သို့မဟုတ် ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းမရှိသော ကိစ္စရပ်များကိုသာ တရားရုံးက ဆောင်ရွက်ရမည်။

(င) ဤပုဒ်မအရချမှတ်သော တရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်နိုင်သည်။

(စ) အငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်အာဏာရှိသော အနုညာတ ခုံရုံးသည် ပုဒ်မခွဲ (က) အရ တရားရုံးက ချမှတ်ထားသော အမိန့်နှင့်ဆက်စပ်နေသည့် အမိန့်ကိုချမှတ်သည့်အခါ တရားရုံး၏ အမိန့်တစ်ရပ်လုံး သို့မဟုတ် အမိန့်၏ တစ်စိတ်တစ်ပိုင်းသည် ရပ်စဲစေရမည်။

## အခန်း (၅)
## အနုညာတခုံရုံး ဖွဲ့စည်းခြင်း

### ခုံသမာဓိဦးရေ

၁၂။ (က) အငြင်းပွားသူများသည် ခုံသမာဓိဦးရေကို လွတ်လပ်စွာသတ်မှတ်နိုင်သည်။ သို့ရာတွင် ခုံသမာဓိဦးရေမှာ တစ်ဦးထက်ပိုလျှင် စုံဂဏန်းမဖြစ်စေရ။

(ခ) ပုဒ်မခွဲ(က) တွင် ဖော်ပြသည့်အတိုင်း ခုံသမာဓိဦးရေကို သတ်မှတ်နိုင်ခြင်း မရှိလျှင် တစ်ဦးတည်းသော ခုံသမာဓိဖြင့် ဆောင်ရွက်ရမည်။

### ခုံသမာဓိများ ခန့်ထားခြင်း

၁၃။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် မည်သည့် နိုင်ငံသား မဆို ခုံသမာဓိအဖြစ် ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အငြင်းပွားသူများသည် ခုံသမာဓိ တစ်ဦး သို့မဟုတ် ခုံသမာဓိများကို ခန့်ထားရန် နည်းလမ်းအား လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ဂ) အငြင်းပွားသူများက ခုံသမာဓိခန့်ထားရန် နည်းလမ်းကိုသဘောတူသတ်မှတ်ထားလျှင် အဆိုပါ နည်းလမ်းအတိုင်းဆောင်ရွက်ရမည်။ အငြင်းပွားသူတစ်ဦးဦးက ပျက်ကွက်လျှင် ဖြစ်စေ၊ အငြင်းပွားသူများ သို့မဟုတ် ခန့်ထားခံရသောခုံသမာဓိနှစ်ဦးက တတိယခုံသမာဓိ ခန့်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ယုံမှတ်အပ်နှံခံရသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ရန် ပျက်ကွက်ပြီး အနုညာတသဘောတူညီချက်တွင် ခုံသမာဓိ ခန့်ထားရန် အခြားနည်းလမ်းကိုလည်း ဖော်ပြထားခြင်းမရှိလျှင်ဖြစ်စေ အငြင်းပွားသူ တစ်ဦးသည် ခုံသမာဓိခန့်ထားပေးရန် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့်အတိုင်း ခုံသမာဓိကို နှစ်ဖက်သဘောတူ သတ်မှတ်နိုင်ခြင်း မရှိလျှင်-

(၁) ခုံသမာဓိ သုံးဦးပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ အငြင်းပွားသူတစ်ဦးစီက ခုံသမာဓိတစ်ဦးစီ ခန့်ထားရမည်။ ထိုသို့ ခန့်ထားခံရသော ခုံသမာဓိ နှစ်ဦးသည် တတိယခုံသမာဓိ တစ်ဦးကိုခန့်ထားရမည်။ တတိယ ခုံသမာဓိသည် ခုံသမာဓိ နာယကအဖြစ် ဆောင်ရွက်ရမည်။ အငြင်းပွားသူတစ်ဦးသည် တစ်ဖက်အငြင်းပွားသူထံမှ ခုံသမာဓိ ခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိတစ်ဦးကို ခန့်ထားနိုင်ခြင်းမရှိလျှင် သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိ နှစ်ဦးသည် ၎င်းတို့ ခန့်ထားခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိနာယကကို ခန့်ထားနိုင်ခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးက လျှောက်ထား တောင်းဆိုပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ခုံသမာဓိခန့်ထားခြင်းကို ဆောင်ရွက်ရမည်။

(၂) တစ်ဦးတည်းသော ခုံသမာဓိဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ တစ်ဖက် အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အငြင်းပွားသူများက တစ်ဦးတည်းသော ခုံသမာဓိကိုခန့်ထားနိုင်ခြင်းမရှိ၍ အငြင်းပွားသူတစ်ဦးဦးက လျှောက်ထားပါက တရားသူကြီးချုပ်က ဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ တစ်ဦးတည်းသော ခုံသမာဓိခန့်ထားခြင်းကို ဆောင်ရွက်ရမည်။

(င) တရားသူကြီးချုပ် သို့မဟုတ် ၎င်းကရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခုံသမာဓိခန့်ထားရာ၌ အငြင်းပွားသူများ၏ သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ခုံသမာဓိတစ်ဦးတွင်ရှိရမည့် အရည်အချင်းများနှင့် လွတ်လပ်၍ ဘက်လိုက်မှု မရှိသော ခုံသမာဓိတစ်ဦးဖြစ်ကြောင်း သေချာစေရန်လိုအပ်သည့် အချက်များကို အလေးထား စဉ်းစားရမည်။

(စ) တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် စီမံခန့်ခွဲမှုကို ပြုလုပ်နိုင်သည်။

(ဆ) တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် တစ်ဦးတည်းသော ခုံသမာဓိ သို့မဟုတ် တတိယခုံသမာဓိတစ်ဦး ခန့်ထားရာတွင် အငြင်းပွားသူများမှာ မတူညီသောနိုင်ငံများမှ နိုင်ငံသားများဖြစ်နေလျှင် အငြင်းပွားသူများ၏ နိုင်ငံသားမှအပ အခြားနိုင်ငံ၏ နိုင်ငံသားကို ခုံသမာဓိအဖြစ် ခန့်ထားနိုင်သည်။

(ဇ) ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) အရ အပ်နှင်းထားသော ကိစ္စရပ်များအပေါ် တရားသူကြီးချုပ်က သော်လည်းကောင်း၊ ယင်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက သော်လည်းကောင်း ချမှတ်သည့်ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခွင့် မရှိစေရ။

**ရှင်းလင်းချက်။** ဤပုဒ်မတွင် ဖော်ပြထားသော တရားသူကြီးချုပ်ဆိုရာတွင် ပြည်တွင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြစ်ပါက စီရင်ပိုင်ခွင့်ဒေသရှိ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကို ရည်ညွှန်းပြီး နိုင်ငံတကာ အနုညာတစီရင် ဆုံးဖြတ်ခြင်းဖြစ်ပါက ပြည်ထောင်စု တရားသူကြီးချုပ်ကို ရည်ညွှန်းသည်။

### ခုံသမာဓိကို ကန့်ကွက်ရန် အကြောင်းပြချက်များ

၁၄။ (က) ခုံသမာဓိအဖြစ်ခန့်ထားရန် ဆက်သွယ်ခံရသည့်ပုဂ္ဂိုလ်သည် မိမိ၏ လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်သည့် သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို စာဖြင့်ရေးသား၍ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို အငြင်းပွားသူများအား အသိပေးအကြောင်းမကြားခဲ့လျှင် ခုံသမာဓိတစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ထိုကဲ့သို့သော အခြေအနေများရှိကြောင်း အငြင်းပွားသူများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ဖော် ပြောဆိုရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦးကို ကန့်ကွက်နိုင်သည် -

(၁) ခုံသမာဓိ၏ လွတ်လပ်မှု သို့မဟုတ် ဘက်မလိုက်မှုတို့နှင့် စပ်လျဉ်း၍ ကျိုးကြောင်း ဆီလျော်သည့် သံသယဖြစ်စေနိုင်သော အကြောင်းတစ်ရပ်ရပ်ရှိခြင်း၊

(၂) ခုံသမာဓိ၌ အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် အရည်အချင်းများ မရှိခြင်း။

(ဃ) အငြင်းပွားသူတစ်ဦးသည် မိမိခန့်ထားသည့် ခုံသမာဓိ သို့မဟုတ် ခန့်ထားရာတွင် မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ခုံသမာဓိကို ထိုသို့ ခန့်ထားပြီးနောက်မှ သိရှိလာသော အကြောင်းပြချက်များအတွက်သာ ကန့်ကွက်နိုင်သည်။

### ကန့်ကွက်ရန်နည်းလမ်း

၁၅။ (က) အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန် နည်းလမ်းကို လွတ်လပ်စွာ သဘောတူ သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူ သတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်လိုသော အငြင်းပွားသူသည် ကန့်ကွက်မှုအတွက် အကြောင်းပြချက်များကို စာဖြင့်ရေးသား၍ အနုညာတခုံရုံးဖွဲ့စည်းသည်ကို သိရှိပြီး သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော အခြေအနေများကိုသိရှိပြီး ၁၅ ရက်အတွင်း အနုညာတခုံရုံးသို့ပေးပို့၍ ကန့်ကွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကန့်ကွက်ခံရသော ခုံသမာဓိက ရာထူးမှနုတ်ထွက်ခြင်းမရှိလျှင် သို့မဟုတ် တစ်ဖက်အငြင်းပွားသူက ကန့်ကွက်ချက်ကို သဘောတူညီခြင်းမရှိလျှင် အနုညာတခုံရုံးသည် ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ရမည်။

(ဃ) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသော နည်းလမ်းအရ ကန့်ကွက်ခြင်း မအောင်မြင်လျှင် သို့မဟုတ် ပုဒ်မခွဲ (ခ) ပါနည်းလမ်းအရ ကန့်ကွက်ခြင်းအပေါ် အနုညာတ ခုံရုံးက ပုဒ်မခွဲ (ဂ) အရ ကန့်ကွက်ရန် အကြောင်းမရှိကြောင်း ဆုံးဖြတ်လျှင် ကန့်ကွက်လိုသည့် အငြင်းပွားသူက ကန့်ကွက်ချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ တရားရုံး၌ လျှောက်ထားမှုသည် မပြီးမပြတ်ရှိစေကာမူ အနုညာတ ခုံရုံးသည် စီရင်ဆုံးဖြတ်ခြင်းကိုဆက်လက်ဆောင်ရွက်ရမည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ လျှောက်ထားရာတွင် တရားရုံးက အနုညာတခုံရုံး၏ ကန့်ကွက်ချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ကန့်ကွက်ခံရသော ခုံသမာဓိအနေဖြင့် အခကြေးငွေ တစ်စုံတစ်ရာ ရထိုက်ခွင့်ရှိ မရှိကို တရားရုံးက ဆုံးဖြတ်ပေးနိုင်သည်။

### ခုံသမာဓိ၏လုပ်ပိုင်ခွင့်ရပ်စဲခြင်းနှင့်အစားထိုးခန့်ထားခြင်း

၁၆။ (က) အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦး၏ လုပ်ပိုင်ခွင့်သည် ရပ်စဲစေရမည် -

(၁) ခုံသမာဓိတစ်ဦးသည် လုပ်ငန်းတာဝန်များကို တရားဝင် သို့မဟုတ် အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းမရှိခြင်း သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ၎င်း၏ လုပ်ငန်း တာဝန်များကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(၂) ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် အငြင်းပွားသူများက ခုံသမာဓိ၏ လုပ်ပိုင်ခွင့်များကို ရပ်စဲရန် သဘောတူညီကြခြင်း။

(ခ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ အကြောင်းပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဆက်လက်ဖြစ်ပွားနေလျှင် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန်ကိစ္စအပေါ် ဆုံးဖြတ်ပေးရန် အငြင်းပွားသူတစ်ဦးက စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်ထားနိုင်သည်။ ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရပ်စဲရန် ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်သည့်ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်လျှင် သို့မဟုတ် ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကိုရပ်စဲရန် အငြင်းပွားသူတစ်ဦးက သဘောတူလျှင် ထိုသို့နုတ်ထွက်သည် သို့မဟုတ် ရပ်စဲသည်ဆိုသည့် အချက်ကြောင့် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ၌ ရည်ညွှန်းသော အကြောင်းပြချက်များ တရားဝင်ကြောင်း လက်ခံရာရောက်သည်ဟု မမှတ်ယူရ။

၁၇။ (က) ပုဒ်မ ၁၅ နှင့် ၁၆ တို့တွင် ဖော်ပြထားသော အကြောင်းများအရဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် ခုံသမာဓိကရာထူးမှနုတ်ထွက်သောကြောင့်ဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူညီချက်အရ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းသောကြောင့်ဖြစ်စေ၊ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ရပ်စဲစေသည့် အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရပ်စဲသွားလျှင် ထိုခုံသမာဓိကိုခန့်အပ်စဉ်က နည်းလမ်းအတိုင်း ခုံသမာဓိ အသစ်တစ်ဦးကို အစားထိုးခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားသည့်အခါ အငြင်းပွားသူများက အခြားနည်း သဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိ၏ဆင်ခြင် ဆုံးဖြတ်ချက်အရ ယခင်စစ်ဆေးကြားနာမှုကို ပြန်လည်စစ်ဆေးကြားနာလိုက ပြန်လည်စစ်ဆေးကြားနာနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိပါက ဤပုဒ်မအရ ခုံသမာဓိ အသစ်တစ်ဦး အစားထိုးခန့်ထားခြင်းမပြုမီက ချမှတ်ခဲ့သော အနုညာတခုံရုံး၏ အမိန့်နှင့် ဆုံးဖြတ်ချက်သည် အနုညာတခုံရုံးကို ပြောင်းလဲဖွဲ့စည်းသည်ဆိုသည့် အကြောင်းကြောင့် တရားမဝင်မဖြစ်စေရ။

## အခန်း (၆)
## အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

### အနုညာတခုံရုံး၌စီရင်ပိုင်ခွင့် ရှိ မရှိ အနုညာတခုံရုံးကဆုံးဖြတ်ပိုင်ခွင့်

၁၈။ (က) အငြင်းပွားသူတို့က အခြားနည်း သဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အနုညာတသဘောတူညီချက်တစ်ရပ် တည်ရှိမှုနှင့် တရားဝင်မှုအပေါ် ကန့်ကွက်ချက်များ အပါအဝင် အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့် ရှိ မရှိကို ဆုံးဖြတ်နိုင်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် -

(၁) ပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်ကို အခြား စည်းကမ်းချက်များမှ စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

သီးခြားလွတ်လပ်သော သဘောတူညီချက်တစ်ရပ်အဖြစ် ယူဆရမည်။

(၂) အနုညာတခုံရုံးက ပဋိညာဉ်သည် ပျက်ပြယ်ကြောင်းဆုံးဖြတ်လိုက်သည့်အတွက်ကြောင့် ထိုပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်သည် ပျက်ပြယ်ခြင်းမရှိစေရ။

(ခ) အငြင်းပွားသူတစ်ဦးသည် အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားမှုကို ချေပလွှာတင်သွင်းသည့်နေ့ထက်နောက်မကျစေဘဲတင်ပြရမည်။ သို့ရာတွင် ထိုအငြင်းပွားသူက ခုံသမာဓိကို ခန့်ထားခဲ့သည် သို့မဟုတ် ခုံသမာဓိခန့်ထားရာတွင် သဘောတူခဲ့သည်ဟူသည့်အကြောင်းကြောင့် ထိုသူ လျှောက်ထားမှုကို ငြင်းပယ်ခြင်းမပြုရ။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း အနုညာတခုံရုံးသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း စွပ်စွဲသည့်အကြောင်းအရာများ ပေါ်ပေါက်လျှင် အငြင်းပွားသူတစ်ဦးဦးက ချက်ချင်းလျှောက်ထားရမည်။

(ဃ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားမှုများတွင် နောက်ကျမှ တင်သွင်းသော လျှောက်ထားချက်ကို လျော်ကန်သင့်မြတ်သောအကြောင်းများရှိပါက လက်ခံဆောင်ရွက်နိုင်သည်။

(င) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်များအပေါ် ပဏာမငြင်းချက်ကဲ့သို့ဖြစ်စေ၊ အနုညာတဆုံးဖြတ်ချက်တစ်ရပ်ကဲ့သို့ဖြစ်စေ ဆုံးဖြတ်နိုင်သည်။ အကယ်၍ အနုညာတခုံရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ၊ မရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော အငြင်းပွားသူသည် အဆိုပါဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တို့အရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(စ) တရားရုံးသို့ လျှောက်ထားချက်မှာ မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနုညာတဆုံးဖြတ်ချက်ကိုလည်း ချမှတ်ရမည်။

**ကြားဖြတ်အမိန့်များချမှတ်ရန် အနုညာတခုံရုံး၏စီရင်ပိုင်ခွင့်**

၁၉။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်များ ချမှတ်ခွင့်ရှိသည် -

(၁) ကုန်ကျစရိတ်အတွက် အာမခံငွေတောင်းခံခြင်း၊

(၂) စာရွက်စာတမ်းများကို ထုတ်ဖော်ပြသစေခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်း၊

(၃) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊

(၄) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊

(၇) အငြင်းပွားသည့် ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊

(၈) ယာယီတားဝရမ်းထုတ်ဆင့်ခြင်း သို့မဟုတ် အခြားကြားဖြတ်ဆောင်ရွက်မှုများပြုခြင်း။

(ခ) အနုညာတခုံရုံးသည် အငြင်းပွားသူများနှင့် သက်သေများအား ကျမ်းသစ္စာကျိန်ဆိုစေနိုင်သည်။

(ဂ) အနုညာတခုံရုံးက သင့်သည်ဟု ထင်မြင်သည့်အတိုင်း သက်သေစစ်မေးခြင်းအစီအစဉ်ကို သတ်မှတ်နိုင်သည်။

(ဃ) အနုညာတခုံရုံးသည် အောက်ဖော်ပြပါအကြောင်းဖြင့် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းသော ကုန်ကျစရိတ်အတွက် အာမခံငွေကို လျှောက်ထားသူကပေးစေရန် အမိန့်ချမှတ်ခြင်းမပြုရ -

(၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြင်ပတွင် နေထိုင်သူဖြစ်ခြင်း၊

(၂) လျှောက်ထားသူသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေအရ ဖွဲ့စည်းသော ကော်ပိုရေးရှင်း သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း။

(င) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ချမှတ်သော အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များကို ပုဒ်မ ၃၁ အရ တရားရုံးကအတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

**ခုံသမာဓိ၏ကင်းလွတ်ခွင့်များ**

၂၀။ ခုံသမာဓိတစ်ဦးသည် ခုံသမာဓိအဖြစ် တာဝန်ဝတ္တရားများကို ဆောင်ရွက်စဉ် ၎င်း၏ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုသည် ထိုက်သင့်သောသတိပြုခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ထိုသို့ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုအပေါ် တာဝန်မရှိစေရ။

## အခန်း (၇)

## အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ခြင်း

**အငြင်းပွားသူများအား ညီတူညီမျှဆက်ဆံခြင်း**

၂၁။ အနုညာတခုံရုံးသည် အငြင်းပွားသူများကို ညီတူညီမျှ ဆက်ဆံရမည့်အပြင် အမှုနှင့်စပ်လျဉ်း၍တင်ပြရန် အခွင့်အရေးအပြည့်အဝပေးရမည်။

**ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကိုဆုံးဖြတ်ခြင်း**

၂၂။ (က) အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတ ခုံရုံးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်နိုင်သည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် သက်သေခံချက်တစ်ရပ်၏ သက်သေခံဝင်မှု၊ စပ်ဆိုင်မှု၊ အရေးပါမှုနှင့် အလေးသာမှုတို့ကို ဆုံးဖြတ်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ရာနေရာ**

၂၃။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတို့အတွက် အဆင်ပြေမှုအပါအဝင် အမှု၏အခြေအနေအရပ်ရပ်ကို အလေးဂရုပြုလျက် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် အနုညာတစီရင်ဆုံးဖြတ်ရန်နေရာကို သတ်မှတ်ထားစေကာမူ အနုညာတခုံရုံးသည် ခုံသမာဓိများ အချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန် သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်းပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် သင့်လျော်ရာဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းစတင်ဆောင်ရွက်ခြင်း**

၂၄။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသည် တောင်းဆိုခြင်းခံရသူက ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ စတင်သည်။

**ဘာသာစကား**

၂၅။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း အငြင်းပွားသူများက သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုရမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ သဘောတူညီချက် သို့မဟုတ် ပုဒ်မခွဲ (ခ) အရ သတ်မှတ်ချက်တွင် အခြားနည်း သီးခြားဖော်ပြထားခြင်းမရှိပါက ထိုသဘောတူညီချက်နှင့် သတ်မှတ်ချက်သည် အငြင်းပွားသူတစ်ဦးဦး၏ စာဖြင့်ရေးသားဖော်ပြချက်၊ အနုညာတခုံရုံး၏ စစ်ဆေးကြားနာချက်၊ အနုညာတဆုံးဖြတ်ချက် သို့မဟုတ် စာဖြင့် အခြားဆက်သွယ်ဆောင်ရွက်ချက်တို့နှင့်လည်း သက်ဆိုင်စေရမည်။

(ဃ) အနုညာတခုံရုံးသည် စာတမ်းအမှတ်အသား သက်သေခံချက်တစ်ရပ်အား အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်ကို မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး၍ ပူးတွဲတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

**တောင်းဆိုလွှာနှင့် ချေပလွှာတွင် ဖော်ပြပါရှိရမည့်အချက်များ**

၂၆။ (က) အငြင်းပွားသူများသည် တောင်းဆိုလွှာနှင့် ချေပလွှာတို့တွင် ဖော်ပြရန် လိုအပ်သည့်အချက်များကို သဘောတူသတ်မှတ်နိုင်သည်။ ထိုသို့ သဘောတူသတ်မှတ်ထားခြင်းမရှိပါက တောင်းဆိုသူသည် အငြင်းပွားသည့်အချက်၊ တောင်းဆိုမှုကို ထောက်ခံသည့်အချက်နှင့် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ကုစားခွင့်တို့ကို တောင်းဆိုလွှာတွင် ဖော်ပြရမည့်အပြင် တောင်းဆိုခြင်းခံရသူကလည်း အဆိုပါအချက်များနှင့်စပ်လျဉ်း၍ ခုခံချေပချက်တို့ကို ချေပလွှာတွင် ဖော်ပြရမည်။ အဆိုပါ တောင်းဆိုလွှာနှင့် ချေပလွှာကို အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် ကာလအတွင်း သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးသည့်ကာလအတွင်း အနုညာတခုံရုံးသို့ တင်သွင်းရမည်။

(ခ) အငြင်းပွားသူများသည် ၎င်းတို့၏ တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာတို့နှင့်အတူ စပ်ဆိုင်သည်ဟုယူဆသော စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအားလုံးကို တင်သွင်းနိုင်သည် သို့မဟုတ် ၎င်းတို့က တင်သွင်းမည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များအတွက် ရည်ညွှန်းဖော်ပြချက်ကို ပူးတွဲတင်သွင်းနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိသည့်အပြင် အနုညာတခုံရုံးကလည်း အငြင်းပွားသူတို့၏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် နှောင့်နှေးကြန့်ကြာမှုကို စဉ်းစားဆင်ခြင်ပြီး ပြင်ဆင်ချက် သို့မဟုတ် ဖြည့်စွက်ချက်ကို ခွင့်ပြုရန်မသင့်ဟု ယူဆခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးသည် ၎င်း၏တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ပြင်ဆင်နိုင်သည် သို့မဟုတ် ဖြည့်စွက်နိုင်သည်။

**ကြားနာခြင်းနှင့်စီရင်ဆုံးဖြတ်ဆောင်ရွက်ခြင်း**

၂၇။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် နှုတ်ဖြင့်သက်သေခံချက် တင်ပြခြင်းနှင့် နှုတ်ဖြင့်လျှောက်လဲတင်ပြခြင်း၊ ကြားနာခြင်းဖြင့် လည်းကောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအပေါ် အခြေပြု၍ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆုံးဖြတ်ရမည်။ သို့ရာတွင် အငြင်းပွားသူများက နှုတ်ဖြင့်စစ်ဆေးကြားနာမှုမပြုလုပ်ရန် သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ သင့်လျော်သည့်အဆင့်တွင် နှုတ်ဖြင့်စစ်ဆေးကြားနာမှုကို ဆောင်ရွက်နိုင်သည်။

(ခ) အနုညာတခုံရုံးသည် စစ်ဆေးကြားနာမည့်ကိစ္စနှင့် စာတမ်းအမှတ်အသားများ၊ ကုန်ပစ္စည်းများ သို့မဟုတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် အနုညာတခုံရုံးက တွေ့ဆုံဆောင်ရွက်မည့်ကိစ္စတို့ကို အငြင်းပွားသူများအား လုံလောက်သောအချိန်ပေး၍ ကြိုတင်အကြောင်းကြားရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တင်သွင်းသော စာဖြင့်ရေးသားတင်ပြချက်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသတင်းအချက်အလက်များ သို့မဟုတ် လျှောက်ထားချက်များအားလုံးကို တစ်ဖက်အငြင်းပွားသူထံ ပေးပို့အကြောင်းကြားရမည်။ ထို့ပြင် အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားကိုးအားထားပြုသောကျွမ်းကျင်သူ၏ ထင်မြင်ချက် သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသားမိတ္တူများကို အငြင်းပွားသူများထံ ပေးပို့အကြောင်းကြားရမည်။

**အငြင်းပွားသူတစ်ဦး၏ပျက်ကွက်ခြင်း**

၂၈။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိသည့်အပြင် လုံလောက်သော အကြောင်းပြသနိုင်ခြင်းမရှိပါက -

(က) တောင်းဆိုသူက ၎င်း၏တောင်းဆိုလွှာကို ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန်ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်မှုကို ရပ်စဲရမည်။

(ခ) တောင်းဆိုခံရသူက ၎င်း၏ခုခံချေပလွှာကို ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုပျက်ကွက်မှုသည် တောင်းဆိုသူ၏ စွပ်စွဲချက်ကို ဝန်ခံရာရောက်သည်ဟု မှတ်ယူခြင်းမပြုရ။

(ဂ) အငြင်းပွားသူတစ်ဦးဦးသည် နှုတ်ဖြင့် စစ်ဆေးရာသို့ရောက်ရှိရန် ပျက်ကွက်လျှင် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံချက်ကို တင်သွင်းရန်ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ အနုညာတခုံရုံးရှေ့မှောက်ရှိ သက်သေခံချက်များအရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

**အနုညာတခုံရုံးကကျွမ်းကျင်သူခန့်ထားခြင်း**

၂၉။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် -

(က) ဆုံးဖြတ်ရန်ရှိသည့် သီးခြားအငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတခုံရုံးသို့ အစီရင်ခံတင်ပြစေရန် ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် ကျွမ်းကျင်သူများကို ခန့်ထားနိုင်သည်။

(ခ) စပ်ဆိုင်သောသတင်းအချက်အလက်ကို ကျွမ်းကျင်သူအား ပေးစေရန် သို့မဟုတ် စပ်ဆိုင်သော စာတမ်းအမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းကို ကျွမ်းကျင်သူကစစ်ဆေးနိုင်ရန်အတွက် ထုတ်ဖော်ပြသစေရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုစေရန် အငြင်းပွားသူတစ်ဦးဦးထံမှ တောင်းဆိုနိုင်သည်။

(ဂ) ကျွမ်းကျင်သူ၏ နှုတ်ဖြင့် သို့မဟုတ် စာဖြင့် အစီရင်ခံတင်ပြပြီးနောက် အငြင်းပွားသူ တစ်ဦးကတောင်းဆိုပါက သို့မဟုတ် အနုညာတခုံရုံးက လိုအပ်သည်ဟု ထင်မြင်ယူဆပါက နှုတ်ဖြင့် စစ်ဆေးကြားနာမှုတွင် ကျွမ်းကျင်သူကို ခေါ်ယူစစ်ဆေးကြားနာနိုင်သည်။ ထိုသို့ စစ်ဆေးကြားနာရာတွင် အငြင်းပွားသည့်အချက်များအပေါ် သက်သေခံရန်အတွက် အငြင်းပွားသူများသည် ကျွမ်းကျင်သူကို မေးခွန်းများမေးမြန်းခွင့်ရှိစေရမည့်အပြင် အငြင်းပွားသည့်အချက်များနှင့်စပ်လျဉ်း၍ သက်သေတင်ပြခွင့်ရှိစေရမည်။

**သက်သေခံချက်ရယူရာတွင် တရားရုံး၏အကူအညီတောင်းခံခြင်း**

၃၀။ (က) အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတခုံရုံး၏ သဘောတူညီချက်ဖြင့် အငြင်းပွားသူတစ်ဦးဦးက ဖြစ်စေ တရားရုံးကသက်သေခံချက်ရယူပေးရန် တရားရုံးသို့လျှောက်ထားနိုင်သည်။

(ခ) လျှောက်လွှာတွင် အောက်ပါအချက်များကိုအတိအကျဖော်ပြရမည် -

(၁) အငြင်းပွားသူများနှင့် ခုံသမာဓိများ၏ အမည်များ၊ နေရပ်လိပ်စာများ၊

(၂) တောင်းဆိုချက်နှင့် တောင်းဆိုသောသက်သာခွင့်၏ ယေဘုယျသဘောသဘာဝ၊

(၃) သက်သေအဖြစ် သို့မဟုတ် ကျွမ်းကျင်သူသက်သေအဖြစ် ကြားနာရမည့်သူ၏ အမည်၊ နေရပ်လိပ်စာနှင့် ရယူလိုသော သက်သေခံချက်၏ အဓိကအကြောင်းခြင်းရာဖော်ပြချက်၊

(၄) ထုတ်ဖော်ပြသရမည့် စာတမ်းအမှတ်အသား သို့မဟုတ် စစ်ဆေးရမည့်ပစ္စည်း၏ သရုပ်ဖော်ပြချက်နှင့် အမျိုးအစား။

(ဂ) တရားရုံးသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာအရ သက်သေခံချက်ရယူသည့် နည်းလမ်းနှင့်အညီ သက်သေခံချက်ကို ရယူပြီးနောက် ယင်းသက်သေခံချက်ကို အနုညာတခုံရုံးသို့ တိုက်ရိုက်ပေးပို့ကာ လျှောက်ထားချက်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ပြည်သူ့အသံ

### ဆက်သွယ်ရေးတာဝါတိုင်ဆောက်လုပ်မှု အနီးနေအိမ်အန္တရာယ်ရှိနေ

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာတွင် ကုမ္ပဏီ ဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်ရန်အတွက် မြေကြီးတူးဖော်မှုများ ဆောင်ရွက်ခဲ့ရာ ယင်းဒေသနေပြည်သူများနှင့် အနီးပတ်ဝန်းကျင် လူနေအိမ်များမှ မြေကြီးတူးဖော်မှုအပေါ် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် ဆွေးနွေးရာ အဆင်ပြေမှုမရှိခဲ့ပါ။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက တာဝါတိုင်ဆောက်လုပ်ရန် မြေကြီးတူးဖော်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမရှိစေရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် မြကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ရုံးစာပေးပို့ထားပြီး မြကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးက ဇန်နဝါရီ ၆ရက်တွင် မြေကြီးတူးဖော်နေသူများကို အကြောင်းကြားစာထပ်မံပေးပို့ ထားပါသည်။ ထိုသို့အကြောင်းကြားစာ အဆင့်ဆင့်ပေးပို့ထားသော်လည်း ယင်းလုပ်ငန်းဆောင်ရွက်နေသူများသည် ဆက်လက်လုပ်ကိုင်နေသဖြင့် ဇန်နဝါရီ ၅ရက်တွင် မြေကြီးတူးဖော်သည့် မြေနေရာအိမ်နှင့်ကပ်လျက်နေအိမ်မှ ကြမ်းခင်းကွန်ကရစ်များကွဲကျ အက်ကြောင်းများ ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာတာဝါတိုင်ဆောက်လုပ်သည့် မြေကြီးတူးဖော်နေသူများအား နေအိမ်ပိုင်ရှင်က ခေါ်ယူပြသခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ပြည်သူများနှင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိရန်နှင့် အန္တရာယ်ဖြစ်ပေါ်လာမှုမရှိစေရန် လူနေအိမ်များနှင့် ဝေးကွာသော၊ သင့်တင့်သော မြေနေရာတွင် တာဝါတိုင်ဆောက်လုပ်နိုင်ရန် မြကိုင်းကျေးရွာနေပြည်သူများက လိုလားလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**မြကိုင်းကျေးရွာပြည်သူများ**



### စမ်းချောင်းစာတိုက်မှာ ဖုန်းဘေလ်ဆောင်ချင်

စမ်းချောင်းမြို့နယ်မှ တယ်လီဖုန်းဘေလ်များကို အခြားမြို့နယ်စာတိုက်များတွင် သွားရောက်ဆောင်နေရပြီး စမ်းချောင်းမြို့နယ်မှ ရှင်စောပုလမ်းနှင့် ပြည်လမ်းထောင့် City Mart တွင် ဘေလ်တစ်စောင်လျှင် ကျပ် ၅၀၀ ဝန်ဆောင်ခပေးရပြီး ယင်း City Mart တွင်စက်မတက်၍စောင့်ရ၊ မရသေး၍ ပြန်ရဖြစ်ခဲ့ရသည်များလည်းရှိပါသည်။ တချို့အိမ်ခန်းတစ်ခန်း ဘေလ်တစ်စောင်တွင် ကျပ် ၅၀၀ ဖြင့် အခန်းများသူများအနေဖြင့် ဝန်ဆောင်ခများစွာပေးနေရပြီး အခက်အခဲများကြုံတွေ့နေရပါသဖြင့် စမ်းချောင်းမြို့နယ် ဖုန်းဘေလ်ဆောင်သူများ စမ်းချောင်းစာတိုက်တွင်ပင် ဖုန်းဘေလ်ဆောင်ရလျှင် မြို့နယ်သူမြို့နယ်သားအား ဖုန်းဘေလ်ဝန်ဆောင်မှု ကူညီရာရောက်မည်ဖြစ်ပါသဖြင့် စမ်းချောင်းမြို့နယ်နေသူများ၏ဆန္ဒအရ စမ်းချောင်းစာတိုက်တွင် ဖုန်းဘေလ်ဆောင်ရန်စီစဉ်ပေးသင့်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**မောင်ညွှန့်သန်း(စမ်းချောင်း)**

### ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်နေ

ရန်ကုန်တိုင်းဒေသကြီးဒေါပုံမြို့နယ် ယမုံနာ(၂)ရပ်ကွက် စံပြ(၁၄)လမ်းပေါ်ရှိ ပညာရွှေအိုးစာကြည့်တိုက်ဘေးတွင် ဖွင့်လှစ်ထားသော လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ညဘက်အချိန်မတော် ဘောလုံးပွဲဖွင့်ပြီး ဆူညံစွာစီးပွားရှာနေပါသဖြင့် ပတ်ဝန်းကျင်ရှိသက်ကြီးရွယ်အိုများ၊ ကျောင်းသူကျောင်းသားများနှင့် ဝန်ထမ်းများမှာ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ယင်းကိစ္စကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

**(ရပ်ကွက်သား)**

# စည်းကမ်းတကျ ရထားစီးစေချင်



မြန်မာ့မီးရထားကို အားကိုးယုံကြည်စွာဖြင့် နေ့စဉ် မြို့ပတ်ရထားဖြင့် ခရီးသွားလာနေသော ခရီးသည်များမှာ ယခုဆိုလျှင် ပိုမိုတိုးပွားလျက်ရှိနေပါသည်။ ရန်ကုန်မြို့တွင်းတွင် ကားများ ပိုမိုများပြားလာခြင်း၊ လမ်းများပိတ်ဆို့ခြင်းကြောင့် လိုင်းကားဖြင့် ခရီးသွားသည့်အခါ ယခင်က နာရီဝက်၊ တစ်နာရီခရီးကို နှစ်နာရီကျော်ကြာ ကားစီးနေရသည့်အတွက် အချိန်ကုန်ခြင်း၊ ရုံးသွားအလုပ်သွား နောက်ကျခြင်းတို့ကို ကြုံတွေ့ရသဖြင့် နေ့စဉ် ပုံမှန်ခရီးသွားနေသူတို့သည် ဘူတာသို့ အချိန်မှန် ဆိုက်ရောက်ခြင်း၊ မောင်းနှင်ချိန်တိုခြင်းတို့ကြောင့် မြန်မာ့မီးရထား (မြို့ပတ်ရထား)အား ယုံကြည်စိတ်ချစွာ အဓိကထားစီးနင်းနေကြခြင်း ဖြစ်သည်။

ဇန်နဝါရီ ၉ ရက်နေ့ ညနေ ၅ နာရီကျော် ရန်ကုန်မှအင်းစိန်သို့သွားသည့် မြို့ပတ်ရထားအား ပြည်လမ်းဘူတာမှ စီးနင်းလိုက်ပါခဲ့ပါသည်။ ရထားပေါ်တွင် အသက် (၆၀)ကျော်ခန့်ရှိ မီးရထားစီးခရီးသည်တစ်ဦးက "ငါကွာ မနေ့ညနေက ရှမ်းလမ်းမှတ်တိုင်ကနေ အင်းစိန်ကိုပြန်ဖို့ မြို့ပတ်ရထားစောင့်နေတာ ရထားလာတော့ ရထားပေါ်တက်ဖို့ အပေါက်ကိုသွားတဲ့အခါ အပေါက်ဝမှာ မြွေရေခွံအိတ် အထုပ်ကြီးတွေပိတ်ဆို့ထားတော့ တက်လို့မရဘူး၊ အဲဒါနဲ့ အခြားအပေါက်ကိုပြေးပြီးတက်မယ်လုပ်တော့ အပေါက်မှာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေက တောင်းတွေ ဗန်းတွေနဲ့ အပေါက်ပိတ်ငုတ်တုတ်ထိုင်နေတော့ ငါတက်လို့မရပြန်ဘူး၊ နောက်အတွဲနဲ့လိုက်ဖို့ ပြေးသွားတော့ ရထားကထွက်နေပြီ၊ ငါကျန်ရစ်ခဲ့တာပေါ့ကွာ" ဟု ပြောသည်။

ထိုကဲ့သို့ မြို့ပတ်ရထားအား နေ့စဉ်စီးနင်းသွားလာနေသည့် ခရီးသွားပြည်သူလူထုတို့အား အနှောင့်အယှက် အခက်အခဲဖြစ်စေသော အသိတရားမဲ့သူ လူနည်းစုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ အချို့စာနာမှုကင်းမဲ့သူများသည် ကိုယ်ချင်းစာမှု ကင်းမဲ့ပြီး ခရီးသွားသူများအား ဒုက္ခရောက်စေမည့် အန္တရာယ်ဖြစ်နိုင်သော ပြုမူမှုများကို ပြုပြင်သင့်ပြီဖြစ်ပါသည်။

မီးရထားစီးခရီးသည်တစ်ဦးကလည်း ပြည်သူတိုင်းသည် မိမိစိတ်ဓာတ်ကို တစ်ဦးချင်းအလိုက်ပြုပြင်ပါမှ၊ တစ်ကိုယ်ကောင်းဆန်သောစိတ်များ၊ အလေ့အထများကို လျှော့ချပါမှ ဒီမိုကရေစီကိုပံ့ပိုးသကဲ့သို့ဖြစ်မည်ဖြစ်ပြီး၊ အများကောင်းကျိုးကိုလိုလားသော စိတ်ဓာတ်ဖြစ်စေမည့် ဗြဟ္မစိုရ်တရားနှင့်အညီ နေထိုင်ပြုပြင်ကြစေလိုကြောင်း" ပြောကြားသည်။ ထို့ကြောင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများကလည်း တာဝန်သိစွာဖြင့် အသိတရားမဲ့သူများအား အချိန်မီထိန်းသိမ်းပြုပြင်ကြပ်မတ်ပေးနိုင်ကြရန် စည်းကမ်းမဲ့သူတို့၏ပုံရိပ်အား တင်ပြလိုက်ပါသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# မုံရွာ-မြင်းမူ-မန္တလေးကားလမ်းပေါ်က မြင်းမူတိုးဂိတ်




မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးများတွင် မုံရွာ-မန္တလေး လမ်းမကြီးသည်လည်း အဓိကကျသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ထိုလမ်းမကြီးမှတစ်ဆင့် မန္တလေးမှနေ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးသို့ ဆက်သွယ်နိုင်သည့်အပြင် တရုတ်ပြည်အထိ ခရီးပေါက်သော လမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ထို့အတူ မုံရွာမှတစ်ဆင့် ချင်းပြည်နယ်နှင့် အိန္ဒိယအထိ ဆက်သွယ်နိုင်သော ခရီးလမ်းကြောင်း လည်းဖြစ်သည်။ နိုင်ငံတော်အတွက် လိုအပ်သော တိုးဂိတ်အသီးသီးကိုလည်း ၎င်းလမ်းကြောင်းတွင်တွေ့နိုင်သည်။ မိုင် ၅၀ တွင် တိုးဂိတ်တစ်ခုနှုန်းဖြင့် လုံခြုံရေးနှင့်သွားလာရေး လွယ်ကူစေရန်အတွက် ဆောင်ရွက်ထားသည်မှာကျေနပ်အားရဖွယ်ရာဖြစ်ပါသည်။

သို့သော် မန္တလေးနှင့်စစ်ကိုင်း ၁၂ မိုင်သာရှိသော ခရီးလမ်းကြောင်းတွင် တိုးဂိတ်တစ်ခုရှိပါသည်။ ၃၆ မိုင်ဝေးသည့် စစ်ကိုင်းနှင့် မြင်းမူကြားတွင် တိုးဂိတ်နှစ်ခုရှိနေသည်မှာ ခရီးသွားလုပ်သားပြည်သူများနှင့် အဝေးပြေးကားများ၊ ကိုယ်ပိုင်ကားများ ကုန်သည်များအတွက် စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ တိုးဂိတ်သည် သင့်တော်သောအနေအထားဖြင့် တည်ရှိနေသော်လည်း မြင်းမူတိုးဂိတ်သည် မလိုအပ်ဘဲ တည်ဆောက်ထားသည့် တိုးဂိတ်အဖြစ် အများပြည်သူက ယုံကြည်နေသည်။

ထို့ကြောင့် ပြည်သူကို အခြေပြုသောဒီမိုကရေစီနိုင်ငံတော်ကိုတည်ဆောက်ရာတွင် ပြည်သူ့အသံကို အလေးအနက်ထားပြီး ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်မျှော်မှန်းချက်များသည် ပိုမိုအောင်မြင်လာလိမ့်မည်ဟုအကြံပြုတင်ပြလိုက်ပါသည်။

**(၆၂၄)**

# ဆဲလ်ဖုန်းတာဝါတိုင်များ မြို့ပေါ်ရပ်ကွက်အတွင်း တည်ဆောက်ထားမှု လူနေအိမ်အနီးမှ ဖယ်ရှားပေးရန်လိုလား



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း ဆဲလ်ဖုန်းတာဝါတိုင်ကြီးများ တည်ဆောက်နေကြ၍ ယင်း တိုင်ကြီးများမှ တစ်ဆင့်ရရှိခံစားရမည့် ဆိုးကျိုးများကြောင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေကြကြောင်းသိရသည်။

ယခုအခါ ဆဲလ်ဖုန်းတာဝါတိုင်ကြီးများမှာ ပဲခူးမြို့ပေါ် ကျွန်းသာယာရပ်ကွက် နယ်မြေ(၁၅)၊ နယ်မြေ(၁၆)၊ နယ်မြေ(၈)တစ်ရပ်ကွက်တည်းတွင် သုံးပွင့်ဆိုင်တည်ဆောက်ထားရှိခြင်း၊ ကလျာဏီရပ်ကွက်၊ မဇင်းရပ်ကွက်တို့တွင်လည်းတွေ့ရှိရပြီး ယင်းဆဲလ်ဖုန်းတာဝါတိုင်များ လူနေရပ်ကွက်အတွင်း တည်ဆောက်ထားရှိနေမှုကြောင့် မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးတို့ကြောင့် ပြိုလဲမှုရှိလာနိုင်ပြီး လူတို့၏ အသက်အန္တရာယ်ထိခိုက် စေနိုင်သလို၊ ယင်းတာဝါတိုင်မှ စက်သံသည် အသံမြည်ဟည်းမှုပြင်းထန်၍ ညအချိန် အိပ်စက်အနားယူကြမည့် ရပ်ကွက်နေပြည်သူများ၊ ဝန်ထမ်းများ အနားယူအိပ်စက်၍မရဖြစ်ကြရပါသည်။ ယင်းစက်ကြီး လျှပ်စစ်မီးပျက်ခဲ့လျှင် အင်ဂျင်ဖြင့် ချက်ချင်းလည်ပတ်နိုင်ရန် ဂါလန်ပေါင်းများစွာ သိုလှောင်ထားရှိသော စက်မောင်း ဆီကန်မှာ ရပ်ကွက်အတွင်း မီးအန္တရာယ်စိုးရိမ်နေရခြင်းတို့ကြောင့် လူနေအိမ်ရပ်ကွက်များထဲမှ ထိုဆဲလ်ဖုန်းတာဝါတိုင်ကြီးများ သက်ဆိုင်ရာများက အမြန်ဆုံး ဖယ်ရှားရှင်းလင်းပေးရန် ဒေသခံများ လိုလားလျက်ရှိနေကြသည်။

**(၅၈၇)**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ (၄.၁.၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ရွှေနဒီ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်နှင့် နဒီရွှေဝါ ကုမ္ပဏီလုပ်ငန်းစု ကုမ္ပဏီများ၏ ကျေးဇူးရှင် ဖခင်ကြီး ဦးစိုးသိမ်း (ကျောက်ပန်းတောင်းမြို့)အား သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ပေးအပ်ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုးတို့အား ဆတက်ထမ်းပိုး သယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သားသမီး / မြေး / မြစ် မိသားစုများ**
**ရွှေနဒီသယ်ယူပို့ဆောင်ရေးကုမ္ပဏီနှင့်နဒီရွှေဝါလုပ်ငန်းစုကုမ္ပဏီ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ (၄.၁.၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ရွှေနဒီ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်နှင့် နဒီရွှေဝါ ကုမ္ပဏီလုပ်ငန်းစု ကုမ္ပဏီများ၏ ကျေးဇူးရှင် ဖခင်ကြီး ဦးစိုးသိမ်း (ကျောက်ပန်းတောင်းမြို့)အား သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ပေးအပ်ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုးတို့အား ဆတက်ထမ်းပိုး သယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးငြိမ်း+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အုန်းကြင်**
**OK ဆန်စက်နှင့်ဆန်/ဆီရောင်းဝယ်ရေးမိသားစု**
**ဘုရင့်နောင်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ (၄.၁.၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ရွှေနဒီ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်နှင့် နဒီရွှေဝါ ကုမ္ပဏီလုပ်ငန်းစု ကုမ္ပဏီများ၏ ကျေးဇူးရှင် ဖခင်ကြီး ဦးစိုးသိမ်း (ကျောက်ပန်းတောင်းမြို့)အား သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ပေးအပ်ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုးတို့အား ဆတက်ထမ်းပိုး သယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝန်ထမ်းများ**
**ရွှေနဒီသယ်ယူပို့ဆောင်ရေးကုမ္ပဏီနှင့်နဒီရွှေဝါလုပ်ငန်းစုကုမ္ပဏီ**

ကြော်ငြာ

Trumpet Travels ၏ အထူးခရီးစဉ်များ
Ph : 01536975,01-532238, 09-43089536, 09-5182767

Silver Song Travels & Tours
Ph: 2304255, 09253423943 ,0973257907 Jan 16, Feb 11

DHS
ဒဂုံကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ဘော်ဒါ
Phone: 01-583 655, 09-731 21 329,09-51 70 881, 09-798 407123

Ph: 09 73121329, 09 428013131, 09 798183761

NEW STANDARD
New Standard for New Myanmar

# ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်) ၂၀၁၅ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဖိတ်ကြားလွှာ

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၅ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားနှင့် ဇီးကုန်းမြို့သူ၊ မြို့သားများ ပြန်လည်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)နှင့် ဇီးကုန်းမြို့သူ၊ မြို့သားများ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ)(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ)ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(အခမ်းအနားသို့ ကြွရောက်လာသူများကို ဇီးကုန်းကော်ပြန့်ကြော်ဖြင့် ဧည့်ခံပါမည်။)

ကျင်းပမည့်နေ့ရက် - ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
ကျင်းပမည့်နေရာ - နေနတ်သားစာသင်တိုက်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ (၉)ထပ်ကြီးဘုရားရှေ့။

၂၀၁၄ -၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ အသင်းဝင် အသင်းသားများ၏ သားသမီးများသည် အောင်မြင်သည့်ဘာသာရပ်၊ အမှတ်စာရင်းအထောက်အထားနှင့်အတူ ၁၇-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးပို့ကြပါရန် ဖြစ်ပါသည်။

ဦးအေးသောင်း(ဥက္ကဋ္ဌ) ဖုန်း ၀၅၆-၂၂၁၃၅၊ ဒေါ်သန်းသန်းအေး (ဒု-ဥက္ကဋ္ဌ-၂) ဖုန်း ၀၉-၂၅၄၀၇၁၉၄၄၊ ဦးမြင့်ဆွေ (တွဲဖက်အတွင်းရေးမှူး) ဖုန်း ၀၉-၂၅၄၅၄၁၇၈၈

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

# တစ်ချက်တည်းကျင်းဝင်

ဦးကျော်ခင်(KK)သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ PANYA INDRA ဂေါက်ကွင်း၌ ၂၃-၁၂-၂၀၁၅ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးဝင်းမြင့်သိန်း၊ ဦးကြီးဟင်၊ ဦးခင်မောင်မြင့်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၈)ကို (၁၆၀)ကိုက်အကွာမှ PRECEPT No.(4) ဘောလုံးအား MARUMAN SHUTTLE WOOD No.(3)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။

အသက်(၁၂)နှစ်သားအရွယ်က ပထမဆုံးအကြိမ် HOLE IN ONE ရခဲ့ပြီး ယနေ့ အသက်(၈၂)နှစ်ရှိပြီးဖြစ်သူ ဦးကျော်ခင်အနေဖြင့် ယခုအကြိမ်သည် (၈)ကြိမ်မြောက် HOLE IN ONE ရရှိခြင်းဖြစ်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**(ကစားဖော်များ)**

မြန်မာကျောင်းသူကျောင်းသားများအတွက်
"၂၀၁၆ခုနှစ်၊ နိုင်ငံတကာပညာရေးလမ်းကြောင်းနှင့်အခွင့်အလမ်းသစ်များ"
• အမေရိကန်တက္ကသိုလ်ဝင်ခွင့်နှင့် အမေရိကန်ပညာသင်ဆုများလျှောက်ထားခြင်း
• ပြည်တွင်းပြည်ပတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
• ပြည်ပမှာကျောင်းတက်ဖို့ IGCSE,GCE 'A', SAT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
• ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာသင်ယူနိုင်မည့် ကျောင်းနှင့်နိုင်ငံများအကြောင်း
• ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ်အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
• မြန်မာကျောင်းသားများ၏ တက္ကသိုလ်ပညာရေးအတွက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်စွမ်းနှင့် ဘာသာရပ်ရွေးချယ်နိုင်မှုစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာများအကြောင်း
CROWN EDUCATION
ဆွေးနွေးမည့်သူ
ဦးအောင်ကျော်ဆန်း (EDUCATIONAL CONSULTANT) British Council Education UK Certificate (Distinction)
Call Us 01 527 838 09 730 40 688 09 732 732 77
နေ့ရက် - ဇန်နဝါရီ (၁၇)ရက် အချိန် - (၁၀)နာရီ မှ (၁၁)နာရီခွဲ နေရာ - CROWN Education Center

Fully Auto
09 420035882, 09 73199410
09 420035884, 09 73199257

ပေါ့ပါးလွယ်ကူသည့်... FIRE Safe မီးသတ်ဆေးဘူး
FIRE.Safe FIRE.Safe 2 FIRE.Safe 3
09 440 444444, 09 458 222222
အဖြို့မြို့နယ်နယ်ရှိ Super Market၊ ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။

ဝေ့ YIS ကျောင်းနှင့် ILBC ကျောင်းအနီး
UBC CONDOMINIUM
လစဉ် (၆သိန်း)ခန့်
15/16/17-Jan 2016
၁၀နှစ် ငွေချေစနစ်
(၅) ခန်းသာရောင်းမည်။
DEVELOPED BY iGREEN
LOCATION MAP

ကြော်ငြာ

## ရန်ကုန်တိုင်းဒေသကြီးတရားရုံးအဆင့်ဆင့်မှ အငြိမ်းစားဝန်ထမ်းများ/တာဝန်ထမ်းဆောင်ဆဲအသင်းဝင်(ဝန်ထမ်း)များ၏ သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းများပြန်လည်တွေ့ဆုံပွဲဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးတရားရုံးအဆင့်ဆင့်မှ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် လူမှုရေးအကျိုးဆောင်အဖွဲ့မှ ကျန်းမာရေးနှင့် လူမှုကူညီရေးကိစ္စရပ်များကို ဆောလျင်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ယခုအခါ(စတုတ္ထ)အကြိမ်**အဖြစ် အငြိမ်းစားဝန်ထမ်းများထဲမှ **သာသနာ့ဘောင်သို့ ရာသက်ပန်ကူးပြောင်း သွားသော ရဟန်းနှင့်သီလရှင်များ၊ အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစားပုဂ္ဂိုလ်(၃၁)ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ခြင်း၊ ကွယ်လွန်ပြီးသောအသင်းသားတို့အား အမျှအတန်းပေးဝေ ခြင်းနှင့် နှစ်ပတ်လည် ပြန်လည်တွေ့ဆုံဂါရဝပြုခြင်း**တို့ကို ပြုလုပ်ဆောင်ရွက်မည် ဖြစ်ပါသည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ၁၇-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း ဗဟန်းကြားတောရလမ်း၊ တရားရုံးချုပ်မော်ရုံသို့ ကြွရောက်ကြပါရန် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ဖိတ်ကြားအပ်ပါသည်။

**တရားရုံးအငြိမ်းစားများ၊ လူမှုရေးအကျိုးဆောင်အဖွဲ့**

## နှစ်(၄၀)ပြည့်မင်္ဂလာဆုတောင်း

ဇန်နဝါရီ ၂ ရက်မှာ ကျရောက်ခဲ့တဲ့ ဖေကြီး ဦးသန်းဌေးနှင့် မေကြီး ဒေါ်နွဲ့နွဲ့ဝင်း တို့၏ နှစ်(၄၀)ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာထိ သားသမီးမြေးမြစ်တစ်စုနှင့် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် နေနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**ကိုဖြိုးနှင့်အိသဲ**
**ကိုဇော်နှင့်အိပို့**
**ယမင်း**


**တရုတ်**
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Great Wall
စကားပြော ၊ စကားပြန်

**ENGLISH**
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
TAMWE - 540714, 09 5183636
09 49 285182

နယ် ခရီးဝေးမျိုးစုံ
မောင်းနှင်နိုင်သော ကျွမ်းကျင်
ယာဉ်မောင်း(၂)ဦး အလိုရှိသည်။
09 78 5158803,
09 253 833810

ကျောင်းသား/သူများ သရုပ္ပဆောင်းဖို့အတွက် ကျောင်းသားသရုပ္ပကို ဖတ်ကြပါစို့
ကျောင်းသား
**သရုပ္ပ**
၂၀၁၆မေးခွန်း(၅)စုံနှင့်စံပြအဖြေများ
တိုင်းဒေသကြီး ပြည်နယ်များရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
တက္ကသိုလ်ဝင်တန်း သိပ္ပံတွဲ/ ဝိပ္ပံတွဲ (၇)အုပ် (၆အုပ်၁စုံ) - ၃၅၀၀ိ/ကျပ်


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆ ဖြင့် သူငယ်ချင်း **ဦးခင်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)** 21 Paradise Hotel (Setse Beach) & 21 Paradise Natural Hot Spring (Than Pyu Zayak) အား **သုဓမ္မမဏိဇောတရဘွဲ့** ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုး၊ ရပ်ရွာအကျိုးတို့ကို ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်(RIT)**
**၁၉၇၃-၇၉ ခုနှစ်မှ သူငယ်ချင်းများ**


Since 1996
**ပုလဲ**
၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ (၈)မြို့နယ်တွင် တစ်ခရိုင်လုံး အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်
**ဆရာဝန်များဦးစီးသော**
**စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း**
၅တန်းမှ ၁၀တန်း
မိမိတို့ ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။
စိတ်ငြိမ် မြဲဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ တေးဂီတ၊ လေ့လာရေးခရီးများ၊ **(၀)တန်းအစီးရစ်စ် အတွက်လည်း အထူးလေ့ကျင့်ပေးသည်။**
**(၉)တန်းအထူးအစီအစဉ် – သင်ရိုးကုန်သင်ပေး၍ (၁၀)တန်းစာပါထပ်ဆောင်းသင်ပေးပါသည်။**
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်း ထူးချွန်ကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေးခရီးပို့ဆောင်ပေးမည်။
၂၀၁၆ ကြိုအပ်လက်ခံပြီ
အမှတ် (၇၇) ၄ဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း – ၀၉ ၅၁၅၈၈၅၁ ၊ ၀၉ ၇၁၂၉၉၇၂၆။


ဘွဲ့ရအဆောင်မှူး/Guide အလိုရှိသည်







## ဝန်ထမ်းအလိုရှိသည်

၁။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)တွင် အောက်ဖော်ပြပါ လုပ်ငန်းရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန် အလိုရှိပါသည်-

| | | |
|---|---|---|
| (၁) | အကြီးတန်းစကားပြန်/ဘာသာပြန်(တရုတ်) | (၁)ဦး(ကျား/မ) |
| (၂) | အကြီးတန်းစကားပြန်/ဘာသာပြန်(အင်္ဂလိပ်) | (၁)ဦး(ကျား/မ) |
| (၃) | ကြီးကြပ်ရေးဝန်ထမ်း(၁) | (၁)ဦး(ကျား/မ) |

**အထက်ပါရာထူးများအတွက်-**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

(ခ) အမှတ်စဉ်(၁)ရာထူးအတွက် တရုတ်မြန်မာအလယ်တန်းအောင်ရမည်။ အထောက်အထားတင်ပြနိုင်ရမည်။ တရုတ်ဘာသာစကားကို ဘာသာပြန်အရေးနှင့် အပြောအဆို (၂)ရပ်လုံး ကျွမ်းကျင်သူဖြစ်ရပါမည်။ လိုအပ်ပါက ရေး/ဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည် ဖြစ်သည်။

(ဂ) အမှတ်စဉ်(၂)ရာထူးအတွက် English ဘာသာ(အဓိက)ဘွဲ့လက်မှတ်ရရှိသူဖြစ်ရမည်။ English ဘာသာစကားကို ဘာသာပြန်အရေးနှင့်အပြောအဆို (၂)ရပ်လုံး ကျွမ်းကျင်သူဖြစ်ရပါမည်။ လိုအပ်ပါက ရေး/ဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည် ဖြစ်ပါသည်။

(ဃ) အမှတ်စဉ်(၁+၂)အတွက် အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းရှိသူ ဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်လျှော့ပေါ့စဉ်းစားမည်။)

(င) အမှတ်စဉ်(၃)ရာထူးအတွက် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိရမည်။ ကွန်ပျူတာ စာစီစာရိုက်ကျွမ်းကျင်ရမည်။ အသက်(၂၀)မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၂။ အထက်ပါရာထူးသို့ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ ပတ်(စ်)ပို့ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မိတ္တူတို့ကို ပူးတွဲလျက် ၂၂-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

(၁) အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(၂) သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက **ဖုန်း(၀၁-၆၅၈၁၄၉၊ ၀၁-၆၆၃၁၁၉)**

**ရန်ကုန်တိုင်းဒေသကြီး**
**ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**အိတ်ပိတ်တင်ဒါ(၂/၂၀၁၆)**

၁။ ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မြောက်ဘက်တန်းဟသ်ာလမ်းတွင် ဈေးဆိုင်ခန်းနှင့်ရေချိုးခန်း၊ အိမ်သာများကိုဖျက်သိမ်း၍ အသစ်တည်ဆောက်နိုင်ရန်အတွက် အိတ်ပိတ်တင်ဒါကို ၁၆-၁-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

(က) (၁၀'×၁၃') ဈေးဆိုင်ခန်း(၁၀)ခန်း တည်ဆောက်ခြင်းနှင့် ဂါလန်(၁၆၀၀)တန် ရေတိုင်ကီနှင့် ရေစင်ဆောက်လုပ်ခြင်း။

(ခ) အဆင့်မြင့် Toilet များ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း။

၂။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄**

**ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့ (ရန်ကုန်)**
**နှစ်ပတ်လည်အစည်းအဝေးနှင့် တတိယအကြိမ်သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ**

ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)၏ ၂၀၁၅-ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ခေတ်အဆက်ဆက် ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့တွင် တာဝန်ယူခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် ဂေါပကအဖွဲ့ဝင် ဟောင်းများနှင့် လက်ရှိဂေါပကအဖွဲ့ဝင်များ၊ တတိယအကြိမ်သက်ကြီးပူဇော်ပွဲတို့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်၊ တနင်္ဂနွေနေ့ နံနက်(၀၉း၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယခင်ခေတ်အဆက်ဆက် ဂေါပကအဖွဲ့ဝင်ဟောင်းများ၊ လက်ရှိဂေါပကအဖွဲ့ဝင်များ၊ ဓမ္မာရုံအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ ရခိုင်အသင်းအဖွဲ့များနှင့် ရန်ကုန်မြို့ရှိ ရခိုင်သူ/ရခိုင်သားများအားလုံး ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကန်တော့ခံမည့် အသက်(၇၅)နှင့် အထက် ဂေါပကအဖွဲ့ဝင်များသည် ဂေါပကအဖွဲ့နှင့် ကြိုတင်ဆက်သွယ်၍ စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အလှူငွေများ လှူဒါန်းလိုပါက -

အလုပ်အမှုဆောင်အဖွဲ့

၁။ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်-၂၁၀-၃၀၂-၂၁၀၀၀၀၆၁၅၀၁
၂။ ဦးတင်ညွန့် (ဒုတိယဥက္ကဋ္ဌ) ၀၉-၄၂၁၁၁၈၅၆
၃။ ဦးစောသိန်း (အထွေထွေအတွင်းရေးမှူး) ၀၉-၅၀၈၁၃၀၁
၄။ ဦးဝင်းမောင် (တွဲဖက်အတွင်းရေးမှူး) ၀၉-၇၃၀၀၁၄၄၇ ၅။ ရုံးအဖွဲ့မှူး (ဓမ္မာရုံ) ၀၁-၃၇၅၇၂၈

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက်(လွတ်လပ်ရေးနေ့) အခါသမယ၌ မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှုကို စတင်နိုင်ခဲ့ပြီး စဉ်ဆက်မပြတ် နှလုံးဝေဒနာရှင်လူနာများကို ကယ်တင်ပေးလျက်ရှိသည့် **မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာနက "ရတနာပုံကျန်းမာရေးဆိုင်ရာထူးချွန်ဆု"**ကို ထိုက်တန်စွာ ချီးမြှင့်ခံခဲ့ရပါသဖြင့် နှလုံးအထူးကုဌာနမှ ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းအားလုံးအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နီလေးနိုင်ကုမ္ပဏီလီမိတက်**



## ကြော်ငြာ

**Modern Myanmar** Travels

ကားမိုးလုံလေလုံ၊ အဆူးစီမံခွင့်ပေးပါသည်။

Hotel Package ကျိုက်ထီးရိုး (နေ့စဉ်)

- တောင်ကြီး၊အင်းလေး၊ရွှေတော်ကူ 150000 Jan 15,29, Feb11
- မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 90000/140000 Jan 29,Feb11
- ပုဂံ၊ ပုပ္ပါး၊ ရွှေဆံတော်လေးဆူ၊ ပခုက္ကူ 90000/140000 Jan 29,Feb11

ချောင်းသာ Hotel (ငြိမ်း) 40000/50000 | ငွေဆောင် Hotel+ကား 40000/50000

၂၃၆၊ ဘုရားလမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

**အာရှနဂါး**

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph: 01 707062, 09 799100100
01 703790, 09 797100100

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး(နေ့စဉ်/ငြိမ်း) 35000

ချောင်းသာ Hotel(ငြိမ်း) 40000 / 50000

ငွေဆောင် (Hotel+ကား) 40000

ကားမျိုးစုံအငှားစီစဉ်ပေးသည်။

01-549380,09-5093704,09-450012971

**ဧဒဟနာရှင်**

ရွှေစက်တော်ဖွင့်ပွဲ (Feb-11) (ချက်မည်)

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း(၄)ရက်

ပုဂံ–ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက်

တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်

မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(၅)ရက်

ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်(၆)ရက်

Ph: 01-392704, 09 73017110, 09 5066657,09 785066657

**ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)**

- အလောင်းတော်ကဿပ၊ မုံရွာအနီး၊ စစ်ကိုင်း(သီးသန့်) ဆက်၍– မန္တလေး၊ ပြင်ဦးလွင်အနီး
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကူ၊ ထမ့်ခမ်းလိုဏ်ဂူ
- မန္တလေး၊ ပြင်ဦးလွင်အနီး၊ ဂုတ်ထိပ်တံတား၊ ကျောက်စိမ်းဘုရား
- ပုဂံ၊ ညောင်ဦး၊ ရွှေဆံတော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
- ပုဂံ၊ ညောင်ဦး၊ ရွှေဆံတော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
- ကျိုက္ခမီ၊ ဖော်လမြိုင်၊ စက်ဆဲ၊ ဇွဲကပင်တောင်–(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
- ရွှေစက်တော်နှင့်လမ်းဘုရားစုံ(ဖွင့်ပွဲအလှူနေ့)Feb 11,12 နှင့် အပတ်စဉ်(အမြဲသောကြာ)

**မျှော်ပိုသား** ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

ကျိုက်(၅)ကျိုက်(ကျိုက်ထီးဆောင်း၊ကျိုက်သလွန်၊ကျိုက်ပေါလော၊ ရှင်ကျိုက်မရော၊ကျိုက္ခမီ) စက်စကန်းချောင်းကမ်းဘက်ခါတ်တော်တိုက်မှ ဘုန်းကြီးဝင်းစိန်တောရ ဦးခန္တီ ... သထုံရွှေစာရံ အလံတစ်ရာဘုရား၊ ကြေးသွန်းမဟာမုနိ လမ်းဘုရားစုံဖူး အဆင့်မြင့်တည်းခိုခန်းတည်း-ဆိုင်ကယ်လမ်းကျွေး(၁)ညအိပ်(၂)ရက်စားတည်းငွေ(၃၅၀၀၀ိ) မြည်(၅)မြည်(ပုပ္ပါး ပုဂံညောင်ဦး(ရွှေဆံတော်လေးဆူ)ဘုရားစုံဖူး သောကြာညသွားတနင်္လာနံနက် ပြန်ရောက်မှာဖြစ်သည်။တည်းဆိုင်ကျွေးစားတည်းငွေ(၅၅၀၀ိ) Jan-15,22,29

Ph:09425334456,0949323965,0949578205

ပုံနှိပ်စက်သုံး **Offset roller size** မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ပေးနေပါသည်။

| size | | |
|---|---|---|
| | 40mm-50mm | ks 42000 |
| | 50mm-58mm | ks 51000 |
| | 60mm-70mm | ks 60000 |
| | 70mm-76mm | ks 69000 |

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၃၁၈၄၀



STRATEGY FIRST

မိရိုးဖလာ စီမံခန့်ခွဲမှုနှင့် မလှဲလောက်တော့သော ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်

**own BUSINESS management**

**Level 2: Manage your business (48 hours)**

သင့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းကောင်းများ ရှာဖွေပါ။

သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ

1. Principles of Management | Lecturer: Daw Aye Aye Win
2. Managing Finance | Lecturer: Daw Htay Htay Myint
3. Managing the Markets | Lecturer: U Aung Chit Khin
4. Managing Manufacturing & Operations | Lecturer: Daw Aye Aye Win
5. Managing Human Resource | Lecturer: Dr. Daw Ohnmar Myint

Wed, Thur, Fri, Sat (9:00 am to 12:00 pm) |15 Jan to 11 Feb 2016 | Fees: 240,000 Ks

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.

သတိပြုရန် – ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့် ၎င်းတို့၏ ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

**CALL NOW: (09) 250 7171 66 ~ 68**

**Padamyar fm**

မူပိုင်

ပတ္တမြား FM

Sponsor

စိန်စိန်

အဆင့်မြင့် စိန်ရတနာရွှေဆိုင်



**Radio to Live 2**

ဟဲလေး ၊ Ar T ၊ သားသား ၊ ရဲရင့်အောင် ၊ ဂျက်ဆန်ထွန်း ၊
မရမ်ဆိုင်းနော် ၊ ရွှေထူး ၊ ဋ္ဌပြည့် ၊ အောင်ထက် ၊ G-Fatt ၊ မိုးပြည့် ၊
ဖြိုးဖြိုးကျော်သိန်း ၊ ဝိုင်းစုခိုင်သိန်း ၊ အိမ့်ချစ် ၊ နီနီခင်ဇော် ၊
အိုင်ရင်းဇင်မာမြင့် ၊ မိစန္ဒီ ၊ ပန်းရောင်ခြယ်

ထွက်ပြီ

COMPACT DISC DIGITAL AUDIO

bobo MUSIC PRODUCTION

Media Partners

7DAY DAILY

1875 HOTLINE

ဦးအောင်အောင် LCCI
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
Level - I + II, III = 15%Dis:
(၂၃၉)၊ ၃ထပ်၊ ဘားလမ်း၊ ကျောက်တံတား။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇ ၅၁၀၃၀၀၂၊ ၀၉၇၈၅၁၀၃၀၀၂

| Level - I+II | | | |
|---|---|---|---|
| (A) | SAT 7:00 - 8:30am SUN 26.12.2015 | (D) | THU 6:00 - 8:00pm FRI 14.1.2016 |
| (B) | THU 9:30 - 12:00am FRI 31.12.2015 | (E) | MON 7:00 - 8:30am TUE / WED 18.1.2016 |
| (C) | SUN 2:00 - 5:00pm 10.1.2016 | (F) | MON 4:00 - 6:00pm TUE 25.1.2016 |

Level - III (B)

| | |
|---|---|
| A/C IAS | (MON, TUE 12:00-2:00pm) |
| Cost | (MON, TUE 2:00 - 4:00pm) |
| M A | (WED 12:00- 2:00pm) |
| ABC | (MON 10:00 -11:30am) |
| Stats | (TUE,WED 9:30 -11:30am) |

NELC
"Don't Worry, Just Speak!"
Nelson English Language Centre
5 Fundamental Development!
mental critical social emotional physical
Pre-school
* 3 to 5 years old
Opening in January
Enroll Now!!



| စမ်းချောင်း | ဗိုလ်အောင်ကျော် | မရမ်းကုန်း | မန္တလေး | တာချီလိတ် | မြင်းခြံ | လားရှိုး |
|---|---|---|---|---|---|---|
| 01 501947 / 09 86 126 39 | 01 256517 / 01 256516 | 09 730 65 345 | 09 910 23 900 | 084 52 572 | 09 400 306 019 | 08 226611 |

## ရိုးမဘဏ်လီမိတက်
### အလုပ်လျှောက်လွှာခေါ် ယူခြင်း

<u>လျှောက်ထားရမည့်ရာထူး</u> - **Assessors (ရာဖြတ်)**

ရိုးမဘဏ်တွင် ချေးငွေလုပ်ငန်း၌ အပေါင်ပြုလုပ်မည့် အိမ်၊ ခြံ၊ မြေ အဆောက်အဦး၊ စက်ကိရိယာ နှင့် အခြားအထွေထွေ ပစ္စည်းများကို တရားဝင်ပိုင်ဆိုင်ခြင်း ရှိ/မရှိ စစ်ဆေးအတည်ပြုပေးရန် နှင့် ချေးငွေလုပ်ငန်း၌ အပေါင်ပြုလုပ်မည့် အိမ်၊ ခြံ၊ မြေ အဆောက်အဦး၊ စက်ကိရိယာ နှင့် အခြားအထွေထွေ ပစ္စည်းများအား တန်ဖိုးဖြတ် (ရာဖြတ်)ရန် စသည်တို့ ဆောင်ရွက်ရမည်။

**B.E (Civil) (သို့) A.G.T.I** ဘွဲ့ရရှိရမည်။ **Engineer** လိုင်စင်ရှိသူ ဖြစ်ရမည်။ **Real Estate and Construction** အတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။

လျှောက်ထားလိုသူများအနေဖြင့် ပတ်စပို့ဓါတ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူများ နှင့်အတူ အမှတ်(၁၁-၁၇)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရိုးမဘဏ်(ရုံးချုပ်)၊ **Human Resources Department** သို့ (၂၂-၁-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၃၇၀၀၁၀/၀၁-၃၇၀၀၉၂/၀၁-၃၇၀၀၆၈

**E-mail Address** - <u>hr@yomabank.com</u>

## တိုက်ခန်းများအမြန်ရောင်းမည်/ငှားမည်

၁။ တောင်ဥက္ကလာပမြို့နယ်၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်တွင်တည်ရှိသော လူနေထိုင်ခွင့်ကျပြီး၊ တိုက်သစ်၊ အကျယ်(၂၂'×၅၄')၊ စတုတ္ထထပ်၊ သုမင်္ဂလာလမ်းမကြီးအနီး။

၂။ တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းမကြီးပေါ်၊ (၁၁)ရပ်ကွက်တွင်တည်ရှိသောလူနေထိုင်ခွင့်ကျပြီး၊ တိုက်သစ်၊ အကျယ် (၁၈'×၅၄')၊ စတုတ္ထထပ်၊ ဝေဇယန္တာလမ်းမကြီးအနီး။

**ဆက်သွယ်ရန်** 09-442152463, 09-250506060

## မြန်မာကော်ဇွန် — ကူမွှေကြီး

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ယာအမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက္ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။

Ph: 291317/202921/09-8627489

ဆရာမ ဒေါ်အေးကြင် အမှတ်တံဆိပ် ဇေတာဂျော်ဇီဖိ အဆီကျဆေး
အဝလွန်သူများ ဤဆေးကိုနေ့စဉ်မှန်မှန်သုံးစွဲပါက ခန္ဓာကိုယ်သွယ်လျ အဆီကျ၍ ကျစ်လစ်လှပ အချိုးအစားကျပြီး သွေးသားသန့်စင်အရွယ်တင်လျက် အသားအရေမိုပြည်စေ၍ အကြောတက်ရောင်းခြင်း ကင်းစေ၊ ကျန်းမာစေပါသည်။
T.M.R 009371 (01/18)

## နှစ်သစ်အရောင်းမြှင့်တင်ခြင်းအစီအစဉ်
(၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၉ရက်နေ့အထိသာ)

SUZUKI Way of Life!

The Brand New ERTIGA for Myanmar




ဈေးနှုန်း (US $ 17,900 ++)
ကျပ် ၁၉၉သိန်း + +

(First Come, First Serve Condition)

➤ ၁.၄လီတာအင်ဂျင် အော်တိုဂီယာလေးချက်

Petrol 14.92 km/l *1

➤ ခုံသုံးတန်းပါရှိသော ခုနစ်ယောက်စီးကား



➤ အာမခံ ၃နှစ်/ကီလိုမီတာ ၁သိန်း *2



NEW SUPER CARRY TRUCK
ဈေးနှုန်း (US $ 5,777 ++)
ကျပ် ၆၉သိန်း + +

တရားဝင်အရောင်းကိုယ်စားလှယ်များ

ရန်ကုန်
ရဲနဒီ မော်တော် အောင် မော်တော်
မျိုး မော်တော် လွင်နှင့်ရွှမ်း မော်တော်

မန္တလေး
အေးအိုင်ရီ မော်တော်

ဆူဇူကီး(မြန်မာ)မော်တော်မှ လေးစားရပါသောဝယ်ယူအားပေးသူများအတွက် အစဉ်ထောက်ပံ့ပေးနေသည်မှာ . . .
၁ စိတ်ချမ်းမြေ့မှုရရှိခြင်း
၂ ယုံကြည်စိတ်ချရသောထုတ်ကုန်

facebook/Suzuki Myanmar Motor Co., Ltd.

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအုန်းမြင့်(ခ)ဦးဆင်ကြီး**
**အသက်(၈၂)နှစ်**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်း၊ လမ်းမတန်းအမှတ် (၁၆၅၆)နေ ဒေါ်စန်းကြင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူး/ဗိုလ်ကြီးလှိုင်ဘွား (မြဝတီစာပေတိုက်)-ဒေါ်ရွှေစင်အိတို့၏ဖခင် ဦးအုန်းမြင့် (ခ) ဦးဆင်ကြီးသည် ၈-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (97) မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးကျေးဇူးတင်ရှိခြင်း

၁-၁-၂၀၁၆ရက်တွင်ကွယ်လွန်သွားသောရဲ ၂၄၅၈ ရဲမှူးကျော်ဆန်း၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့သော ရဲချုပ်နှင့်တကွ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား ကျန်ရစ်သူမိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်ခင်ဘန်း(မြင်းခြံ/တောင်သာ)**
**အသက်(၉၂)နှစ်**
**ဂျုံလုပ်ငန်း(စက်မှုစားကုန်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် (၂)နေ ဗိုလ်မှူးကြီးဒေါ်ခင်ဖြူပြာ(ဆရက၁/၁၀၀၀)၏မိခင်ကြီး ဒေါ်ခင်ဘန်းသည် ၁၀-၁-၂၀၁၆ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါမည်။

**အမှတ်(၁) တပ်မတော်ဆေးရုံကြီး**
**(ခုတင်-၁၀၀၀)မိသားစု**

## ကျေးဇူးတင်ရှိခြင်း

၈-၁-၂၀၁၆ရက် ည ၈း၂၀နာရီတွင် ဝေါမြို့နယ်၊ ကရင်စုကျေးရွာတွင် ရုတ်တရက် ကွယ်လွန်ခဲ့သော ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ် စိုးထွဋ်ဝင်းနှင့် ဇနီး မညိုလေးမြင့် (M.C.Sc.Tutor)တို့၏နာရေး၌ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူးနှင့်ဇနီး၊ တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ရွှေပြည်သာမှ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးနှင့် တပ်ဖွဲ့ဝင်မိသားစုတို့အားလည်းကောင်း ဝေါမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ Ph.D 10 th Batch ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ သင်တန်းသူ၊ သင်တန်းသားများအားလည်းကောင်း၊ ဝေါမြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံဝန်ထမ်းများ၊ ဝေါမြို့နယ်နာရေး ကူညီမှုအသင်းသားတို့နှင့် လိုအပ်သည်များကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေများအားလုံးနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကိုကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**
**မိဘမိတ်ဆွေများအားလုံး**

## အထူးကျေးဇူးတင်ရှိခြင်း
**ဒုအရာခံဗိုလ်စိန်ဝင်း(ငြိမ်း)**
**လေ-၁၂၁၁၆၊ တပ်မတော်(လေ)မှော်ဘီ**

၅-၁-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး၏နာရေးကိစ္စတွင်အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေများအားလုံး၊ ဖခင်ကြီး၏ လေတပ်မိတ်ဆွေသူငယ်ချင်းများ၊ တပ်မတော်(လေ) အငြိမ်းစားများ(မှော်ဘီ)၊ ဦးအောင်သောင်း(ဘောက်ထော်)မိသားစု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(နေပြည်တော်)မှ အရာရှိအရာခံတပ်ဖွဲ့ဝင်များ၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၅)မှ သူငယ်ချင်များ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ ကျောင်းဆင်းဖက်သူငယ်ချင်းမိသားစုများ၊ အောင်ကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းအဖွဲ့သားများ၊ ဗြိတိသျှကောင်စီမှရုံးအဖွဲ့သားများ၊ EFECT Project မှ ရုံးအဖွဲ့သားများ၊ မြောက်ဒဂုံ(၃၂)ရပ်ကွက်မှ မိတ်ဆွေသူငယ်ချင်းများ၊ ဒေဝူးမှ သူငယ်ချင်းများ၊ ရပ်ဝေး၊ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ဘန်း**
**အသက်(၉၂)နှစ်**

အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးဒေါ်ခင်ဖြူပြာ၏မိခင်ကြီး ဒေါ်ခင်ဘန်းသည် ၁၀-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်ခင်ဘန်း (မြင်းခြံ၊ တောင်သာ)**
**ဂျုံလုပ်ငန်း(စက်မှုစားကုန်)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် (၂)နေ ဗိုလ်မှူးကြီးဒေါ်ခင်ဖြူပြာ (ဆရက ၁/၁၀၀၀)၏ မိခင်ကြီး ဒေါ်ခင်ဘန်းသည် ၁၀-၁-၂၀၁၆ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း၊**
**ဆေးပညာဘာသာရပ်အဖွဲ့ငယ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်လှရီ(ခ)ဒေါ်ဝါး**
**အသက်(၈၅)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုန်သေတ္တာခရီးစဉ်ဌာနမှ လက်ထောက်မန်နေဂျာ ဒေါ်ထွေးထွေးလွင်၏မိခင် ဒေါ်လှရီ(ခ)ဒေါ်ဝါး အသက် (၈၅)နှစ်သည် ၉-၁-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဲအုပ်မြင့်စိုး(ငြိမ်း)**
**အသက်(၆၈)နှစ်**
**သူရအပတ်စဉ် (၁၀)**

သူငယ်ချင်း ဦးမြင့်စိုး (ရဲအုပ်/ငြိမ်း)သည် ၉-၁-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် သူငယ်ချင်းကောင်းရာမွန်ရာရောက်ပါစေ။

**ဖောင်ကြီး သူရ (၁၀) သူငယ်ချင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးအောင်ရီ (မူ/အုပ်-ငြိမ်း)**
**အသက်(၇၁)နှစ်**
**ဖောင်တော်သီ**

၅-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားသောဖခင်ကြီး ဦးအောင်ရီ နာမကျန်းဖြစ်စဉ်က ကုသပေးသော ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် ကူညီပေးကြသော နာရေးကူညီမှုအသင်းများ၊ လူမှုရေးအသင်းများ အငြိမ်းစား ဆရာကြီးများလိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လှူဖွယ်ဝတ္ထုများပေးပို့လှူဒါန်းပေးသူများ၊ အားပေးနှစ်သိမ့်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မေတ္တာထား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တကောဝိဒ**
**သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်အုပ်စု၊ ညောင်တံခါးကျေးရွာ မနောသုခမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁ရက်) ၁၀-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ခုနှစ်၊ ပြာသိုလဆန်း ၇ရက်) ၁၆-၁-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပနကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးတပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဓမ္မာရုံ၊ လမ်းတံတား၊ မုခ်ဦး၊ ကား၊ သောက်ရေကန် ဒါယကာကြီး
**ဦးလှထွန်း (၇၈)နှစ်**
**(ဥက္ကဋ္ဌ-ဝင်းထွန်းမော်တော်ယာဉ်လီမိတက်)**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကံဘဲ့လေးကျေးရွာနေ (ဦးသန်းခင်-ဒေါ်ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသန်းမောင်-ဒေါ်အေးကြူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(စ/၁၅၀)နေ ဒေါ်ခင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော် ထွန်း-ဒေါ်မေမွန်မွန်စိုး၊ (ဦးသိန်းဝင်းကျော်)-ဒေါ်မေသင်းခိုင်တို့၏ချစ်လှစွာသော ဖခင်၊ မောင်ကောင်းမြတ်စိုး၊ မောင်ရဲမင်းအောင်၊ မောင်သီဟဝင့်ဇော်၊ မောင်ပိုင်စိုးထွန်းတို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၀-၁-၂၀၁၆ (တနင်္ဂနွေ နေ့) ညနေ ၆း၂၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၆ (ကြာသပတေးနေ့)တွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၆ (စနေနေ့) တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုဇုန်၊ မြနန္ဒာလမ်း၊ အမှတ်(စ/၁၅၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ဘန်း**
**အသက်(၉၂)နှစ်**

WPG Group of Companies ၏ Chairman / Managing Director (C.E.O) ဦးအောင်ကျော်၏မိခင် ဒေါ်ခင်ဘန်းသည် ၁၀-၁-၂၀၁၆ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Staff, Management and Board of Directors**
**WPG Group of Companies**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်လေးနွယ်**
**အသက် (၇၈)နှစ်**
**ရုပ်ပြောင်စာပေ**

T.T.C (79) Group မှ သူငယ်ချင်းမဇွန်ပွင့်၏မိခင်ကြီး ဒေါ်ခင်လေးနွယ် (၇၈)နှစ် ရုပ်ပြောင်စာပေသည် ၉-၁-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**T.T.C (79) Group လူမှုကူညီရေးအဖွဲ့.**

## ဝမ်းနည်းကြေကွဲခြင်း

သဘောကောင်း၍ ပျော်ပျော်နေတတ်ပြီး ပရဟိတလုပ်ငန်းများအား အားတတ်သရောပါဝင်လှုပ်ရှားတတ်သော ကျွန်တော်တို့၏ သူငယ်ချင်း ကိုငြိမ်းမင်းသန်းထိုက်(ခ)မောင်ထိုက် အသက်(၃၇)နှစ်သည် ၉-၁-၂၀၁၆(စနေနေ့) ည ၉နာရီတွင် ရုတ်တရက်ခွဲခွာသွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲဖြစ်ရပါသည်။

သူငယ်ချင်း မောင်ထိုက် ကောင်းရာသုဂတိလားပါစေ။

**ပရဟိတသူငယ်ချင်းများ(ရန်ကုန်)**

## အထူးကျေးဇူးတင်ရှိခြင်း
**ဒေါ်ရင်နု အသက်(၆၈)နှစ်**
**(B.Arch; 1974/R.I.T)**
**ဒေါ်ရင်စု အသက်(၆၅)နှစ်**
**ဒု-ညွှန်မှူး(ငြိမ်း) စက်မှု(၁)**
**B.E (E.P)R.I.T**

ကျေးဇူးရှင်အစ်မကြီးများဖြစ်ကြသော ဒေါ်ရင်နု(ကွယ်လွန်သည့်နေ့ ၈-၁-၂၀၁၆)နှင့် ဒေါ်ရင်စု(ကွယ်လွန်သည့်နေ့ ၂၀-၁၂-၂၀၁၅)တို့အား နေထိုင်မကောင်းစဉ်ကာလများနှင့် ကွယ်လွန်သည့်အချိန်များတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ထောက်ပံ့နှစ်သိမ့်အားပေးခဲ့ကြပါသော အစ်မကြီးများ၏ R.I.T ကျောင်းနေဖက်သူငယ်ချင်းများ၊ လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်ကွက်သူရပ်ကွက်သားများ၊ ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သူအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမောင်နှမတစ်စု**
**လှိုင်မြို့နယ်**

## အထူးကျေးဇူးတင်ရှိပါကြောင်း

၁-၁-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားသူ ဦးသတိုးအောင်၊ အသက် (၆၇)နှစ် (တရားလွှတ်တော်ရှေ့နေ) B.Sc,RL, D.B.L, D.I.L, D.A(Psy), D.M.L, D.I.R, MPA(Thesis), LLPC, CAES, WIPO (Swizeland), Thadoe law firm (Chairman)၊ မြန်မာနိုင်ငံရှေ့နေအသင်း၏ တွဲဖက်ပြန်ကြားရေးမှူး(၂)၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ (ဥပဒေအကြံပေး)၊ United 45 Co., Ltd (ဥပဒေအကြံပေး)၏ ဈာပနတွင် ဝိုင်းဝန်းကူညီပေးကြသော မြန်မာနိုင်ငံရှေ့နေအသင်းအားလည်းကောင်း၊ ရန်ကုန်ရှေ့နေအသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်းအားလည်းကောင်း၊ United 45 Co., Ltd မှ မိတ်ဆွေများအားလည်းကောင်း၊ SKY Law Firm မှ ဆရာ/ဆရာမများအားလည်းကောင်း၊ Tun Hla Kyi Law Firm မှ ဆရာများအားလည်းကောင်း၊ Aung Soe & Acetop မှ ဆရာ/ဆရာမများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ညီအစ်မများ၊ တူ/တူမများနှင့် ရူပါမြင့်**

## ဦးစိုင်းကျော်မြင့်[၁၃/သပန(နိုင်)ဝဝဝ၂၆၆] မြူနှင်းပွင့်ဆီဆိုင်
## ၉ မိုင်လမ်းခွဲ၊ မန္တလေး-လားရှိုးလမ်း၊ သီပေါမြို့သိစေရန်

လူကြီးမင်းသည် Denko Trading Co.,Ltd ထံမှ စက်သုံးဆီများကို ရောင်းချပြီး ငွေကိုပြန်လည်ပေးသွင်းပါမည်ဟု ဝန်ခံချက်အရ ကုမ္ပဏီက စက်သုံးဆီများကို ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ရောင်းချပြီးစက်သုံးဆီဖိုးငွေများကို Denko Trading Co.,Ltd သို့ ပြန်လည်ပေးသွင်းရန် ကျန်ငွေစုစုပေါင်း ၈၅၃၉၃၈၁ဝ/-(ရှစ်ရာငါးဆယ့်သုံးသိန်းကိုးသောင်းသုံးထောင်ရှစ်ရာတစ်ဆယ်ကျပ်) အနက် ၄ဝဝဝဝဝဝဝ/-(ကျပ်သိန်းလေးရာ)ကို ၃-၉-၂၀၁၅ရက်တွင်လည်းကောင်း၊ ၄၅၃၉၃၈၁ဝ/-(ကျပ်သိန်းလေးရာငါးဆယ့်သုံးသိန်းကိုးသောင်းသုံးထောင့်ရှစ်ရာတစ်ဆယ်တိတိ)ကို ၃၁-၁၀-၂၀၁၅ရက် နောက်ဆုံးထားပေးသွင်းပါမည်ဟု Denko Trading Co.,Ltd ၏အထွေထွေမန်နေဂျာနှင့် သက်သေများရှေ့တွင် လူကြီးမင်းကိုယ်တိုင်ဝန်ခံကတိစာချုပ်ကို ၁၁-၈-၂၀၁၅ရက် က ချုပ်ဆိုပေးခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ကတိအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်နေသည့်အတွက် ၃၁-၁-၂၀၁၆ရက် နောက်ဆုံးထား၍ ကျန်ငွေအားလုံးကို တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးသွင်းရန်ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**Denko Trading Co.,Ltd ၏လွှဲအပ်ချက်အရ-**
**ဦးဟန်ထူး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၇)**
**အခန်း-၂၀၃(A)၊ ဒုတိယထပ်၊ အမှတ်-၅၆၅/၅၆၇၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပထမနေ့ကျင်းပ

## နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော်   ဇန်နဝါရီ ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပထမနေ့ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ယနေ့မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများအဖွဲ့ဝင် ရဲဘော်မျိုးဝင်းက အစုအဖွဲ့များမှ ရွေးချယ်တင်မြှောက်ထားသော ညီလာခံသဘာပတိ(၄၅) ဦးကို ဖတ်ကြားတင်သွင်းပြီး ညီလာခံကိုယ်စားလှယ်များ၏ဆန္ဒကို ရယူအတည်ပြုသည်။

ထို့နောက် ညီလာခံပထမနေ့ အကျိုးဆောင်သဘာပတိများအဖြစ် အစိုးရကိုယ်စားလှယ်များအစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လွှတ်တော်များမှကိုယ်စားလှယ်များအစုအဖွဲ့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

ယနေ့ **မာတိကာ**

နိုင်ငံခြားခရီးသွားများဖြင့် စည်ကားနေသော မင်းကွန်းဒေသ
စာမျက်နှာ - ၂

လျှပ်စစ်ရထားပြေးဆွဲသည့် ကမ်းနားလမ်းတစ်လျှောက် ဈေးရောင်းချခြင်းနှင့် ယာဉ်ပြင်လုပ်ငန်းများ ထိန်းသိမ်းပေးရန် လိုအပ်
စာမျက်နှာ - ၁၁

အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပြဋ္ဌာန်း
စာမျက်နှာ - ၁၅



## စီရိုနယ်လ်ဒိုနှင့် နေမာတို့အား ကျော်ဖြတ်ကာ

## မက်ဆီ

## ဘလွန်းဒီအောဆု ငါးကြိမ်မြောက် ဆွတ်ခူး

စာမျက်နှာ - ၃၂




themirror.npt@gmail.com
www.facebook.com/themirrordaily